

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၀၄၇၀၇၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၀၇၆၀၈၀၉

ပုံနှိပ်ခြင်း — ဩဂုတ်၊ ၂၀၀၉

ထုတ်ဝေသူ

ဦးစန်းမွန်အောင်
(ငါတို့စာပေ)
75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးပုံနှိပ်သူ

ဒေါ်မေသက်နိုင်(ပြည့်စုံပုံနှိပ်တိုက်)

အတွင်းပုံနှိပ်သူ

ဦးအေးမြင့်ဝင်း(ကာလာဖုံနှိပ်တိုက်)

အုပ်ရေ
၅၀၀

တန်ဖိုး — ၁၄၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃
ဒဏ္ဍကျော်စွာ
ကြောင်မျက်ရှင်/ဒဏ္ဍကျော်စွာ-ရန်ကုန်။
ငါတို့စာပေ။ ၂၀၀၉။ ၁၅၉ - စာ။
၁၁ စင်တီမီတာ X ၁၇.၅ စင်တီမီတာ

BURMESE CLASSIC .com



ပုံမှန်အားဖြင့် အေးမြငြိမ်းချမ်းသော ညဦးယံ အချိန်အခါဖြစ်ပါသည်။

မှုန်ပြပြ လရောင်အောက်တွင် တစ်လောကလုံး တိတ်ဆိတ်ငြိမ်သက်စွာ အိပ်မောကျနေ၏။ သို့သော် နေရာကွက်ကွက်ကလေးတစ်ခုတွင်တော့ ငရဲပွက်မတတ် ဆူညံလှုပ်ရှားနေကြသည်။ လုလင်ငယ် နှစ်ယောက်မှာ အသက်လု၍ သေပြေး ရှင်ပြေး ပြေးနေကြလေသည်။

ထိုလုလင်ငယ် နှစ်ယောက်နောက်တွင်မူ လူအုပ်ကြီးတစ်အုပ်သည် ညာသံပေးကာ မျက်ခြေပြတ်မခံပဲ လိုက်ပါလာကြလေ၏။ မီးတုတ်များ ကိုင်မြှောက်ကာ

www.burmeseclassic.com

www.burmeseclassic.com



ပြေးလိုက်လာကြသော ရွာသားများ၏ လုံသွား အရောင်တို့မှာ အဝေးကပင် အသဲယားစဖွယ် မြင်နိုင် လောက်အောင် တလက်လက် တောက်ပနေသည်။ သူတို့ နှုတ်မှလည်း …

“လိုက်ဟေ့ … လိုက် … နွားသူခိုး နှစ်ကောင်၊ မလွတ်စေနဲ့”

“မိတာနဲ့တစ်ခါတည်း အသေသတ်ပစ်”

ဟူ၍ ဒေါသတကြီး အော်ဟစ်နေကြသည်။ ထိုစဉ် ညဉ့်ငှက်တစ်ကောင်သည် ရှေ့မှပြေးနေသော လုလင်ငယ်နှစ်ယောက်၏ ခေါင်းပေါ်မှ ဖြတ်ကာ ရှူးရှူးဝါးဝါး အော်မြည်သွားသည်။

ငှက်ဆိုးအော်မြည်သံ ထွက်ပေါ်ပြီး မရှေးမနှောင်းမှာပင် လုံတံတစ်စင်း၏ လေအဟုန်ကိုခွင်း၍ ပျံသန်းလာသောအသံကို ကြားလိုက်ရသည်။ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်မိသော လုလင်ငယ်သည် သူ့နံဘေးမှ ယှဉ်ပြေးနေသော သူငယ်ချင်းဖြစ်သူအား အော်ဟစ်သတိပေးလိုက်သည်။



“မောင်ခြိမ့် … သတိထား၊ နောက်မှာ …”

ထိုသို့ သ ိပေးခြင်းနှင့် တစ်ဆက်တည်းပင် သူငယ်ချင်းဖြစ်သူ၏ နောက်ကျောဘက်ကိုလည်း အလျင်အမြန် တွန်းဖယ်ကာကွယ်လိုက်သည်။ လုံလာရာ လမ်းကြောင်းတည့်တည့်သို့ သူ ဝင်ခံလိုက်သလို ဖြစ်သွားခဲ့သည်။

“အား …”

လုလင်ငယ်တစ်ဦး၏ နှုတ်မှ နာနာကျင်ကျင် ညီးညူလိုက်သံ တစ်ခွန်းတစ်စ ပျံ့လွင့်လာခဲ့သည်။ နံဘေးမှလုလင်ပျိုမှာ ယင်းကိုကြားသော်လည်း အသေအချာ အရေးမစိုက်နိုင်ရှာ။ သူတို့နှစ်ယောက်လုံး၏ပင် ပြေးလွှားနေသော အရှိန်ကိုလည်း လျှော့မချရဲပဲရှိကြလေ၏။

သေးဘေးကို ကြောက်ရွံ့စိတ်ဖြင့် အစွမ်းကုန် ပြေးလွှားခဲ့သည်မို့ နောက်မှ လိုက်လာသော ရွာသားများ၏ အသံမှာ တစစဝေး၍ ကျန်ခဲ့လေပြီ။ ထိုစဉ်မှာပင် ပြေးနေသော လုလင်နှစ်ယောက် အနက်မှ တစ်ယောက်

www.burmeseclassic.com



သည် တစ်စစ ဒူးများခွေညွတ်ကာ ယိုင်ကျလာခဲ့သည်။ အားအင်ကုန်ခမ်းနေသော အသံခပ်ယဲ့ယဲ့ဖြင့် ညီးညူလိုက်ရင်း …

“မောင်ခြိမ့် … ပြေးတော့ သူငယ်ချင်း၊ ငါ မရတော့ဘူး”

မောင်ခြိမ့်ဆိုသူမှာ ယခုမှပင် သူငယ်ချင်းကို အသေအချာ ကြည့်မိတော့သည်။ သူငယ်ချင်း၏ နောက်ကျောတွင် ထိုးဖောက်စိုက်ဝင်နေသော လှံတံကိုကြည့်ကာ သူ ယူကျုံးမရအောင် ဖြစ်သွားခဲ့ရသည်။

“ကံလှရာ … ဖြစ်ရလေကွာ၊ တောက်”

“သွား … မင်းပြေးတော့၊ ငါ့ကိုထားခဲ့တော့”

“ငါ မင်းကို မထားခဲ့နိုင်ဘူး၊ မင်း အခုလိုဖြစ်ရတာ ငါ့ကြောင့် …”

“ဒါတွေ ပြောမနေနဲ့တော့ သူငယ်ချင်း၊ ရွာကို ရောက်အောင်ပြေး”

“မင်းနဲ့ငါ သေအတူ ရှင်မကွာ နေလာတာ၊



ငါ မဟုတ်တာတွေ ကြံစည်မိလို့ မင်းက ခားစာခံဖြစ်ရတာ၊ တကယ်က မင်းအစား ငါဖြစ်ရမှာကွ ငါကမကောင်းတာ”

ကံလှမှာ စကားခွန်းတုံ့ပြောရန်ပင် အားမရှိရှာတော့။

မောင်ခြိမ့်က တစ်ကိုယ်လုံးသွေးတို့ဖြင့် ရွှဲနစ်နေသည့် သူငယ်ချင်း ကံလှအား ကောက်ပွေ့ချီ၍ ပခုံးပေါ်ထမ်းကာ တောလမ်းအတိုင်း ရွာသို့ ပြေးခဲ့၏။

အတော်ပင်ဝေးလှမ်းသောခရီး ဖြစ်သော်လည်း သူငယ်ချင်းတည်းဟူသောဇောက မောင်ခြိမ့် ခြေလှမ်းများကိုသွက်စေခဲ့သည်။ ရွာနှင့်မလှမ်းမကမ်း အရောက် တောစပ်မှ လက်ပံပင်အောက်တွင်သာ မောလွန်းလှ၍ တစ်ထောက်နားခဲ့သည်။ သူငယ်ချင်းဖြစ်သူကို ပခုံးပေါ်မှချစဉ် မောင်ခြိမ့်စိုးရိမ်တကြီး ကြည့်လိုက်မိ၏။

ကံလှမှာ အသက်ငွေ့ငွေ့သာ ကျန်တော့သည်။ သူ့စိတ်ထဲထိတ်ကနဲဖြစ်သွားပြီး ကံလှကို ခေါ်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကံလှ … သူငယ်ချင်း … ကံလှ"

သေငယ်ဇောနှင့် မြော်နေသော ကံလှမှာ အသက်ကို ခက်ခဲပင်ပန်းစွာ ရှူရှိုက်နေရင်းမှ …

"ငါ မနေရတော့ပါဘူး … သူငယ်ချင်းရယ်၊ ရွာကိုသာ ရောက်အောင်ပြန်ပါ၊ ငါ့ကို ဒုက္ခခံပြီး မခေါ်ပါနဲ့တော့"

"ဘယ်လိုပြောလိုက်တာလဲ သူငယ်ချင်းရယ်၊ မင်းနဲ့ငါက ဘဝတူ မိမဲ့ ဖမဲ့ မျက်နှာမွဲတွေပါ၊ မင်း အခုလိုဖြစ်နေတာကို ငါထား ရက်နိုင်ပါ့မလား"

မောင်ခြိမ့် ဝမ်းနည်းကြေကွဲစွာ ဆိုမိသည်။ ကံလှသည် သေလုမျောပါး ဖြစ်နေရင်းမှ အားတင်းကာ ယဲ့ယဲ့ပြုံးရှာသည်။

"ငါ ကျေနပ်တယ် သူငယ်ချင်း၊ မင်းအပေါ်မှာ တာဝန်ကျေအောင် ငါလုပ်ခဲ့ပြီးပြီ၊ မင်းကို အချိန်မီ ကာကွယ်လိုက်နိုင်လို့ ငါ ကျေနပ်တယ်၊ ငါ့ဘဝက သေသွားတာတောင်မှ



သူငယ်ချင်းကောင်း ပီသနိုင်တဲ့အတွက် အဓိပ္ပာယ်ရှိသောသေခြင်းပါကွာ …"

"တော်ပါတော့ သူငယ်ချင်းရယ်၊ ငါတို့ရွာကို ဆက်သွားမယ်၊ မင်း ဘာမှမဖြစ်ဘူး၊ အားတင်းထားနော်"

မောင်ခြိမ့်စကားကြောင့် ကံလှ ခေါင်းခါပြပြီး

"ငါ့ကိုယ်ငါ သိပါတယ်၊ မင်း အရှုံးမလာခင် ရွာကိုရောက်အောင်ပြန် … ငါ့ကို ဒီနေရာမှာပဲ ထားခဲ့ပါတော့၊ ငါမရှိတဲ့ နောက်ပိုင်း ငါ့ … နှမလေး … ကို …"

ကံလှ ပြောရင်းမှ ခေါက်ကျိုးကျသွားသည်။ မောင်ခြိမ့် ကံလှအလောင်းကို ပွေ့ယူလိုက်သည်။ ကံလှ၏ သက်မဲ့ခန္ဓာကိုယ်ကို ပိုက်ရင်း နှုတ်မှ တီးတိုး ရေရွတ်လိုက်၏။

"ငါ့ကို အသက်နဲ့လဲ ကာကွယ်သွားတဲ့ မင်းကို ငါ တစ်သက်လုံး သတိရနေမှာပါ၊ မင်း ကျေးဇူးတွေ ငါပြန်ဆပ်ခွင့် ကြုံမှာပါ ကံလှရယ်၊

www.burmeseclassic.com

www.burmeseclassic.com



မင်းပြောသွားတဲ့စကားကို ငါနားလည် ပါတယ်၊ ကျန်ခဲ့တဲ့ မင်းနှမလေးကို ငါ မင်းကိုယ်စား စောင့်ရှောက်ပါ့မယ်၊ ငါ မင်းကို ကတိပေးပါတယ်ကွာ''

အရှေ့ဘက်တောင်တန်းတွင် နီကျင်ကျင် အရောင်သမ်းလာသည်။ ပို့အန်လာသော အလင်းရောင်သည် ကောင်းကင်တစ်ခြမ်းကို ဖြန့်ကျက်လွှမ်းခြုံထား၏။ ရောင်နီပျိုးချေပြီ။ အရုဏ်လာတော့မည် ဖြစ်သည်။ သူငယ်ချင်းဖြစ်သူမှာကား ဘဝနေဝင်သွားခဲ့ရှာလေပြီ။ မောင်ခြိမ့်သည် သက်မမောကို လေးတွဲ့စွာ ချရင်း သူငယ်ချင်းကံလှ၏ အလောင်းကို ထမ်းကာ ရွာဘက်သို့ လှမ်းခဲ့လေတော့၏။

★



''ဖြစ်ရလေ မောင်ကြီးရယ် ... မောင်ကြီးကို ဒီလို လွယ်လွယ်ကူကူနဲ့ ဘဝဇာတ်သိမ်းလိမ့်မယ်လို့ မထင်မိဘူး၊ ကျွန်မက ကျွန်မ မောင်ကြီးကို သိပ်အထင်ကြီးတာ၊ တကယ်ကြီးမြတ်တဲ့သူအဖြစ် မြင်ရလိမ့်မယ်ထင်ခဲ့တယ်၊ ခု တော့ ဘယ်လို ဖြေရမှာလဲ''

မိန်းကလေးသည် တခြားသူတွေလို အပြင်းအထန် ရှိုက်၍မငို။ အံကိုကြိတ်ထားရက်မှ မျက်ရည်တွေတွေကျရင်း တစ်ခွန်းချင်းစကားတို့ ဆိုနေချေ၏။

တီးတိုးပြောနေသောအသံသည်ပင် သူ၏ နှလုံးသားကို ဆွဲကိုင်လှုပ် ရမ်းလိုက်သကဲ့သို့ ခံစားလိုက်ရ၏။ မိန်းကလေးအား နှစ်သိမ့်အားပေးရန် စကားတို့မှာ ရှားပါးလှချေပြီ။

''ရွှေမြို့တော်မှာ အမှုထမ်းချင်လှချည်ရဲ့ဆို၊ တောစွန်ဇနပုဒ်မှာ တောင်ယာမလုပ်ချင်ဘူးတဲ့၊ ရွှေနန်းတော်နဲ့ နီးတဲ့ မြို့နားမှာ နေမယ် ဆိုပြီး ထွက်လာခဲ့တာ၊ ခုတော့ သူစိမ်းအလယ်

www.burmeseclassic.com

www.burmeseclassic.com



မှာ မိခင်တ္တာတစ်ယောက်တည်း ထားခဲ့ရက်ပါ့ အစ်ကိုကြီးရယ်"

"မောင်ကြီးတစ်ယောက်လုံး ရှိပါသေးတယ် နှမရယ်၊ နှမကို မောင်ကြီး တစ်သက်လုံး စောင့်ရှောက်ပါ့မယ်လို့ ကတိပေးပါတယ်"

မောင်ခြိမ့်စကားအဆုံးမှာ မိန်းကလေးသည် မောင်ခြိမ့်မျက်နှာသို့ ဖျပ်ကနဲ မော့ကြည့်လာသည်။

"ဒီစကားဆိုဖော်ရလို့ ကျေးဇူးတင်ပါတယ်ရှင်၊ နို့ပေမယ့် ရှင့်မလဲ ကျွန်မတို့လို အလုပ်အကိုင် ရှာဆဲ မဟုတ်လား၊ တစ်ဒုက္ခက နှစ်ဒုက္ခ ဖြစ်ပါ့မယ်လေ"

မိန်းကလေး၏ စကားကြောင့် မောင်ခြိမ့် တွေဝေ ငေးမောသွားရသည်။ သို့သော် ဒီတာဝန်ကိုတော့သူ ယူမှဖြစ်ပေမည်။

"ဒီလိုပဲ ကြုံရာကျပန်း လုပ်စားတာပေါ့ နှမရယ်၊ ရွာထဲမှာ သူရင်းငှားအလုပ်တစ်ခုတော့ ရတန်ကောင်းပါရဲ့၊ နှမနဲ့အတူ ဒီအိမ်မှာပဲ နေ



ပြီး လုပ်ကိုင်စားသောက်ရတာပေါ့၊ ကံလှကို မောင်ကြီး ကတိပေးခဲ့ပြီးပြီ၊ သူ မရှိတော့ရင် နှမ ကို စောင့်ရှောက်ပါ့မယ်လို့ ..."

"နှမနဲ့ တစ်အိမ်တည်း အတူနေဖို့က သွေးမ တော် သားမစပ်နဲ့ အရပ်ကကဲ့ရဲ့ရင် ဘယ်လို လုပ်မလဲ မောင်ကြီးရယ်၊ အစ်ကိုကြီးကလည်း ရှိတော့တာမဟုတ်ဘူး"

"ကံလှ မရှိတော့ပေမယ့် မောင်ကြီးကို အစ်ကို တစ်ယောက်လို သဘောထားပါကွယ်၊ ခင်တ္တာ ကို နှမလေးအရင်းလို စောင့်ရှောက်မှာပါ"

မောင်ခြိမ့်စကားကြောင့် ခင်တ္တာမှာ မျက်နှာ ပျက်သွားပြီး ...

"နှမပြောတာ ဒီသဘောမဟုတ်ပါဘူး မောင် ကြီးရယ်၊ မောင်ကြီးကို ယုံလည်း ယုံကြည် တယ်၊ အားလည်း ကိုးပါတယ်၊ သူများတွေ ကဲ့ရဲ့မှာကိုပဲ စိုးတာပါ"

"ဒီအတွက်တော့ မပူပါနဲ့ နှမရယ်၊ အရပ်က

www.burmeseclassic.com

www.burmeseclassic.com



မေးရင် နှမနဲ့ မောင်ကြီးတို့ဟာ ဝမ်းကွဲ မောင်နှမတွေ တော်တယ်လို့ ပြောထားလိုက်ရင် ဖြစ်နိုင်လိမ့်မယ်ထင်ပါတယ်''

''မောင်ကြီးကောင်းသလိုသာ စီစဉ်ပါတော့၊ တကယ်တမ်းပြောရရင် ခတ္တာလည်းဘာမှ မလုပ်တတ်တော့ပါဘူး၊ ဒီနေ့ကစပြီးမောင်ကြီးဟာ ခတ္တာရဲ့အစ်ကို ဖြစ်သွားပါပြီ၊ မောင်ကြီး စီမံသမျှ ခတ္တာနာခံပါ့မယ်ရှင်''

ခတ္တာ၏စကားအဆုံးတွင် မောင်ခြိမ့် သက်မကြီးတစ်ခုကို ချလိုက်မိသည်။ ကံလှကိုယ်စား ခတ္တာကို သူ စောင့် ရှောက်ခွင့်ရပြီဖြစ်သည်။ အတတ်နိုင်ဆုံး သူ တာဝန် ကျေချင်သည်လေ။

♣ ♣ ♣



မမျှော်လင့်သောအဖြစ်အပျက်သည် နောက်ထပ် များမကြာမီမှာပင် ဖြစ်ပျက်ခဲ့ရလေ၏။

ကံလှဆုံးပြီး ရက်လည်သောနေ့တွင် သူနှင့် ခတ္တာ ဘုန်းကြီးကျောင်းသို့ ရက်လည်ဆွမ်းပို့ကြသည်။ ကျောင်းရောက်သော် ဆရာတော်ထံမှသီလယူပြီး ကံလှအတွက် ရည်စူးပြုလုပ်သော ကုသိုလ်ကောင်းမှုတို့ကို အမျှအတန်း ပေးဝေကြ၏။

ထို ဘုန်းကြီးကျောင်းဘေး တောင်ကုန်းလေးပေါ်တွင် လွမ်းစေတီလေးတစ်ဆူရှိ၏။ ဘာရယ်မဟုတ်ပဲ ဘုန်းကြီးကျောင်းမှ အပြန်တွင် သူနှင့် ခတ္တာတို့ စေတီ

www.burmeseclassic.com

www.burmeseclassic.com



တော်ကိုဖူးရန် တောင်ကုန်းလေးပေါ်သို့ တက်ဖြစ်ခဲ့ကြသည်။

ရင်ပြင်တော်ပေါ်ရောက်သော် ခတ္တာက ကျုံ့ကျုံ့လေး ထိုင်ကာ ဘုရားဝတ်ပြုသည်။ သူကတော့ ခတ္တာကို ငေးမိရင်း အတွေးတွေပွားနေမိ၏။ အသက်အရွယ်အား ဖြင့် ငယ်ရွယ်နုနယ်လှသော်လည်း လောကဓံ၏ အထုအထောင်းကို ခါးစည်းခံခဲ့ရရှာသော မိန်းကလေး။ သူမ၏ အသွင်သည် ရက်အနည်းငယ်လေး အတွင်းမှာပင် ယခင်ကနှင့်ပြောင်းလဲကာ သိသိသာသာ ရင့်ကျက် တည်ငြိမ် သွားခဲ့ချေ၏။

ကံလှနှင့် ခတ္တာ မောင်နှမမှာ လူမမယ်အရွယ်ကတည်းက မိဘများတိမ်းပါးခဲ့ရသူများမို့ အစ်ကိုနှင့်နှမနှစ်ယောက်ထဲရယ်သာလေ။ အခုလို တစ်ဦးတည်းသော တွယ်တာစရာဆုံးပါးသွားတော့ ခမျာအတော်လေးခံစားရပေမည်။

သူ့ဘဝကရော ဘာများထူးပါသလဲ။ မောင်ငြိမ့်ဆယ်နှစ်သား အရွယ်မှာ မိဘနှစ်ပါးလုံး ဓားပြများသတ်



၍ သေခဲ့ရသည်။ ကံလှနှင့် ဘဝတူချင်း ပေါင်းသင်းခင်မင်ခဲ့ရသည်။ ခုတော့ သူ့ပယောဂကြောင့် ကံလှမှာ တစ်ဦး တည်းသော နှမလေးကို ထားခဲ့ကာ သေရွာသို့ သွား ရရှာပြီ။

“မောင်ကြီး … ဘာတွေစဉ်းစားနေတာလဲ”

အနီးကပ်ခေါ်လိုက်သော ခတ္တာအသံကြောင့် သူ သတိဝင်လာသည်။

“ဘာမှမဟုတ်ပါဘူး နှမရယ်၊ အလုပ်အကြောင်း စဉ်းစားနေတာပါ”

“ဒါနဲ့ မောင်ကြီး ဘုရားဝတ်ပြုပြီးပြီလား”

“ပြီးပါပြီ၊ နှမရော ဘာတွေဆုတောင်းနေတာတုန်း”

“အစ်ကိုကြီးလည်း ကောင်းရာဘုံဘဝရောက်ပါစေ … ပြီးတော့ …”

ခတ္တာက သူ့မျက်နှာကို ပြုံးပြုံးလေး မော့ကြည့်သည်။

“ပြီးတော့ ဘာဆုတောင်းသေးလဲ နှမရဲ့”

www.burmeseclassic.com

www.burmeseclassic.com



"ဟောဒီက မောင်ကြီးနဲ့ နှမ တစ်သက်လုံး အတူတူနေသွားရပါလို၏ လို့ ..."

ခတ္တာစကားကြောင့် သူ လိုက်လှဲစွာ ပြုံးလိုက်မိသည်။

"နေရမှာပေါ့ နှမရယ်၊ တစ်သက်လုံး ... ဘာလို့ ခွဲရမှာလဲ"

"တစ်ယောက်ကတော့ အပြီးတိုင်ခွဲသွားခဲ့ပါပြီ၊ မောင်ကြီးပါ နှမကို ထားခဲ့ရင် နှမလည်း လောကထဲမှာ ဘယ်လို အသက်ရှင်ရမယ်ဆိုတာတောင် သိမှာမဟုတ်တော့ပါဘူး"

ခတ္တာ၏ ဆွေးမြွေ့စွာ ပြောလိုက်သော စကားလေးမှာ သူ့ရင်ကို ထိခိုက်စေသည်။ 'ဖြစ်မှ ဖြစ်ရလေ နှမရယ်' လို့ စိတ်ထဲမှာ တီးတိုးရေရွတ်လိုက်မိ၏။

သက်ပြင်းကို ခပ်ဖွဖွချရင်း ...

"ကဲ ... စိတ်မကောင်းစရာတွေ မေ့လိုက်ကြပါစို့ရဲ့၊ မောင်ကြီးတို့လာတာလည်း ကြာပြီ၊ ပြန်ကြဦးစို့လား"



ပြောပြောဆိုဆို မောင်ခြိမ့်က ရှေ့ကမှဦးဆောင်ကာ ဘုရားကုန်းတော်ပေါ်မှ ဆင်းခဲ့ကြလေ၏။ တောင်ကုန်းခြေရင်းတွင် ဇရပ်ငယ်တစ်ဆောင်ရှိသည်ကို မောင်ခြိမ့်အလာကတည်းက တွေ့မိခဲ့သည်။ သို့သော် သတိမမူဖြစ်ခဲ့။

အပြန်ကျမှ သေချာကြည့်မိတော့ ထိုဇရပ်ပေါ်ထိုင်နေသော အဘိုးကြီးတစ်ဦးကို တွေ့လိုက်ရ၏။အဘိုးကြီးသည် တစ်ခေါင်းလုံး ဆံပင်များ ဆွတ်ဆွတ် ဖြူနေပြီး မျက်ခုံးဖြူဖြူများအောက်ဝယ် တောက်ပလှသော မျက်လုံးများနှင့်ဖြစ်၏။

ရိုးရိုးလေးနေထိုင်သော်လည်း သူ့အသွင်မှာ ထူးခြားသည်ဟု ထင်မိသည်။ အဘိုးအိုက သာမန်မျှသာ ငေးမောကြည့်နေသည် ဖြစ်သော်ငြား မောင်ခြိမ့် တစ်ကိုယ်လုံးကို ထွင်းဖောက်မြင်နေသလို ခံစားလိုက်မိသည်။

သူ့ရင်ထဲတွင် တစ်မျိုးဖြစ်သွားခဲ့ပြီး ခတ္တာကို အိမ်သို့ အရင်ပြန်နှင့်စေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နမရေ အရင်ပြန်ချေတော့ကွယ်၊ မောင်ကြီး ကိစ္စလေးတစ်ခုရှိနေလို့ နောက်မှလိုက်ခဲ့မယ်"

"သြော် ဟုတ်ကဲ့ပါ မောင်ကြီး"

ခတ္တာ မြင်ကွင်းမှပျောက်ကွယ်သွားသည်နှင့်ပင် မောင်ခြိမ့်မှာ အအိုးအိုဖိုင်နေသော ဇရပ်သို့ဝင်လိုက်၏။

အေးအေးလူလူထိုင်နေသော အဘိုးကြီးရှေ့ ရောက်သည်နှင့်ပင် မောင်ခြိမ့်မှာ သူ့အကျင့်အတိုင်း စိတ်ထဲရှိရာကို ဘွင်းဘွင်းပြောလိုက်လေသည်။

"အဘ … အဘကို မြင်လိုက်ရတာ တစ်ခု ခု ထူးခြားနေသလိုပဲ"

မောင်ခြိမ့်စကားအကြားတွင် အဘိုးကြီးမှာ ပါး စောင်တွင် ငုံထားသော ကွမ်းကို ထွေးထုတ်လိုက်၏။

"လူလေးကို မြင်ရတာလည်း အဘအတွက် ထူးခြားနေတယ်"

"ခင်ဗျာ …"

"လူလေးဟာ သာမန်လူတစ်ယောက် မဖြစ် နိုင်ဘူး၊ အတိသယဝုတ္တိလူစားမျိုးပဲကွဲ့"



"အဘပြောတာ ကျွန်တော်နားမလည်ဘူး"

"အိမ်း …ငါထင်ရင် လွဲခဲတယ်၊ ကဲပါလေ ဒါတွေ နောက်မှပြောကြတာပေါ့၊ ဒီညက "

အဘိုးကြီးသည် တစ်စုံတစ်ရာကို အလေး အနက်တွေးသလို မျက်ခုံးနှစ်ဖက် ထိလုမတတ် ကျုံ့ ပြီး စဉ်းစားလိုက်၏။ ပြီးမှ …

"ဒီည မင်း အဘဆီကို ပြန်လာခဲ့ဦး၊ ဒီ ဘုန်း ကြီးကျောင်းမှာ အဘက ကပ္ပိယကြီးပေါ့ကွယ်၊ ခဏနေရင် စေတီတော်ကို သန့်ရှင်းရေး လုပ်ရ ဦးမယ်၊ ညရောက်ရင်သာ ဒီဇရပ်ကို မင်းလာ ဖြစ်အောင် လာခဲ့ပါ"

အဘိုးကြီး၏ စကားအဆုံးမှာ သူ တစ်ခုခုထူး ဆန်းတာတွေ ကြုံရတော့မည်ကို သိလိုက်သကဲ့သို့ဖြစ်မိ၏။

အသေအချာ လာဖြစ်အောင် လာခဲ့ပါ့မယ်ဟု ကတိပေးပြီး ပြန်ခဲ့လေတော့သည်။ အပြန်လမ်းတွင် အဘိုးကြီး၏ ရှုးရှုတောက်ပသော မျက်ဝန်းအကြည့်ကို ပြန်မြင်ယောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင်များ သူ့ကို တိုသို့ကြည့်သလဲ စဉ်းစားမရ။ ပြောလိုက်တဲ့ စကားတွေကလည်း အဆန်းသား။ ဘာပဲဖြစ်ဖြစ် ဒီညတော့ သိရလိမ့်မည် ထင်သည်။

♣ ♣ ♣



"သြော် …မင်းရောက်လာပြီကိုး

ဟစ်ချက်ဟစ်ချက် လေအငွေ့တွင် ရှုရှိုက်မိသော ဆောင်တော်ကူးရနံ့သည် အဘိုးကြီး ထိုင်နေသော ဇရပ်ဘေးမှ ဖြစ်လိမ့်မည်။ အဘိုးကြီးသည် သူ့အလာကို မျှော်နေဟန်ရှိသည်။ ဇရပ်အတွင်း ဝင်မိသည်နှင့် ခရီးရောက်မစိုက် လှမ်းပြောလိုက်သံက စောင့်မျှော်နေဟန် ပေါ်လွင်လှသည်။

"ထိုင်ကွဲ့ … အဘ မင်းကို မျှော်နေတာ၊ ရောက်မှ ရောက်လာပါ့မလားလို့"

"ကျွန်တော့်ကို ခေါ်လိုက်ရတဲ့အကြောင်းက"

www.burmeseclassic.com

www.burmeseclassic.com



"ထူးခြားလှတဲ့ မင်းရဲ့ အင်္ဂါရုပ်ကြောင့်ပေါ့ ကွယ်၊ မင်းရဲ့ မျက်လုံးတွေဟာ သိမ်းငှက် တစ်ကောင်လို စူးရဲတောက်ပတယ်၊ စွန်ရဲ လိုလည်း လျှင်မြန်ဖျတ်လတ်တယ်၊ ခု မင်း ရောက်လာတဲ့အချိန်ဟာ ကောင်းကင်မှာစောရ နက္ခတ် ထွန်းလင်းတဲ့အချိန်ပဲ၊ ဂြိုဟ်သွား ဂြိုဟ် လာတွေအရဆိုရင် ဒီည ကောင်းကင်မှာပူးယှဉ် တဲ့ နက္ခတ်တွေဟာ စောရနက္ခတ်နဲ့ပဲ ယှဉ် တယ်၊ ဒီတော့ … ငါ့အထင် မင်းဟာ သူခိုး တော်ကြီး တစ်ယောက်ပဲ ဖြစ်ရမယ်"

အဘိုးကြီး၏ စကားအဆုံးမှာ သူ စိတ်လှုပ် ရှား အံ့သြသွားရသည်။

"မဖြစ်နိုင်ဘူး ကပ္ပိယကြီး၊ ကျွန်တော်ဟာ ကပ္ပိယကြီးပြောသလို သူခိုးမဟုတ်ဘူး"

"ကဲပါလေ … သူခိုး ဟုတ်မဟုတ် သိရ အောင် မင်းရဲ့ဇာတာကို စစ်ကြည့်တာပေါ့၊ မဟုတ်ဘူးဆိုလည်း ကောင်းတာပါပဲ၊ သူခိုး



ဆိုတာ လောကကြီးမှာ ရှိသင့်တဲ့သတ္တဝါ မဟုတ်ဘူးလေ"

အဘိုးကြီးက သူ၏မွေးနှစ်၊ မွေးနံများကို မေး မြန်းကာ ပေပေါ်တွင် ရေးချ၍ တွက်ချက်လေတော့ သည်။ တွက်ရင်းမှ ကောင်းကင်သို့လည်း မကြာခဏ မော့ကြည့်တတ်လေ၏။ ပြီးမှ ခေါင်းတစ်ချက်ညိတ်၍

"ဟုတ်တယ် မင်းဟာ သူခိုးတစ်ယောက်ကလွဲ လို့ ဘာမှကို မဖြစ်နိုင်ဘူး"

အဘိုးကြီး၏ စကားမှာ သူ့နားထဲတွင် ပဲ့တင် ထပ်သွားသည်။

"တနင်္လာသားဖြစ်တဲ့ မင်းဟာ မရဏဖွား လည်း ဖြစ်တယ်၊ မရဏဖွားရဲ့ သဘောက 'ငယ်က နာကြီး၊ ဖြစ်ပြီး သေကြေ၊ မသေပြန် လည်း မင်းဖြစ်ရ၏' တဲ့၊ မင်းဟာ သူခိုးအ တတ်ကြောင့် အသက်အန္တရာယ် ထိခိုက်မယ်၊ သေမယ်ပေါ့၊ အဲ … မသေခဲ့ရင်လည်း မင်း ဖြစ်မယ်၊ ဒါမှမဟုတ် မင်းနဲ့တူတဲ့ စည်းစိမ်၊

www.burmeseclassic.com

www.burmeseclassic.com



အဆောင်အယောင်နဲ့ မြှောက်စားခြင်း ခံရမယ်”

“ကျွန်တော် သူခိုးမဖြစ်ချင်ပါဘူး အဘရယ်၊ ဒီမကောင်းတဲ့အလုပ်ကြောင့် ကျွန်တော့်ရဲ့ အချစ်ဆုံးသူငယ်ချင်းလည်း သေခဲ့ပြီးပါပြီ”

မောင်ခြိမ့်မှာ သူနှင့် ကံလှတို့ နွားသွားခိုးမိရာမှ ကံလှ အသက်ဆုံးရပုံကို အဘိုးကြီးအား ရှင်းပြလိုက်သည်။ အဘိုးကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍ ...

“သေသွားတဲ့ လူလေးသူငယ်ချင်းရဲ့ နာမည်က ကံလှတဲ့လား”

“ဟုတ်ပါတယ် အဘ၊ ကံလှပါ”

အဘိုးကြီးသည် သက်ပြင်းရှည်ကြီးတစ်ချက်ချလိုက်ပြီး -

“အင်း ... ကံလှ ... ကံလှ ... စောရနက္ခတ်နဲ့ မွေးတဲ့ မရဏဖွားနဲ့ ပေါင်းမိကာမှ ကံအကြောင်းမလှ ဖြစ်ရရှာပါလား”

“ဒါဆို ကံလှသေရတာ ...”



“ကံလှက မင်းကိုယ်စား ခံသွားရတဲ့သဘောပဲပေါ့၊ သူက ကံနိမ့်တော့ အသက်စတေးသွားရတာပေါ့ကွာ”

အဘိုးကြီးစကားကြောင့် သူ အလွန် ထိတ်လန့် တုန်လှုပ်သွားရ၏။ သူငယ်ချင်းအတွက်လည်း စိတ်မကောင်းဖြစ်ရသည်။

“မှတ်ထား လူလေး၊ အသက်ဉာဏ်စောင့် ဥစ္စာကံစောင့်သတဲ့၊ ဒီတော့ ကိုယ့်အသက်ကို နှမြောတယ်ဆိုရင် အမြဲသတိရှိရမယ်၊ ဉာဏ်နဲ့ယှဉ်ပြီး နေထိုင်ကျင့်ကြံရမယ်၊ အတတ်နိုင်ဆုံးတော့ ငါးပါးသီလကို မြဲအောင် စောင့်ထိန်းပေါ့ကွယ်”

“ကောင်းပါပြီ အဘရယ်”

အဘိုးကြီးကို နှုတ်ဆက်၍ သူထွက်လာခဲ့သည်။ သူ့ဘဝ သူတွေးမိပြီး မယုံနိုင်ခြင်း၊ အံ့ဩခြင်းများစွာ ဖြစ်နေမိသည်။ အဘိုးကြီး ပြောလိုက်သော ‘သူခိုးစင်စစ် ဧကန်ဖြစ်မယ်’ ဆိုတဲ့စကားက သူ့နောက်

www.burmeseclassic.com

www.burmeseclassic.com



ကျောမှာ ကပ်ပါလာသလို ခံစားရသည်။

ဒီအကြောင်းတွေကို ခတ္တာမသိအောင် သူ အစတ်နိုင်ဆုံး ဖုံးကွယ်ထားရမည်။ သူခိုးအလုပ်ဆိုတာ ကောင်းတဲ့အလုပ်မှ မဟုတ်တာလေ။ ရာဇဝတ်သား အဖြစ်မခံနိုင်။ သူ့မှာ ခတ္တာကို စောင့်ရှောက်ရမည့် တာဝန်ရှိနေသည်။

ကံကြမ္မာဆိုတာ ကြုံလာလျှင် ရှောင်လွှဲလို့ မရ စကောင်းဆိုတာ သူ နားလည်ထားသော်လည်း သူငယ်ချင်းတစ်ယောက်လုံး အသက်ဆုံးပါးထားရသော အလုပ်မို့ သူ မလုပ်ဖြစ်အောင် စောင့်ထိန်းရမည်။ ခတ္တာနှင့်အတူ နေထိုင်ပြီး ရိုးရိုးသားသား အသက်မွေးဖို့ သူ ကြံစည်လိုက်မိသည်။

♣ ♣ ♣



"မွန်းတည့်နေပြီ မောင်ကြီးရဲ့၊ ထမင်းစားရအောင်"

ခတ္တာအသံကြောင့် သူ လှည့်ကြည့်လိုက်မိ၏။ ကန်သင်းဘောင်မှာ ထမင်းတောင်းလေးချပြီး သူ့ကို ထမင်းစားခေါ်နေသော ခတ္တာကို တွေ့လိုက်ရသည်။ စိုက်ခင်းတွေ ရေလောင်းရင်းမှ ...

"လာပြီ နှမရေ ... ဒီမြောင်းဘောင်လေး ဆုံးအောင် လောင်းလိုက်ဦးမယ်"

ခဏကြာတော့ ခတ္တာရှိရာ မန်ကျည်းပင်ရိပ်သို့ သူသွားလိုက်သည်။ ထမင်းဟင်းတွေ အဆင်သင့်

www.burmeseclassic.com

www.burmeseclassic.com



ခူးခပ်ပြီး သူ့ကို စောင့်နေရှာသည်။ ခတ္တာမျက်နှာလေးက အမောပြေစရာ ပြုံးရွှင်ချိုမြနေသည်။

"ထမင်းစားတာတော့ အချိန်မလင့်ပါနဲ့ မောင်ကြီးရယ်၊ မောင်ကြီး နေမကောင်းဖြစ်ရင် ခက်လှချည်ရဲ့"

"ခတ္တာက မောင်ကြီးကို စိုးရိမ်တာလား၊ ခတ္တာ အားကိုးမဲ့မှာ ကြောက်တာလား"

သူ့စကားကြောင့် ခတ္တာမှာ မျက်နှာလေး ညှိုးကျသွားသည်။ ခဏလေးမှာပင် မျက်ဝန်းဆီမှ မျက်ရည်ဥများ တလိမ့်လိမ့် ကျဆင်းလာကာ ...

"ပြောရက်လိုက်တာ မောင်ကြီးရယ်၊ ခတ္တာက မောင်ကြီးကို စိုးရိမ်တာ မောင်ကြီးကို သံယောဇဉ်ရှိလို့၊ ခတ္တာ မောင်ကြီးကို အားကိုးမိတယ်ဆိုပေမယ့် တာဝန်မယူနိုင်ဘူးဆိုလည်း ဘာများတတ်နိုင်ဦးမှာလဲ၊ စေတနာကိုတော့ တလွဲမထင်ပါနဲ့ မောင်ကြီးရယ်"

ခတ္တာ၏ ကြေကွဲဝမ်းနည်းစွာ ဆိုလေသော



စကားအဆုံးတွင် သူပါ စိတ်မကောင်းဖြစ်သွားရသည်။

"မောင်ကြီးက ခတ္တာကို ချစ်လို့ကျီစားတာပါ၊ စိတ်မကောင်း မဖြစ်ပါနဲ့ နှမရယ်၊ မောင်ကြီးက တွယ်ရာမဲ့ တစ်ကောင်ကြွက်ပါ၊ ခတ္တာကို နှမအရင်းလိုပဲ မောင်ကြီး သံယောဇဉ်ရှိပါတယ်"

သူ့စကားကြောင့် ခတ္တာမှာ မျက်နှာလေး ပြန်လည် ဝင်းထိန်လာပြီး ...

"တကယ်ပြောတာလား မောင်ကြီးရယ်"

ဟု တိုးတိုးလေး ဆိုရှာသည်။ ခတ္တာမျက်ဝန်းမှ သံယောဇဉ် အရိပ်အငွေ့များနှင့်အတူ သူ့အပေါ်ထားသော နှောင်ကြိုးလေးတစ်မျှင်ကိုပါ အမှတ်မထင် တွေ့လိုက်ရသည်။ သူ့ရင်ထဲမှာတော့ ခတ္တာသည် ချစ်စရာကောင်းပြီး အလိုက်သိသော နှမတစ်ယောက်ထက် ဘာမှမပိုလာချေ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်တည်း တောထဲတွင် ယောင်လည်လည် ဖြစ်နေသည်။ ထင်းခုတ်ရန် ပုဆိန် တစ်လက် ထမ်းပြီး ထွက်ခဲ့သော်လည်း တကယ့်တကယ် တောထဲရောက်သည့်အခါ ဘယ်အပင်ကို စ,ခုတ်ရမှန်း မသိ။ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက် ရောက်သောအခါ ခတ္တာ ထုပ်ပေးလိုက်သော ထမင်းထုပ်ကို ဖွင့်၍ စားရန်ပြင်ဆင်လိုက်သည်။

ထမင်းထုပ်ထဲမှ စားဦးစားဖျား အနည်းငယ် ဖယ်ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်တွေကို တင်မြှောက်ပ,သလိုက်သည်။ ရေတကောင်းထဲမှ ရေ



ကို သောက်လိုက်ပြီး ရေအနည်းငယ်ကို လက်ဆေးရေအဖြစ် သုံးလိုက်၏။ ထိုစဉ် သူနားနေသော သစ်ပင်ကြီး၏ နောက်ကွယ် မလှမ်းမကမ်းမှ လူတစ်ယောက်၏ ညည်းညူသံသဲ့သဲ့ကို ကြားရသည်။ အသေအချာ နားထောင်လိုက်သောအခါ ယောကျ်ားကြီးတစ်ဦး၏ ညည်းညူနေသံ ဖြစ်သည်ကို သူသိလိုက်ရသည်။

သူ သစ်ပင်ကြီးနောက်မှ ချုံပုတ်တွေဆီသို့ သွားရှာကြည့်သည်။

ပေါင်မှာ သွေးထွက်လွန်နေသော ဒဏ်ရာတစ်ခုဖြင့် လဲကျနေသည့် လူကြီးတစ်ဦးကို တွေ့လိုက်ရသည်။ သူ အသာအယာ ပွေ့ထူလိုက်သည်။

“ဦးရီး ... ဦးရီး”

ဟု သူ ခေါ်ကြည့်လိုက်၏။ ထိုလူကြီး၏ မျက်လုံးများ ဖြည်းညင်းစွာ ပွင့်လာသည်။

“ဟင် ... မင်း ...မင်း ဘယ်သူလဲ”

“ကျွန်တော်က ဒီတောထဲမှာ ထင်းလာခုတ်တဲ့သူပါ၊ ဦးရီး ညည်းသံကြားလို့ ...”

www.burmeseclassic.com

www.burmeseclassic.com



"ရေ …ရေနည်းနည်းလောက် တိုက်ပါ
လားကွယ်"

သူ အသင့်ပါလာသော ရေတကောင်းထဲမှ ရေကို လူကြီး၏ ပါးစပ်ထဲသို့ လောင်းထည့်ပေးလိုက်သည်။

ရေများက လူကြီး၏ နှုတ်ခမ်းထောင့်စွန်းမှ တစ်ဆင့် ရင်ဘတ်ပေါ်သို့ စီးကျသွားသည်။ သူ ပုဆိုးခါးပုံစဖြင့် ရေများကို သုတ်ပေးလိုက်၏။

"ကျေးဇူးတင်ပါတယ် တူမောင်"

"ရပါတယ် ဦးရီးရယ်၊ အခုလို ကူညီခွင့်ရတာပဲ ကျွန်တော် ဝမ်းသာလှပါပြီ"

"ဒါနဲ့ တူမောင်က ဒီအနီးနားကလား"

"ဟုတ်ပါတယ် ဦးရီး၊ ဒီနားက ရွာတစ်ရွာမှာ နေပါတယ်၊ အခု ဦးရီးကို ကျွန်တော့်အိမ်ကို ခေါ်သွားမလို့ပါပဲ"

"နေ …နေပါစေ တူမောင်၊ ဦးရီး မလိုက်တော့ပါဘူး"



"ဘယ်ဖြစ်မလဲ ဦးရီးရယ်၊ ဦးရီးမှာ ဒဏ်ရာတွေနဲ့ …"

"ဒဏ်ရာတွေက ကိစ္စမရှိပါဘူးကွယ်၊ တောထဲမှာ ဆေးပင်တွေ ရှိပါတယ်၊ ဦးရီး ကိုယ့်ဒဏ်ရာ ကိုယ်ပျောက်အောင် ကုနိုင်ပါတယ်"

လူကြီးစကားကြောင့် သူ အံ့ဩသွားသည်။ လူကြီး၏ ပေါင်မှ ဒဏ်ရာသည် လက်နက်တစ်ခုခုဖြင့် ထိခိုက်လာသည့်ပုံစံဖြစ်ပြီး သွေးများမှာလည်း မြင်မကောင်းအောင် ထွက်နေသည်။

"ကျွန်တော့်ကို အားမနာပါနဲ့ ဦးရီးရယ်၊ ကျွန်တော့်မှာ နှမလေးတစ်ယောက်သာ ရှိပါတယ်၊ အိမ်ကို လိုက်ခဲ့လို့ ဘာမှဝန်မပိုပါဘူး၊ ပြီးတော့ ဆေးဆရာပင့်ပြီး ဒဏ်ရာကို ဂရုတစိုက် ကုမှ ဖြစ်လိမ့်မယ်"

သူ စိုးရိမ်တကြီး ပြောနေပေမယ့် လူကြီးကတော့ အေးအေးဆေးဆေးပင် …

"ဒီဒဏ်ရာလောက်ကတော့ ဦးရီးအတွက်

www.burmeseclassic.com

www.burmeseclassic.com



အသေးအဖွဲ့ပါကွယ်၊ ဦးရီး ပျောက်အောင် ကုနိုင်ပါတယ်''

''ဒါဆို ဦးရီးက ဆေးဆရာကြီးလား ဟင်''

''ဆိုပါတော့ကွယ်''

''ဒါဆိုလည်း ကျွန်တော် ဦးရီးကို မနက်ဖြန်စားစရာ လာပို့မယ်၊ ဒဏ်ရာမပျောက်မချင်း ဘယ်မှမသွားနဲ့ဦးနော်''

သူ ပြောပြီး တောထဲမှ ခပ်ရှယ်ရှယ် သစ်ပင်လေးတွေကို ခုတ်ယူလိုက်သည်။ ရှယ်တူ သစ်လုံးလေးများကို ခွကောင်းကောင်း သစ်ပင်ကြီးတစ်ပင်ပေါ်သို့ ကန့်လန့်ဖြတ် ထိုးတင်လိုက်သည်။ လူကြီးက သူလုပ်နေတာတွေကို သေသေချာချာ ကြည့်နေသည်။ ပြီးမှ...

''ဟော့ တူမောင်၊ အဲဒါ ဘာလုပ်တာတုန်းကွဲ့''

ဟု ပြုံးပြီး မေးလေ၏။

''ဘာလုပ်ရမှာတုန်း ဦးရီးရဲ့၊ လင့်ထိုးတာပေါ့၊ ညကျရင် ဒီသစ်ပင်အောက်မှာနေရင် ဦးရီး ဒုက္ခရောက်လိမ့်မယ်''



''တူမောင်ရယ် ...ငါက ညကျရင် ကျားဆွဲမှာ၊ ဝံကုတ်မှာက နောက်၊ အခု လောလောဆယ် လင့်ပေါ် ဘယ့်နှယ့်လုပ် တက်ရမလဲ''

ဟု ပြုံးရွှင်စွာ မေးလေ၏။ သူ လူကြီး၏ ပေါင်မှ ဒဏ်ရာကို သတိရသွားသည်။

''ဟုတ်ပေသားပဲ၊ ဦးရီးမှာ ဒဏ်ရာနဲ့ လင့်စင်ပေါ်ကို ဘယ်လိုတင်ပေးရမလဲ''

''ဟား ဟား ဟား ဟား၊ ကဲပါ တူမောင်ရယ်၊ အချိန်ရှိတုန်း မင်းရွာ မင်းပြန်ပါ၊ ငါက ဒီထက်မက မြင့်တဲ့ တံတိုင်းတွေတောင် အသာလေး ကျော်နိုင်တယ်''

လူကြီးစကားကြောင့် သူ အံ့သြသွားရသည်။ ဒဏ်ရာအပြင်းအထန်ရထားသော လူတစ်ယောက်က လက်ခုပ်တစ်ဖောင်မက မြင့်သော လင့်ပေါ်သို့ တက်နိုင်စရာ အကြောင်းမရှိချေ။

''ကဲ ...စဉ်းစားမနေနဲ့ တူမောင်၊ ငါ့အတွက်လည်း စိတ်မပူနဲ့၊ မနက်ဖြန် မင်းလာရင် ဒီ

www.burmeseclassic.com



လင့်စင်ပေါ်က ငါ စောင့်နေမယ် ဟုတ်ပြီလား၊ ခုတော့ မင်းပြန်တော့၊ ထင်းလည်းမရ မင်းအိမ်သူတော့ ဆူတော့မယ်''

လူကြီးစကားကြောင့် သူ ယုံရခက်ခက် ဖြစ်သွားသည်။

''ကျွန်တော့်မှာ အိမ်သူ မရှိပါဘူး ဦးရီးရဲ့၊ နှမလေးတစ်ယောက်ပဲ ရှိတာပါ''

''အေးပါကွယ်၊ နှမဆိုလည်း နှမပေါ့၊ ငါ့အတွက်တော့ နောက်ဆံတင်းမနေနဲ့၊ မနက်ဖြန်သာ မင်း ဒီနေရာရောက်အောင် ပြန်ခဲ့၊ မင်းက စိတ်ကောင်းရှိတဲ့ လူတစ်ယောက်ပဲ၊ မင်းကျေးဇူးကို ငါ ဆပ်ရမှာပေါ့''

ဟု ဆိုကာ လူကြီးသည် သူ့အား ရွာသို့ ပြန်ရန်သာ အတင်းနှင်လေတော့၏။

''ဦးရီး ...ကျွန်တော် မနက်ဖြန်ပြန်လာခဲ့မယ်''

''အေး ... ဒါနဲ့ မင်းနာမည် ဘယ်သူ''



''မောင်ခြိမ့်ပါ ခင်ဗျာ''

''မောင်ခြိမ့် ...မောင်ခြိမ့်''

လူကြီးသည် သူ့နာမည်ကို တတွတ်တွတ် ရေရွတ်ရင်း သဖန်းပင်အောက်တွင် ကျန်ခဲ့လေတော့သည်။ သူကတော့ ခွကျလှသော ပေကပ်ကပ်လူကြီးကို ထားခဲ့ကာ ရွာသို့ ခပ်သုတ်သုတ် ပြန်ခဲ့တော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သူ မနက်အစောကြီး အိမ်မှ ထွက်ခဲ့သည်။ တောထဲတွင် ကျန်ခဲ့သော လူထူးဆန်းကြီးအတွက်ပါ ထမင်းယူခဲ့ပြီး စိတ်လှုပ်ရှားစွာ တောထဲဝင်ခဲ့သည်။ လူကြီးကို တွေ့ရန် စိတ်စောနေ၏။ တောထဲသို့ ရောက်သောအခါ မနေ့ကလူကြီးနှင့် တွေ့ခဲ့သောနေရာတွင် ထိုလူကြီးအား အလျင်စလို ရှာလိုက်မိ၏။ လူကြီးကိုကား မတွေ့ရ ...။

"ဟော့ တူမောင် ...ဘာတွေရှာနေတာတုန်းကွဲ့၊ ငါ ဒီမှာ ..."

ဟူသော အသံနှင့်အတူ လင့်စင်ပေါ်မှ လှသား



ခနဲ ခုန်ဆင်းလာသော လူကြီးကို မြင်လိုက်ရသည်။ သူ အံ့ဩလွန်းသောကြောင့် စကားပင် မဆိုနိုင်တော့ချေ။

"ဦးရီး ...ဦးရီးပေါင်ကဒဏ်ရာ သက်သာပြီလား"

"အေးကွ၊ သက်သာပါပြီ၊ အနာက သွေးထွက်လွန်ထားတော့ သိပ်တော့ မကောင်းသေးဘူးပေါ့"

မကောင်းသေးဘူးဟုသာ ပြောသည်။ ထိုလူကြီး၏ ပုံစံမှာ လူကောင်းပကတိတစ်ဦးကဲ့သို့ပင် ပေါ့ပါး ဖျတ်လတ်နေသေးတော့၏။

"ဦးရီးအတွက် ဒီမှာထမင်းထုပ် ယူလာတယ်"

"အေး ...စားတာပေါ့ကွာ၊ မင်းနဲ့ငါ စကားနည်းနည်းပြောရအောင်"

လူကြီးက ပြောပြောဆိုဆို သူ့လက်ကို ဆွဲကာ သဖန်းပင်အောက်မှာ ထိုင်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းဘဝအကြောင်း ငါ့ကို ပြောပြနိုင်မလား"

"ကျွန်တော့်ဘဝအကြောင်းကို ဘာလို့သိချင်ရတာလဲ ဦးရိုးရယ်"

"စိတ်ဝင်စားလို့ပေါ့ကွာ"

"ဒါဆိုလည်း ပြောပြရတာပေါ့"

ဟု အစချီကာ သူ၏ ငယ်စဉ် ကလေးဘဝမှ အကြောင်းများ၊ မိဘများဆုံးပြီး တစ်ကောင် ကြွက်ဘဝဖြင့် ခြေသလုံးအိမ်တိုင် နေထိုင်ခဲ့ပုံ၊ ရွာတစ်ရွာမှာ ဘဝတူချင်းဖြစ်သော ကံလှတို့ မောင်နှမနှင့် ဆုံပြီး ခင်မင်ခဲ့ကြပုံ၊ တောစပ် စားကျက်မှာ လွှတ်ထားသော နွားပေါက်တစ်ကောင်ကို မြင်ပြီး ညမှာ ကံလှနှင့် သွားခိုးရာမှ ကံလှ သေဆုံးရပုံ၊ ကံလှနှမ ခတ္တာကို စောင့်ရှောက်ရင်း အခုလို လုပ်ကိုင်စားသောက်ပုံကို ပြောပြမိတော့သည်။

သို့သော် မှတ်မှတ်ရရပင် ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီးပြောသော စကားတို့ကိုတော့ သူ ထင်ထင်



လင်းလင်း သတိရနေသော်လည်း မပြောပြဖြစ်ခဲ့ပါချေ။ သူ့စကားဆုံးသောအခါ လူကြီးက ...

"မင်း ငါ့ကို ဘယ်လိုထင်သလဲ"

ဟု မေးလေတော့သည်။ သူက မဆိုင်းမတွပင်

"ဦးရိုးကို ဆေးဆရာကြီးတစ်ယောက်လို့ ထင်ပါတယ်"

ဟု ဖြေသောအခါ လူကြီးက အသံသြသြကြီးဖြင့် အော်ဟစ်ရယ်မောလေတော့၏။

"ငါဟာ မင်းထင်သလို ဆေးဆရာမဟုတ်ဘူးကွ၊ ငါက စောရတစ်ယောက်ပဲ၊ အကြောင်းသိတဲ့ လူတွေကတော့ ငါ့ကို စောရဝိဇ္ဇာ နက်ကျော်တဲ့၊ ဒါပေမဲ့ ငါ့အကြောင်းကို သိတဲ့လူ တော်တော်ရှားတယ်၊ ငါက တောထဲတောင်ထဲမှာပဲ နေတာများတယ်"

လူကြီး၏ စကားကြောင့် သူ အလွန်အံ့သြသွားရသည်။

"ဒါဆို ဦးရိုးက သူခိုးကြီးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လိုက်လေ တူမောင်ရယ်၊ သူခိုးမှ သူခိုး အစစ်ကြီး၊ သူခိုးလောကမှာ စောရဝိန္ဒာဆိုတဲ့ ဘွဲ့ရထားတာသာ ကြည့်တော့၊ သူခိုးအတတ်မှာ တစ်ဖက်ကမ်းခတ် တတ်မြောက်တဲ့သူပေါ့ ကွာ"

ဟု သူ့ကိုယ်သူ ဂုဏ်ယူဝံ့ကြွားစွာ ဆိုလေသည်။ လူကြီးသည် သူထင်သလို ဆေးဆရာမဟုတ်ဘဲ သူ မနှစ်သက်သော သူခိုးကြီးဖြစ်ကြောင်း သိလိုက်ရသောအခါ အလွန်ထိတ်လန့်သွားသည်။

"ဘယ့်နှယ့်လဲ တူမောင်၊ ငါ့ဘဝကို အားမကျဘူးလား"

သူ မျက်စိမျက်နှာပျက်စွာ ခေါင်းခါပြလိုက်သည်။

"ဟေ ... ဘာဖြစ်လို့တုန်းကွ"

ဟု လူကြီးက မေးလေသည်။ သူ ဘုန်းကြီးကျောင်းမှ ကပ္ပိယကြီးပြောသော စကားကို အမှတ်ရလိုက်သည်။



"ကျွန်တော့်ကို ကပ္ပိယကြီးက စောရနက္ခတ်နဲ့ ယှဉ်မွေးတာတဲ့၊ ကျွန်တော် ဒီအလုပ်ကို မနှစ်မြို့ဘူး၊ ကျွန်တော် သူခိုးမဖြစ်ချင်ဘူး"

"ဘာ ...မင်းက စောရနက္ခတ်နဲ့ ယှဉ်မွေးတာ ဟုတ်လား၊ အဆင်သင့်လိုက်လေ တူမောင်ရယ်"

"ဗျာ ... ဘာများအဆင်သင့်တာလဲ ဦးရီးရဲ့"

"ငါ မင်းကိုရှာနေခဲ့တာ ကြာပြီ၊ မင်းလိုလူမျိုးကို ငါရှာနေတာ၊ မင်းကို ငါ ပညာကုန်သင်ပေးမယ်"

"ကျွန်တော် မသင်ချင်ဘူး ဦးရီး၊ တခြားလူတစ်ယောက် ရှာသင်ပေးလိုက်ပါ"

သူ့စကားကြောင့် လူကြီးက ခေါင်းကို ဖြည်းလေးစွာ ခါလိုက်ပြီး ...

"မင်းလိုလူမျိုး နောက်တစ်ယောက်တွေ့ဖို့ မလွယ်တော့ဘူး မောင်ခြိမ့်၊ စတွေ့ထဲက မင်းရဲ့ အဆစ်အပေါက်၊ အသွင်အပြင်တွေကို ငါ

www.burmeseclassic.com

www.burmeseclassic.com



သဘောကျနေတာ၊ ဖျပ်လတ်တယ် အကင်းပါးတယ်၊ ခုလို စာရနက္ခတ်နဲ့ ယှဉ်နေတယ် လည်းဆိုတော့ အကောင်းဆုံးပေါ့ကွာ၊ မင်းဟာ သူခိုးဖြစ်ဖို့ မွေးဖွားလာခဲ့တာကွ"

လူကြီးစကားမှာ သူ့ကို လူစွမ်းကောင်းတစ်ဦး သဖွယ် အလေးအနက် ညွှန်းဆိုနေသယောင်။

"သူခိုးအလုပ်များဗျာ ဒီလောက်လူရှေးနေဖို့လို လား၊ တွေ့ရလူလုပ် ရတဲ့ဟာပဲ"

လူကြီးက ခေါင်းခါသည်။

"မထင်နဲ့ ကိုယ့်လူ၊ လောကထဲမှာ လူတွေဟာ မွေးဖွားလာကတည်းက ကိုယ်စီကိုယ်စီ လုပ်သင့်ရာအလုပ်တွေ ပါလာပြီးသား၊ လူတွေဟာ ကိုယ်ကျတဲ့ အလုပ်ကို လုပ်ရတယ်၊ ဒါမှ လောကကြီးအချိုးညီပြီး လောကလှမယ်၊ အခုတော့ မဟုတ်ပေါင်ကွာ၊ လူလိမ်လုပ်ရမယ့်သူက ဗေဒင်ဆရာ လုပ်လိုလုပ်၊ သူခိုးလုပ်ရမယ့်သူက သူကြီးလုပ်လိုလုပ်၊ ငိုချင်းသည် လုပ်ရ-မယ့်သူက အနုပညာသမားလုပ်လိုလုပ်နဲ့၊ လောကကြီးဖြစ်ချင်တိုင်းကို ဖြစ်နေတော့တာပဲ၊ ဒီတော့ ဟန်ချက်မညီတဲ့အတွက် လောကကြီး မလှတော့ဘူးပေါ့"

"ဒါပေမယ့် ကျွန်တော် သူခိုးလုပ်ဖို့ကတော့ ဖြစ်နိုင်မယ်မထင်ပါဘူးဗျာ"

ငြင်းသာငြင်းရသော်လည်း သူ့စကားသံမှာ သိသိသာသာ အားပျော့နေသလို ထင်မိသည်။

"ဘာလို့လည်း၊ မင်းက ဒီအလုပ်ကို အထင်သေးသလား၊ တို့စာရပညာဟာ အင်မတန်ခက်ခဲနက်နဲတယ်၊ သူခိုး မှာလည်း သူခိုးစည်းနဲ့ သူခိုးပဲ၊ စည်းစောင့်ရတာတွေအများကြီးရှိတယ်ကွ"

ဟု အစချီကာ လူကြီးသည် သူခိုးတို့၏ ရာဇဝင်များကို ရှင်းပြလေတော့သည်။

'မလုပ်' ဟု ဆုံးဖြတ်ထားသော်လည်း သူ စိတ်ပါလာသလိုပင် ဖြစ်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်၊ သူခိုးအလုပ်ကလည်း တယ်နက်နဲပါ ကလား"

"ဒါပေါ့ ကိုယ့်လူရယ်၊ ကိုယ် မသိတဲ့အရပ် ကိုယ် မကျွမ်းဝင်တဲ့ပိုင်နက်ကို တစ်ယောက်ထဲ စွန့်စွန့်စားစား လှုပ်ရှားရမယ့်ကိစ္စပဲ၊ သိပ် ဘယ် လွယ်ကူပါ့မလဲ၊ နောက်ပြီး အဲဒီအရပ်မှာ ရှိနေ တာကလည်း ကိုယ့်ကို ရန်ပြုမယ့်သူတွေချည်း၊ တကယ်ကို စွန့်စားရတဲ့ကိစ္စပါကွာ၊ တကယ့် ယောက်ျားကောင်းမဟုတ်ရင် သူခိုးအလုပ်ကို ဘယ်လိုမှကို လုပ်လို့မရဘူး၊ ဒါကြောင့် သူခိုး ထဲမှာ မိန်းမရှာ ဘယ်တော့မှ မရှိဘူးကွ"

ထို နောက်ဆုံးစကားသည် မောင်ခြိမ့်အား အတော်လေး စိတ်လှုပ်ရှားသွားစေသော စကားဖြစ်ပါ လေသည်။

မောင်ခြိမ့်မှာ အသားဖြူဖြူခပ်ချောချော ဖြစ် ၏။ ငယ်စဉ်ကတည်းက မိဘများမရှိတော့သောသူကို ကလေးချင်း အတော်လေးအနိုင်ကျင့်ခံခဲ့ရ၏။



အားကိုးရာမရှိ၍ မျက်နှာငယ်ရ၍ ခေါင်းငုံ့ ရှောင်သည်ကို ယောက်ျားမသိသဟု ကဲ့ရဲ့ကြပြန်သည်။

ယခု လူကြီး၏စကားကိုကြားသောအခါ ငယ် စဉ်ကတည်းက စွဲမြဲခဲ့ဘူးသော အနာဟောင်းကို ပုတ် ခတ်လှုပ်နှိုးလိုက်သည့်နှယ်။

"ယောက်ျားပီသတဲ့အလုပ်ကိုယ်တော့ လုပ်ပြ ချင်တယ်ဗျာ"

ဟု ရေရွတ်လိုက်မိလေသည်။ လူကြီးက ဝမ်း သာအားရပင် သူ့ပေါင်သူ ဖျပ်ကနဲပုတ်ကာ ...

"ဒါပေါ့ကွ၊ မင်းလုပ်ကို လုပ်ရမှာပေါ့"

မောင်ခြိမ့်က ခဏမျှ တွေဝေစဉ်းစားလိုက် သည်။

"လုပ်တော့ မလုပ်ဘူးဗျာ၊ အဲဒီပညာတော့ သင်ကြည့်မယ်"

"ဒါပေါ့ကွာ မင်းသင်ကိုသင်ရမှာပေါ့"

ထိုနေ့မှ စတင်ကာ ...

သူခိုးကြီးက မောင်ခြိမ့်အား သူခိုးတို့ တတ်အပ်

www.burmeseclassic.com

www.burmeseclassic.com



သော ပညာရပ်များအကြောင်းကို စနစ်တကျ ရှင်းပြလေတော့သည်။

အိမ်တစ်အိမ်ကို ခိုးရန် အချိန်ယူကာ လေ့လာရပုံ၊ အိမ်သားများကို အိပ်မွေ့ချပုံ၊ ဘယ်လောက် ဆိုးတဲ့ ခွေးဖြစ်ဖြစ် နိုင်အောင်၊ ယဉ်ပါးအောင် ချော့ပုံ၊ တံခါး အမျိုးမျိုးကို အလွယ်တကူ ဖွင့်ပုံ၊ အသံလုံအောင် လမ်း လျှောက်ပုံမှအစ အကျယ်တဝင့် သင်ပြလေ၏။

တစ်စစနှင့်ပင် သူ ထိုအလုပ်ကို တော်တော် လေး စိတ်ဝင်စားသွားမိသည်။

အံ့သြဖို့ကောင်းလောက်အောင်လည်း သူက ထို အတတ်ပညာများတွင် သိလွယ်၊ တတ်လွယ်လွန်းနေ သည်။

ယခုအခါ သူ့ဆရာဖြစ်သွားသော သူခိုးကြီးက ပင် ပြောယူရ၏။

"မင်းဟာ ငါ့နဂိုက ခန့်မှန်းတာထက်တောင် အထုံပါလာခဲ့တာပဲ၊ ဒီအလုပ်မှာ ငါ့ထက်ကိုပဲ မင်းအောင်မြင့်လိမ့်မယ်ကွ"



မောင်ခြိမ့်မှာ ဘာမှ ပြန်မပြောဖြစ်တော့။

ဆိတ်ဆိတ်နေမိခြင်းသည်ပင် ဝန်ခံခြင်းများ လား မပြောတတ်ပါချေ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်မျှအကြာ ညနေစောင်းတစ်ခုတွင်တော့ သူ့ဆရာနှင့် ချိန်းဆိုထားသော နေရာသို့ သူရောက်လာခဲ့သည်။ ဆရာသည် သူ့အား အထုပ်ကြီးတစ်ထုပ်ဖြင့် အဆင်သင့် စောင့်ကြိုနေလေ၏။

"ကဲ …တပည့်၊ ဒီထဲက အဝတ်တစ်စုံက မင်းအတွက်ပဲ၊ ရော့ …"

ဟုဆိုကာ အထုပ်ကြီးကို သူ့ရှေ့သို့ ချပေးလိုက်သည်။ သူ အထုပ်ကြီးထဲမှ အဝတ်များကို ထုတ်လိုက်သည်။ အဝတ်များမှာ အနက်ရောင်များ ဖြစ်သည်။



သူ့အဝတ်များကို ချွတ်၍ ဆရာကြီးပေးသော အဝတ်များကို လဲလှယ်ဝတ်ဆင်လိုက်သည်။ ရှည်လျားလှသော ပဝါနက်ကို ခေါင်းတွင် စည်းနှောင်လိုက်သော အခါ သူသည် အမှန်တကယ်ပင် စောရတစ်ယောက်ဖြစ်သွားတော့၏။ သူ့ဆရာက သူ့ကို ကျေနပ်စွာ ကြည့်လိုက်ပြီး …

"တကယ်ပဲ မင်းဟာ စောရဖြစ်သွားပြီ၊ ဒီညပဲ လုပ်ငန်းစမယ်၊ တပည့်အတွက်အတွေ့အကြုံရအောင် ဆရာ စီစဉ်ထားတယ်၊ ကဲ …ငါ့နောက်က လိုက်ခဲ့ပေတော့"

ဟုဆိုကာ မောင်ခြိမ့်အား အမိန့်ပေးပြီး ရှေ့မှ ဦးဆောင်ထွက်သွားတော့သည်။ ဆရာတပည့်နှစ်ဦး တောလမ်းလေးအတိုင်း သုတ်သုတ်နှင်လာရာမှ နေဝင်ရီတရောအချိန်တွင် မြို့တစ်မြို့သို့ ရောက်လာသည်။

မြို့စွန်ရှိ ကျယ်ဝန်းလှသော ခြံကြီးတစ်ခြံနားသို့ အရောက်တွင် …

"တပည့်၊ မင်းဝင်ရမှာ ဒီအိမ်ပဲ၊ ဒီအိမ်က

www.burmeseclassic.com

www.burmeseclassic.com



လူတွေ ခရီးထွက်သွားတယ်၊ ခြံစောင့်အဘိုးကြီး တစ်ယောက်တော့ ကျန်ခဲ့လေရဲ့၊ ဒါလည်း မှုစရာမဟုတ်ပါဘူး၊ အင်းခွေးကြီး သုံးကောင်ကိုတော့ မင်း ကောင်းကောင်းချော့ရလိမ့်မယ်၊ ဒီခြံရဲ့ အနေအထား၊ အိမ်ရဲ့ တံခါးအဝင်အထွက်တွေကို အသေအချာ မှတ်ပေတော့”

ဟု ဆိုကာ ခြံကျယ်ကြီးအတွင်းမှ ခမ်းနားထည်ဝါလှသော အိမ်ကြီးကို ညွှန်ပြလေတော့သည်။ သူတို့သည် ခြံကြီးနှင့် မလှမ်းမကမ်း တံတားပျက်ကြီးတစ်ခုအနီးတွင် မှောင်ရိပ်ခိုကာ စောင့်နေကြသည်။ ညရောက်သောအခါ အမှောင်ထုက ပတ်ဝန်းကျင်ကို လွှမ်းခြုံလာသည်။ ကျယ်လောင်သော ပုစဉ်းရင်ကွဲနှင့် ပုရစ်ကောင်တို့၏ စူးရှရှအော်မြည်သံများမှလွဲ၍ ပတ်ဝန်းကျင်တစ်ခုလုံး အသက်မဲ့စွာ ငြိမ်သက်နေချေပြီ။

သူ ဆရာ့မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။



ဆရာသည် အိမ်ဘက်သို့ မေးဆတ်ပြကာ သွားတော့ဟု အမိန့်ပေးလိုက်သည်နှင့် သူ ခြံစည်းရိုးအနားသို့ မှောင်ရိပ်ခိုကာ ပြေးကပ်လိုက်သည်။ ခြံစည်းရိုးနံရံတွင် ထူထပ်စွာ တွယ်ကပ်ပေါက်နေသော သပွတ်ခါးပင်များ၏ အနံ့ကို ရှူရှိုက်မိလိုက်သည်။ ဆိုးရွားလှသော ရနံ့ကို ကြိတ်မှိတ်ရှူလိုက်ရင်း ခြံစည်းရိုးကိုတွယ်တက်လိုက်သည်။ ခြံထဲသို့ အသာအယာ ခုန်ချပြီး သရက်ပင်ကြီး၏ ကြီးမားလှသော ပင်စည်ဘေးသို့ ပြေးကပ်လိုက်သည်နှင့် ရိပ်ခနဲ ပြေးထွက်လာသော အင်းခွေးကြီး သုံးကောင်ကို သူ မြင်လိုက်ရသည်။

ယောကျ်ားတစ်ယောက်၏ ခါးစောင်းခန့်မြင့်သော ခွေးကြီးများသည် လူတစ်ယောက်ကို အသာလေးကိုက်ခဲပြီး ဆွဲခါနိုင်စွမ်း ရှိသည်မှာ သံသယဖြစ်ဖွယ်မရှိ။

သူ ကျောရိုးထဲကစိမ့် သွားရသည်။ သို့သော် ဆရာသင်ပေးထားသော ဂါထာတစ်ပုဒ်ကို ရွတ်ဆိုရင်း ခွေးသုံးကောင်ကို လက်ဖျစ်တီး၍ကာ ခေါ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မီးဝင်းဝင်းတောက်သော မျက်လုံးများနှင့် ဖြူဖွေး ချွန်ထက်သည့် အစွယ်များကို ဖြဲကာ ရှေ့တိုးလာသော ခွေးများသည် မောင်ခြိမ့်ရှေ့သို့ ရောက်သောအခါ အမြီးတရမ်းရမ်းဖြင့် သခင်ကို ကြိုသည့်ပမာ သူ့အား တရှုံ့ရှုံ့ နမ်းလေတော့သည်။ ထိုအခါမှသာ မောင်ခြိမ့် သက်မမောကို ချရင်း အိမ်ကြီးအနီးသို့ ကပ် ခဲ့ရတော့၏။ အိမ်အဝင်တံခါးမှ မဝင်ဘဲ အိမ်နောက်ဘက် တံခါးမှ အိမ်ထဲသို့ ဝင်ခဲ့သည်။

အပြင်တွင် မှုန်ဝါးဝါး ကြယ်ရောင်ကြောင့် လူလော၊ သစ်ပင်လော သဲကွဲစွာ မြင်ရသော်လည်း အိမ်ထဲတွင် မှောင်မိုက်နေသည်။ အိမ်ထဲသို့ဝင်ပြီး အခန်းတစ်ခုချင်း ကျော်ဖြတ်ကာ အပေါ်ထပ်သို့ တက်သော ကြောင်လိမ်လှေကားအတိုင်း တက်ခဲ့သည်။

အိပ်ခန်းဟုယူဆရသော အခန်းတစ်ခုအတွင်းသို့ တံခါးကို အသံမမြည်အောင် ဖွင့်ဝင်လိုက်သည်။ ဆီနှင့် ကင်းကွာနေသည်မှာ ကြာမြင့်နေဟန်ရှိသော တံခါးက ကျွီခနဲ အသံမြည်သွားသည်။



သူ ရင်တွေ ခုန်နေသည်။ နံရံကို အသာမှီ ရပ်ရင်း ဘယ်သူများ ရောက်လာမလဲဟု ရင်တထိတ်ထိတ်နှင့် စောင့်နေသည်။

အချိန်အတော်ကြာသည်အထိ အသံမကြားရမှ အခန်းတွင်းသို့ ခြေဖွလျှောက်ခဲ့တော့သည်။ အမှောင်ထုအတွင်း ပစ္စည်းများကို သဲသဲကွဲကွဲ မြင်နိုင်အောင် သူ လေ့ကျင့်ထားပြီးဖြစ်သည်။ စိတ်အာရုံကို စုစည်း၍ နည်းနည်း အာရုံစိုက်လိုက်၏။ ဦးစွာ သူ့နှာဝသို့ ပျံ့လွင့်လာသော အနံ့သည် ဆီမီးခွက်ညှော်နံ့လို အနံ့မျိုးဖြစ်သောကြောင့် သူရောက်နေသော အခန်းသည် ဘုရားခန်းသာ ဖြစ်ရမည်ဟု တွက်လိုက်သည်။

မှန်ပေ၏။ သူ့မျက်လုံးထဲတွင် ဘုရားစင်၊ စာအုပ်ဗီရိုကြီးတစ်ခုနှင့် ကြီးမားလှသော ပန်းအိုးကြီး တစ်လုံးကို တွေ့လိုက်ရသည်။

သူ လှည့်ထွက်ရန် ကြံလိုက်သော်လည်း ပန်းအိုးထဲတွင် ရတနာပစ္စည်းများ သိမ်းဆည်းတတ်သော တချို့သူများ၏ ဓလေ့ကို သတိရမိကာ ကြီးမားလှသော

www.burmeseclassic.com

www.burmeseclassic.com



ကြေးပန်းအိုးကြီးထဲသို့ လက်နှိုက် ကြည့်လိုက်သည်။

သူ အလွန်ကံကောင်းသွားပြီ ဖြစ်၏။ ကြေးပန်းအိုးထဲမှ ရတနာထုပ်ကြီးကို သူ ရလိုက်သည်။ ခိုးယူရရှိသော ရတနာထုပ်ကို ပိုက်ပြီး အိမ်ကြီးပေါ်မှ ဆင်းခဲ့သည်။ အိမ်ထဲမှ လာရာလမ်းအတိုင်း ပြန်ထွက်ခဲ့သည်။ ခြံစောင့်အဘိုးကြီး၏ အရိပ်အယောင်ကိုကား သူ မတွေ့ခဲ့ရ။ ခြံစည်းရိုးမှ ကျော်ပြီး အပြင်အရောက်မှာ သူ ကျေနပ်စွာ ပြုံးလိုက်သည်။ နှစ်ပေါင်းများစွာ တောင့်တမွတ်သိပ်ခဲ့သော ဆန္ဒတစ်ခု ပြည့်ဝသွားသလို ခံစားလိုက်ရသည်။ သူ့လုပ်ရပ်အပေါ် များစွာ ကျေနပ်အားရ ဖြစ်မိတော့၏။

♣ ♣ ♣



သူ အိမ်သို့ ပြန်ရောက်လာသောအခါ အတော်ညဥ့်နက်လှပြီဖြစ်၏။ ဆရာနှင့် သူ တောထဲက သဖန်းပင်ကြီးအောက်တွင် လမ်းခွဲခဲ့ပြီးဖြစ်သည်။ သူ စွန့်စွန့်စားစား ခိုးယူလာသော ရတနာများကို ဆရာအား ဝမ်းသာအားရ အပ်သောအခါ ဆရာက လုံးဝ အရေးမထားဘဲ “သင့်တော်သော နေရာမှာ ဝှက်ထားလိုက်” ဟု ဆိုသောကြောင့် အိမ်သို့ ယူခဲ့ရတော့၏။ အိမ်ထဲသို့ အဝင်တွင် သူ့အား ထိုင်စောင့်နေသော ခတ္တာကို တွေ့ရလေသည်။

“နှမ ခတ္တာ မအိပ်သေးဘူးလားကွယ်”

www.burmeseclassic.com

www.burmeseclassic.com



"ညဥ့်နက်အောင် ဘယ်တွေများ လျှောက်သွားနေတာလဲ မောင်ကြီးရယ်၊ နှမဖြင့် စိတ်ပူလွန်းလို့ အိပ်လို့မပျော်နိုင်ပါဘူး"

ဟု စိုးရိမ်ကြီးစွာ ဆိုရှာလေသည်။

"ကဲပါ နှမရယ်၊ မနက်လည်း အစောကြီးထပြီး စိုက်ခင်းထဲ သွားရဦးမယ်၊ အိပ်ရာဝင်တော့နော်"

"မောင်ကြီးရော မအိပ်သေးဘူးလား"

"မောင်ကြီးလည်း ခုပဲ အိပ်တော့မှာပါ၊ ကဲကဲ …သွားအိပ်ချေ"

ဟု ခတ္တာအား အိပ်ရာဝင်ခိုင်းရလေသည်။ ခတ္တာသည် သူ့အား တစ်ချက်မျှ လှည့်ကြည့်ကာ အိပ်ခန်းအတွင်းသို့ ဝင်ရောက်သွားလေတော့၏။ သူ ကွပ်ပျစ်ပေါ်မှာထိုင်ရင်း ခတ္တာ အိပ်ပျော်သည်အထိ စောင့်နေလိုက်သည်။ ခဏကြာမှ သူ အိမ်အောက်မှပေါက်တူးတစ်လက်ကို ယူကာ အိမ်နှင့် မလှမ်းမကမ်း စပယ်ခုံများတွင် ရတနာထုပ်ကို တွင်းတူး၍ မြှုပ်ထားလိုက်သည်။



ခတ္တာမသိစေရန် မြေကြီးပေါ်သို့ ရွက်ခြောက်များ၊ အမှိုက်များကို ဟန်မပျက် ပြန်လည်ဖုံးအုပ်လိုက်ပြီး အိပ်ရာသို့ ဝင်ခဲ့တော့သည်။ သူသည် ကပ္ပိယကြီးပြောသလို သူခိုးစင်စစ် ဖြစ်နေချေပြီ။ သူ၏ ဆရာကြီးနက်ကျော်သည် သူ့အား စောရပညာကို အလုံးစုံ သင်ပေးခဲ့ပြီဖြစ်သည်။ ရှေ့ဆက်ရမည့် သူ၏အသက်မွေးမှုသည် ခတ္တာနှင့်အတူ တောင်ယာစိုက်ခြင်းလော၊ ခိုးခြင်းလော ခွဲခြားမရနိုင်ချေ။ သူ ဆုံးဖြတ်ချက်ချလိုက်သည်။ ခိုးယူလာသော ပစ္စည်းများကို မရှိဆင်းရဲသားများကို လှူရန်ဖြစ်၏။ သူ တစ်ညလုံး စဉ်းစားရင်း မနက် အရုဏ်တက်လုလုတွင် အိပ်မောကျသွားတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ"

ဟု သူ ဆရာကြီးကို မေးလိုက်သည်။ ဆရာကြီးက ...

"မင်း အတော်မိုက်မဲတာပဲ ငမြီမ့်ရဲ့"

ဟုဆိုကာ သူ့အား အသေအချာ ကြည့်နေလေ၏။

"ဘာဖြစ်လို့လဲ ဆရာကြီး"

ဟု သူ မဝံ့မရဲ မေးလိုက်သည်။

"မင်းကို စောရအတတ် သင်ပေးထားတာ ဘာလုပ်ဖို့လဲ"



"ခိုး ...ခိုးဖို့ပါခင်ဗျာ"

"ဒါပဲပေါ့ တပည့်ရယ်၊ သူခိုးအလုပ်ကို သူခိုးမှ မလုပ်ရင် ဘယ်သူက လာလုပ်ဦးမှာတုန်း မောင်ရင်ရဲ့"

ဟုဆိုကာ တစ်ယောက်တည်း သဘောကျစွာ ရယ်တော့၏။

"ဒီမယ် မောင်ငြိမ့်၊ မင်းဟာ ဘုရင့်တပ်တော်က ရဲမက်ဆိုရင် စစ်တိုက်ကိုတိုက်ရမယ်၊ မင်းဟာ စဏ္ဍာလတစ်ယောက်ဆိုလည်း စဏ္ဍာလအလုပ်ကို လုပ်ရမယ်၊ အခု မင်းက သူခိုးဆိုတော့ ခိုးရမှာပေါ့ကွ"

ဟု ပြောလေ၏။ နောက်ပြီး ဆရာကြီးက ဆက်၍ ...

"မင်းက တကယ်ကို သူရသတ္တိနဲ့ ပြည့်စုံတဲ့ သူခိုးတစ်ယောက်ပါပဲ၊ ဒါပေမဲ့မင်းမှာ အတတ်ပညာနည်းသလို အတွေ့အကြုံလည်း လိုသေးတယ်ကွဲ့၊ ဒီတော့ မင်းကိုပညာတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



မြင့်ပေးမယ်''

ဟု ဆိုလေသည်။ သူကတော့ ဆရာကြီး စကားကို နားမလည်နိုင်စွာ ငေးမောနားထောင်နေမိ၏။

''ကဲ ...တပည့်၊ မင်းမျက်နှာကို ဟောဒီ ပဝါနဲ့ စည်းလိုက်စမ်း''

ဟု ဆရာကြီး ကမ်းပေးသော ပဝါကိုယူ၍ သူ့မျက်လုံးများကို ပိတ်ကာ စည်းနှောင်လိုက်သည်။

''ဟုတ်ပြီ၊ အေး ...တင်းတင်းစည်း၊ မင်း စိတ်ဟာ လေထဲမှာ လွင့်မျောနေသလို လွှတ်ထားလိုက်၊ သက်သက်သာသာနေ၊ စိတ်ကို လျှော့ချထား''

ဟု သြဇာသံပါပါ အမိန့်ပေးပြီးသည့်နောက်တွင် ဆရာကြီးသည် သူ့ပေါင်ကို လှန်ကာ အရွက်တစ်မျိုးဖြင့် ပွတ်ပေးတော့သည်။ သူမှာ မျက်နှာကို ပဝါဖြင့် စည်းထားသောကြောင့် ဘာမှမမြင်ရ။ ဆရာကြီးပြောသလို စိတ်ကို လွှတ်လပ်ပေါ့ပါးစွာ မျောလွင့်



ထားလိုက်သည်။ ခဏအကြာ သူ့ပေါင်သို့ ချွန်ထက်သော တစ်စုံတစ်ခုနှင့် ထိုးခွဲလိုက်သည်ကို သိလိုက်ရ၏။ နာကျင်လွန်းသောကြောင့် ရုတ်မှ 'အား' ဟု တစ်ချက် အော်လိုက်မိသည်။ ထို့ထက်မက နာကျင်လာသောအခါ သူ့စိတ်အာရုံသည် ခန္ဓာကိုယ်နှင့် ခေတ္တကင်းကွာ၍ သတိလစ်သွားရလေတော့၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သူ သတိရလာသောအခါ ပေါင်မှ နာကျင်သည့် ဝေဒနာအနည်းငယ်သာ ခံစားရတော့သည်။ သူ့ဘေးတွင် အေးဆေးစွာ ထိုင်နေသော ဆရာကြီးကို တွေ့လိုက်ရ၏။ သူ့ပေါင်ကို ကြည့်လိုက်သောအခါ ချုပ်ရိုးဒဏ်ရာတစ်ခုပေါ်တွင် ဖိကပ်ထားဟန်ရှိသော ဆေးရွက်များကို တွေ့ရလေသည်။

ပေါင်ပွင်ကပ်ထားသော ဆေးရွက်များမှာ တောထဲမှ အလွယ်တကူ ခူးယူရရှိနိုင်သော သစ်ရွက်များနှင့် သူ မမြင်ဖူးသော အရွက်ဆန်းများဖြစ်၏။ သူ သတိလစ် မေ့မြောသွားသည်အထိ နာကျင်စွာ ခံစား



ခဲ့ရသော ဝေဒနာသည် ယခုတော့ သာမန်အနာတစ်ခုကဲ့သို့ပင် သက်သက်သာသာ ဖြစ်နေသည်။ အပြင်းအထန် ခံစားရတာမျိုး မရှိချေ။

"ဆရာ ကျွန်တော့်ပေါင်ကို ဘာလုပ်လိုက်တာလဲ"

"ပေါင်ကို ခွဲလိုက်တာ၊ အခု ပြန်ချုပ်ထားတယ်၊ ငါလည်း ဒီနားတစ်ဝိုက်က တွေ့တဲ့ ဆေးရွက်တွေ ကပ်ထားပေးတာ၊ အနာမြန်မြန်ကျက်အောင်၊ ဟောဒါက ခွေးတောက်ရွက်၊ အနာငန်းမန်းမတက်အောင်၊ ဟောဒါက ဂုံဂမန်ရွက် ..."

"နေ ...နေပါဦးဆရာ၊ ကျွန်တော့်ပေါင်ကို ဘာလို့ ခွဲရတာလဲ"

ဆရာကြီးက သူ့ကို မကြည့်ဘဲ အဝေး တစ်နေရာသို့ ငေးမောကြည့်နေရင်းမှ -

"မင်း ကြောင်မျက်ရှင်ဆိုတာ ကြားဖူးလားမောင်ခြိမ့်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး၏ ရုတ်တရက် အမေးစကားကြောင့် သူ အံ့သြသွား၏။ တစ်ဆက်တည်းမှာပင် သူ့ပေါင်ကို ပင် ယောင်ရမ်းကာ ငုံ့ကြည့်လိုက်မိသည်။ ဆရာကြီး သူ့ပေါင်ထဲသို့ ကြောင်မျက်ရှင်ကို ထည့်ပေးလိုက်ခြင်း ပေလားဟု သိလိုစိတ် ပြင်းပြသွားသည်။

"ကြားဖူးပါတယ် ဆရာ"

"ကြောင်မျက်ရှင်ကို ပေါင်မှာထည့်ထားရင် ကြောင်တစ်ကောင်လိုပဲ သွက်လက်ပေါ့ပါး တယ်၊ အခုန်အပျံ ကျွမ်းကျင်တယ်၊ ဒါကို ပေါင်မှာ ခွဲထည့်ထားတဲ့ လူဟာ စောရတွေ ထဲမှာဆို အစွမ်းအထက်ဆုံးပဲ ဖြစ်လိမ့်မယ်"

ဟု ကြောင်မျက်ရှင်အစွမ်းကို သူ့အား ရှင်းပြ လေသည်။ သူသိချင်စိတ်ကို မမျိုသိပ်နိုင်ဘဲ အလျင် စလို မေးလိုက်၏။

"ဒါ...ဒါဆို ကျွန်တော့်ပေါင်ထဲကို ထည့် လိုက်တာ ကြောင်မျက်ရှင်လား ဆရာ"

ဆရာကြီးက သူ့အမေးကို မည်သို့မျှ မတုံ့ပြန်



ချေ။ ဟုတ်၏၊ မဟုတ်၏ဆိုခြင်းကို မဖြေဘဲ နေလေ သည်။

ဘာပဲဖြစ်ဖြစ် ထိုနောက်ပိုင်း၌ သူ့ ခန္ဓာကိုယ် ပြောင်းလဲသွားခြင်းကိုတော့ နောက်ထပ်ရက်အနည်းငယ် အတွင်းမှာပင် လက်တွေ့စမ်းသပ်ခွင့်ရခဲ့ပါလေ၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ရက်ခန့်မှ ဤအိမ်ပတ်ဝန်းကျင်ကို သူ လေ့လာထားပြီးဖြစ်သည်။ ခြံစည်းရိုးကို ကြီးမားသော သစ်လုံးကြီးများဖြင့် ကာရံထားပြီး ခြံထဲတွင် အရိပ်ကောင်းသော မန်ကျည်းပင်ကြီးတစ်ပင်သာ ထီးထီးမားမားရှိလေသည်။ ခြံထဲသို့ဝင်ရန် အကောင်းဆုံးနည်းလမ်းမှာ ခြံ၏ အနောက်ထောင့်တွင်ရှိသော စပါးကျီဘေးမှ ခြံနှင့်ကပ်နေသော ပိန္နဲပင်ကြီးကို သူ တွေ့ထားသည်။

ပိန္နဲပင်၏ ကိုင်းများသည် ခြံထဲမှ စပါးကျီပေါ်သို့ ထိလုနီးပါး ထိုးကျနေသောကြောင့် ခြံပြင် ပိန္နဲပင်



ပေါ်မှတစ်ဆင့် ခြံတွင်းသို့ ဝင်ရန် အသင့်တော်ဆုံးပင်ဖြစ်သည်။ ရှင်းလင်းနေသော ခြံပတ်ဝန်းကျင်တွင် သူ မှောင်ရိပ်ခိုရန် နေရာမရှိသောကြောင့် ပိန္နဲပင်ပေါ်မှပင် အိမ်ကြီး၏ အခြေအနေကို သူ စောင့်ကြည့်နေမိ၏။

ညဉ့်သည် နက်သည်ထက် နက်လာချေပြီ။ ပိန္နဲကိုင်းပေါ်မှ စပါးကျီပေါ်သို့ သူ အသာအယာ ခုန်ဆင်းလိုက်သည်။ သူ့ခန္ဓာကိုယ်သည် အိမ်ခေါင်မိုးပေါ်တွင် ဖက်ရွက်တစ်ရွက်ပမာ ပေါ့ပါးစွာ ရုပ်တိုက်ပြေးလွှားသွားသည်။ ထိုမှတစ်ဆင့် အိမ်မကြီး၏ ပြတင်းပေါက်နံရံသို့ တွယ်တက်လိုက်ပြီး တံစက်မြိတ်အစွန်းတွင် လင်းနို့တစ်ကောင်လို ကပ်၍ အိမ်တွင်းမှ အသံဗလံများကို နားထောင်လိုက်သည်။

အိမ်တွင်းမှ လူများ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်မှာ သေချာနေပြီ။ တစ်ချက် တစ်ချက် သူ့နောက်နားဆီမှ ဟောက်သံထွက်ပေါ်လာသောကြောင့် အိပ်ခန်းတစ်ခု၏ နံရံဘေးသို့ သူရောက်နေသည်ကို သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ထဲသို့ ပြတင်းပေါက်မှ ကျော်ဝင်လိုက်သည်။ အိပ်ပျော်နေကြသော အိမ်ရှင်လင်မယား၏ ခေါင်းရင်းမှ ကျွန်းသေတ္တာကြီးကို ဖွင့်၍ မွှေနှောက်ရှာဖွေလိုက်သည်။ သေတ္တာထဲတွင် အဖိုးတန် လက်ဝတ်ရတနာများ ထည့်ထားသော သံဘူးတစ်ဘူးကို တွေ့ရလေ၏။

သူ သံဘူးထဲမှ ရတနာများကို အိတ်တစ်လုံးအတွင်းသို့ သွန်ထည့်လိုက်ပြီး ပြတင်းပေါက်မှ အပြင်သို့ ထွက်ရန် ပြင်လိုက်စဉ် လက်ထဲမှ သံဘူးသည် ကြမ်းပြင်ပေါ်သို့ အရှိန်ပြင်းစွာ လွတ်ကျသွားတော့သည်။ သံဘူးနှင့် ကြမ်းပြင် ထိတွေ့ရိုက်ခတ်သံက တိတ်ဆိတ်သော အိမ်အတွင်းတွင် ဆူညံစွာ မြည်ဟီးသွားတော့သည်။

ထိုအသံကြောင့် အခန်းထဲမှ အိပ်ပျော်နေ သော အိမ်ရှင်မှာ လန့်နိုးသွားသည်။ ပြတင်းဝတွင် အံ့သြမင်သက်စွာ ရပ်နေသောသူကို မြင်လိုက်သောကြောင့်…

"သူခိုးဟေ့ …သူခိုး …"



ဟု အော်ဟစ်လေတော့၏။ သူ ပြတင်းပေါက်ကို အလွယ်တကူ လျှိုဝင်ရန် မဖြစ်နိုင်သောကြောင့် အိမ်ရှေ့ လေသာဆောင်ဘက်သို့ ပြေးထွက်ခဲ့တော့၏။ အိမ်ရှင်လူကြီး၏ အော်ဟစ်သံကြောင့် လူများ အခန်းတွင်းသို့ စုပြုရောက်ရှိလာတော့သည်။ အိမ်ရှေ့ လေသာဆောင်မှာ အတော်လေး မြင့်သည်။ သူ့ကို အချိန်မရွေး အိမ်ရှင်များ တွေ့သွားနိုင်သည်။ သူ ဘာလုပ်ရမှန်းမသိ၊ ကြံရာမရ ဖြစ်နေသည်။

"သူခိုး …အဲဒီသူခိုး အခုပဲ လေသာဆောင်ဘက် ပြေးတယ်"

ဟူသော အိမ်ရှင်လူကြီး၏ အသံကြောင့် သူ ထိတ်လန့်စွာ ဟိုဒီကြည့်လိုက်ပြီး လွတ်မြောက်ရန် နည်းလမ်းကို စဉ်းစားရသည်။ မြေပြင်ပေါ်သို့ ခုန်ချရန် သူ အရှိန်ယူလိုက်သည်။ သူ့ပေါင်မှ အနာက ခုမှ သက်သာကာစရှိသေးသည်။ ဒီဒဏ်ရာနှင့် ခုန်ချလို့ ဖြစ်ပါ့မလားဟု စဉ်းစားရင်း သူ့လက်က ပေါင်သို့ ပုတ် ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ထင်မှတ်မထားသော အဖြစ်အပျက်သည် ရုတ်ချည်း ဖြစ်ပျက်သွားသည်။ လေသာဆောင်အဝသို့ လူအများ ရောက်ရှိလာပြီး သူ့ကို ဖမ်းမိခါနီးမှာပင် သူ့ခန္ဓာကိုယ်သည် အလွန်ပေါ့ပါးသွားပြီး လေသာဆောင်မှ ကြောင်တစ်ကောင် ခုန်ပျံကျသွားသလို သူ မြေပြင်ပေါ်သို့ ကျသွားတော့သည်။

ခြံထဲသို့ ရောက်သောအခါ မြင့်မားသော သစ်လုံး ခြံစည်းရိုးကို မော့ကြည့်ရင်း ပေါင်ကို သူ့လက်ဝါးဖြင့် အရှိန်ပြင်းစွာ ပုတ်လိုက်ရာ သူ အလွန်လျင်မြန်သော အဟုန်ဖြင့် ကျွမ်းပစ်ကာ ခြံပြင်သို့ ရောက်သွားတော့၏။ သည်တစ်ကြိမ်တွင် သူ လွတ်မြောက်လာခဲ့ပြီဖြစ်သည်။ သူ့ကိုယ်သူလည်း ယခင်ကထက် ပိုမိုပေါ့ပါး ဖျတ်လတ်နေသည်ကို အံ့သြနေမိ၏။

♣ ♣ ♣



ထန်းရည်ဆိုင်ထဲသို့ သူဝင်လာသောအချိန်တွင် ထန်းရည်ဆိုင်ထဲမှ လူအများသည် တစ်စုံတစ်ခုကို တအံ့တသြ ပြောဆိုနေကြသဖြင့် သူ အံသော နားထောင်နေမိသည်။ ထန်းရည်သမားတစ်ဦးက စ၍ ...

“နောင်ကြီးတို့ရွာမှာ ခုတလော သူခိုးတွေ သောင်းကျန်းနေတယ်ဆိုတာအမှန်ပဲလားဗျ”

ထိုအခါ နောက်တစ်ဦးက ...

“ဘယ်က သူခိုးတွေတုန်း နောင်ကြီးရဲ့၊ ဒီနယ်ဟာ ရွှေမြို့တော်နဲ့နီးနီးလေးရယ်၊ သူခိုးသူဝှက်တွေ မရှိနိုင်ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အင်မတန် စပ်စပ်စုစုနိုင်သော ရွာသားတစ်ဦးက ဤသို့ ဝင်ပြောပြန်သည်။

"ရောင်းရင်းတို့က တယ်လည်း ဗဟုသုတနည်းတာကိုး၊ ခု ဟိုဘက်ရွာမှာ သူခိုး ခိုးခံရတယ်၊ သူခိုးကလည်း လူစွမ်းကောင်းဆိုပဲ၊ တစ်ယောက်တည်း ဝင်ခိုးတာ၊ ဘယ်သူမှ မမိလိုက်ဘူးတဲ့၊ လက်ခုပ်တစ်ဖောင်မက မြင့်တဲ့ သစ်လုံးစည်းရိုးကို ကျော်ထွက်သွားတာများ ရိပ်ခနဲပဲ တွေ့လိုက်ရတယ်တဲ့ဗျ"

"ဒီနောင်ကြီး ပြောပုံအရဆို သူခိုးဟာ သာမန်တော့ မဖြစ်နိုင်ဘူးထင်တယ်နော"

"အမယ်လေး ရောင်းရင်းရယ်၊ သူခိုးဟာ သာမန်မဟုတ်လို့ ဘာများဖြစ်ရဦးမှာလဲ၊ သင်း ဘယ်လောက်စွမ်းစွမ်း တစ်နေ့တော့ မိမှာပါပဲ၊ ရောင်းရင်းတို့လည်း ကြားဖူးမှာပေါ့၊ 'ရှင်ဘုရင့်ဘုန်း မိုးသို့ရှုန်း တောပုန်းမနေသာ' တဲ့၊ ဒီရာဇဝတ်သားတော့ မင်းပြစ်သင့်မှာ မြင်ယောင်သေးရဲ့"



"ဟုတ်တာပေါ့ နောင်ကြီးရယ်"

ထန်းရည်ဆိုင်ထဲမှ တစ်ယောက်တစ်မျိုး ပြောဆိုနေကြသော လူအများကို သူ တစ်ချက်ဝေ့ကြည့်လိုက်ပြီး ထန်းတောနှင့် ဝေးရာသို့ ထွက်လာခဲ့သည်။ ဒီအနီးအနား နယ်တစ်ဝိုက်တွင် သူ၏သတင်းသည် တောမီးပမာ တဖြည်းဖြည်း ပျံ့နှံ့လာပြီဖြစ်၏။ သူ ဟန်မပျက်ပင် အိမ်သို့ပြန်ကာ တောင်ယာထဲသွားရန် စဉ်းစားလိုက်သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်သို့ရောက်ချိန်တွင် ခတ္တာ ယာထဲသွားနေသည် ဖြစ်၏။ အိမ်ထဲသို့ အခြေအနေ အကဲခတ်လိုက်ပြီး သူ့အိတ်ထဲမှ ခိုးရာပါပစ္စည်းများကို တွင်းတူး၍ မြှုပ်လိုက်သည်။ မည်သူမှ မရိပ်မိအောင် သူ သေသေချာချာ စီစဉ်ပြီးသားဖြစ်၏။

မြေကို အသေအချာဖို့ပြီး အမှိုက်သရိုက်များ၊ သစ်ရွက်ခြောက်များဖြင့် ဖုံးအုပ်ထားလိုက်သည်။

"မောင်ကြီး ဘာတွေလုပ်နေတာလဲ"

သူ့နောက်ကျောမှာ လာရပ်၍ ပြောလိုက် သော ခတ္တာ၏အသံကြောင့် သူ လန့်ဖျပ်သွားသည်။



ခတ္တာ မြင်သွားပြီလားဟူသော စိုးရိမ်စိတ်ကြောင့် သူ ချွေးများ စို့လာရ၏။

"နှမ ...ဘယ်တုန်းက ပြန်လာတာလဲ"

"အခုပဲ ပြန်လာတာ၊ ယာခင်းထဲမှာ မြက်ရိုင်းတွေ သွားနုတ်တာ၊ ဒါနဲ့ မောင်ကြီးက ဒီနားမှာ ဘာရပ်လုပ်နေတာလဲ"

ခတ္တာစကားကြောင့် သူ ပို၍စိုးရိမ်သွားပြီး ရတနာပစ္စည်းများ မြှုပ်ထားသော မြေပေါ်တွင် ရပ်ရင်း ...

"ဘာ ...ဘာမှမလုပ်ပါဘူး နှမရယ်"

"မောင်ကြီးကို ပြောစရာရှိတယ်"

ခတ္တာ၏ ညိုးငယ်သောအသွင်ကြောင့် သူ အထိတ်တလန့် ဖြစ်သွားသည်။

သူ့လုပ်ရပ်တွေ ခတ္တာ ရိပ်မိသွားပြီဟု ထင်လိုက်မိ၏။

"ဘာပြောချင်လို့လဲ၊ မောင်ကြီးကို ပြောလေ"

"တခြားမဟုတ်ပါဘူး၊ နှမမှာ အသုံးပြုတ်နေ

www.burmeseclassic.com

www.burmeseclassic.com



လို့ ငွေနည်းနည်းလောက် မောင်ကြီးမှာများ ရှိသလားလို့ပါ"

"သြော် ...ဒါများနှမရယ်၊ ကဲ ...ရော့၊ ဒီမှာ၊ အဲဒီအတွက် ဘာမှမပူနဲ့"

သူထုတ်ပေးလိုက်သော ငွေဒင်္ဂါးများကို ကြည့်ကာ အံ့သြနေသည်။ ထို့နောက် သူမမျက်နှာက ရုတ်ချည်းပင် သံသယရိပ်များ သန်းလာကာ ...

"ဒီငွေတွေကို မောင်ကြီး ဘယ်ကရတာလဲ ဟင်"

"မောင်ကြီး သူရင်းငှားလုပ်တုန်းက စုထားတဲ့ ငွေစတွေပါ၊ နှမကို ပေးမလို့ မေ့နေတာ"

ခတ္တာသည် မည်သို့မျှ မပြောတော့ဘဲ ငွေဒင်္ဂါးများကို ယူကာ ထွက်သွားတော့၏။ ခတ္တာ ထွက်သွားကာမှ သူ သက်ပြင်းချနိုင်တော့သည်။

♣ ♣ ♣



တောထဲတွင် ကျေးငှက်များ၏ အော်မြည်တွန်ကျူးသံမှလွဲ၍ တိတ်ဆိတ်နေသည့် တောလမ်းလေးအတိုင်း သူ လျှောက်လာခဲ့သည်။ သစ်ရွက်ခြောက်များ၊ သစ်ကိုင်းလေးများကို နင်းလျှောက်သွားတိုင်း ထွက်ပေါ်လာသော မြည်သံများမှာ ဆက်တိုက်ထွက်ပေါ်လာသည်။

သူ မျှော်လင့်ထားသည့်အတိုင်း ဆရာကြီးသည် တွေ့နေကျနေရာ၌ပင် သူ့အား စောင့်ဆိုင်းနေသည်။ သူ့ကို မြင်သောအခါ ...

"လာ...မောင်ခြိမ့်၊ မင်းကို ငါမျှော်နေတာကွ"

ဟု ဆရာကြီးက ဆီးကြို၍ ပြောလေသည်။

"ကျွန်တော့်ကို ဘာများခိုင်းမလို့လဲ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေးကြောင့် ဆရာကြီးက …

"ဒီလိုရှိတယ် မောင်ခြိမ့်ရဲ့၊ တောရတစ်ယောက်ဟာ ရွာသိမ် ရွာငယ်လေးတွေက သူဌေး သူကြွယ်အိမ်တွေ ဝင်ခိုးနေရုံနဲ့ မပြီးသေးဘူး"

"ကျွန်တော်သွားခိုးတိုင်း အဖိုးတန်ပစ္စည်းကို ရအောင်ခိုးနိုင်ခဲ့တာချည်းပဲ"

"ဒါပေမဲ့ အစွမ်းအစရှိတဲ့ သူခိုးတစ်ယောက်၊ တောရဝိဇ္ဇာတစ်ယောက်ဟာ နန်းတွင်းက ဘုရင့်ဘဏ္ဍာကို ခိုးနိုင်ရတယ်ကွ"

ဆရာကြီး၏ စကားကြောင့် သူ အလွန်အံ့သြသွားရသည်။ ရွှေနန်းတော်အထိ သူ ဝင်ခိုးရမည်ဆိုသောကြောင့် စိတ်လှုပ်ရှားမိ၏။ တောရွာနေပုဒ်တွင်ရှိသော သူဌေးသူကြွယ်များအိမ်သို့ ဝင်ခိုးရသည်မှာပင် လွယ်ကူသော အလုပ်မဟုတ်ချေ။ အသက်နှင့် ရင်း၍ စွန့်စားရ၏။ တောရွာတွင် ရွှေနန်းတော်မှာကဲ့သို့ အစောင့်ရဲမက်များလည်း မရှိချေ။

"ဘာတွေ စဉ်းစားနေတာတုန်း တပည့်ရဲ့၊



ဆရာက မင်းကို ယုံကြည်စိတ်ချလို့ ခိုင်းတာ၊ အဲဒါ နောက်ဆုံးအဆင့်ပဲကွ"

"ဖြစ်ပါ့မလား ဆရာ၊ ရွှေနန်းတော်ဆိုတာ"

"ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိစမ်းပါ၊ မင်းမှာ အစွမ်းအစတွေ အများကြီးရှိတယ်"

ဆရာကြီးစကားက တကယ်ကို တက်ကြွအားရဟန် ပေါ်လွင်နေသည်။ 'မင်းမှာ အစွမ်းအစတွေ အများကြီးရှိတယ်' ဟူသော စကားကြောင့် သူ စိတ်အားထက်သန်သွား၏။

"ကျွန်တော် ရွှေနန်းတော်ကို ရအောင်ဝင်မယ်"

ဟု ဆရာကြီးအား ပြောလိုက်သည်။

"အေး …ဘုရင့်ဘဏ္ဍာကိုလည်း မင်း ရအောင် ခိုးနိုင်ရမယ်"

ဟု သူ့အား ထပ်ဆင့်မှာကြားလိုက်လေတော့သည်။ သူ ယနေ့ညဉ့်ပင် ရွှေနန်းတော်သို့ ဝင်ခိုးရန် ဆုံးဖြတ်လိုက်သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်တွေ တထိတ်ထိတ် ခုန်နေရသည်။ နန်းမြို့ရိုးပေါ်တွင် လှံရှည်ထမ်းထားသော ရဲမက်များသည် ပြအိုးတစ်ခုစီတွင် မားမားမတ်မတ် ရပ်နေကြ၏။ ဓားလွတ်ကိုင်သော တပ်မှူးများသည် နန်းတော်တံခါး၌ပင် လူးလားခေါက်တုန့် လျှောက်နေကြ၍ ရွှေနန်းတော်သို့ ကျူးကျော်လာသူ မည်သူမဆို အချိန်မရွေး ခုတ်သတ်တော့မည့်ဟန် ရှိနေကြသည်။

သူ နေဝင်ဖျိုးဖျအချိန်မှ သန်းခေါင်ယံအချိန်အထိ စိတ်လှုပ်ရှားစွာ စောင့်နေရသည်။ သူ နန်းမြို့ရိုးဘေးသို့ မှောင်ရိပ်ခိုကာ ကပ်ခဲ့၏။ ညဉ့်နက်ပြီ ဖြစ်သောကြောင့် အလှည့်ကျ ရဲမက်တချို့ တာဝန်ပေါ့လျော့စွာ



အိပ်မောကျနေကြသည်ကို သူ ကောင်းကောင်း အသုံးချပြီး နန်းတော်ဆောင်အနီးသို့ ချဉ်းကပ်လာသည်။ များပြားလှသော နန်းဆောင်များတွင် လက်နက်ကိုင်စစ်သည်များမှာ နေရာအနှံ့ စောင့်ကြပ်နေကြသည်။

ကျယ်ပြန့်လှသော နန်းတော်ပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို အကာအကွယ်ယူကာ နန်းဆောင်တစ်ခုထဲသို့ သူ ဝင်ခဲ့သည်။ ပြိုးပြက် လင်းလက်သော နန်းတော်ဆောင်၏ မှန်စီရွှေချ တိုင်လုံးကြီးများမှာ လူတစ်ယောက် ကောင်းစွာ ပုန်းခိုနိုင်သည်။ တိုင်တစ်တိုင်မှ တစ်တိုင် အလျှင်အမြန်ကူးကာ သူ အတွင်းဆောင်များသို့ ကျင်လည်စွာ ချဉ်းနင်းဝင်ရောက်ခဲ့သည်။

သူ ဖြတ်အပြေးတွင် ကင်းလှည့်လာသော ရဲမက်များကို တွေ့လိုက်ရသောကြောင့် သူ အခန်းတစ်ခုဘေးသို့ အသာဝင်ကပ်နေလိုက်ရသည်။ ထိုစဉ်…

“တပ်မှူး ဒီနားမှာ လူရိပ်တစ်ရိပ် တွေ့လိုက်တယ်”

“ရဲမက်တို့ ရှာကြစမ်း”

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးတစ်ယောက်၏ အမိန့်ပေးသံအဆုံးတွင် ဓားကိုင်ရဲမက်များသည် သူပုန်းခိုနေသော အခန်းအနီးသို့ ရောက်လာကြသည်။ သူ နောက်သို့ တရွေ့ရွေ့ဆုတ်ရင်း အခန်းတစ်ခုအတွင်းသို့ ရောက်သွားသည်။ အထပ်ထပ် ကာရံထားသော ကတ္တီပါခန်းစီးများ နောက်သို့ သူ ဝင်နေလိုက်သည်။ ရဲမက်များသည် သူ ဝင်လိုက်သော အခန်းတွင်းသို့ လိုက်မလာဘဲ တခြားတစ်နေရာသို့ ကျော်သွားကြသည်။ သူ ကန့်လန့်ကာစကို ဖယ်၍ အခန်းတွင်းသို့ ဝေ့ကြည့်လိုက်သည်။

"သြော် …မောင်ဘုရား အဆောင်တော်ကူးလာတယ် ထင်ရဲ့"

ဟူသော ချိုချိုလွင်လွင် စကားသံနှင့်အတူ သလွန်ပေါ်တွင် သူ့အား ကျောခိုင်းအနေအထားဖြင့် လဲလျောင်းနေသော နတ်သမီးတမျှလှပသည့် မိန်းကလေးသည် သူ့ဘက်သို့ လှည့်ကြည့်လာတော့၏။ သူ့ကို မြင်လိုက်ရသော အခါ မိန်းကလေးသည် လွန်စွာအံ့သြသွားပြီး နှင်းဆီပူးငုံသဏ္ဍာန် နှုတ်ခမ်းနှစ်လွှာမှာ စိုးထိတ်စွာပွင့်ဟသွားသည်။



"အို …အသင်က ဘယ်သူလဲ"

မိန်းကလေး၏အမေးကို သူ မဖြေနိုင်။ ပါးလွှာသော ညဝတ်ရုံအောက်မှ အလှကေရီ၏ သွယ်နွဲ့ ညွတ်ပျောင်းသော ကောက်ကြောင်းအလှကိုသာ တအံ့တသြငေးမောနေမိ၏။

"ဒါ ဘုရင့်မိဖုရားခေါင်ကြီးရဲ့ အိပ်ခန်းဆောင်၊ တော်ရုံ နန်းတော်သူ နန်းတော်သားတောင် မလာဝံ့တဲ့အခန်း၊ သင်က ဘာကြောင့်ကျူးကျော်လာရတာလဲ"

မိန်းကလေးသည် ဘုရင်မင်းမြတ်၏ မိဖုရားခေါင်ကြီး ဖြစ်ကြောင်း သိရသောအခါ သူ များစွာတုန်လှုပ်သွားမိသည်။ ငယ်ရွယ်လှပသော မိန်းကလေးတစ်ယောက်အဖြစ်သာ သူ ထင်မှတ်ထားခဲ့သည်။

"ကျွန်တော်မျိုး …"

"ဟန်တော့၊ သင်ဟာ သူခိုးတစ်ယောက်ပဲဖြစ်ရမယ်၊ နန်းတော်က ဘုရင့်ဘဏ္ဍာခိုးရင်ရက်ရက်စက်စက် တံကျင်လျှိုပြီး ကွပ်မျက်တာ

www.burmeseclassic.com

www.burmeseclassic.com



သင် မသိရှာသလား''

မိဖုရား၏အသံသည် မာထန်သော်လည်းအလွန် ချိုကြည်လှကြောင်း သူ သတိပြုမိသည်။ သူ မိဖုရားအား တစ်ခွန်းမှ စကားတုန့်ပြန်မဆိုမိဘဲ သူမ၏အလှကိုသာ တရှိုက်မက်မက် ငေးနေမိ၏။

''အခုဆို သင်ဟာ ဘုရင့်မိဖုရားအိပ်ခန်းထဲ အထိတောင် ရောက်နေတာ၊ သင့်အပြစ်ဟာ ဘယ်လောက်ကြီးလေးသလဲ သင်တွေးမိရဲ့လား၊ ကဲပါလေ… သင့်အသက်ကို သနားငဲ့ညှာသောအားဖြင့် စန္ဒာဝတီ ကယ်တင်လိုက်ပါ့မယ်၊ ကဲ … လာ …''

ဟုဆိုကာ မလှုပ်မယှက် ရပ်နေမိသော သူ့အား ဆွဲ၍ နန်းတော်ဝသို့သွားသော တံခါးသို့ထွက်စေ၏။ နူးညံ့နွေးထွေးသောသူမလက်ဖဝါး၏အထိအတွေ့သည် သူ့လက်မှတစ်ဆင့် နှလုံးသွေးကြောအထိ စီးဝင် ပျံ့နှံ့သွားသည်ဟုထင်ရသည်။ အခန်းမှထွက်ခါနီးသူ လှည့်ပြန်ငေးကြည့်ခိုက် ပြန်လှည့်ကြည့်လာသော မိဖုရား၏ရွှန်းရွှန်းတောက်



တောက်အကြည့်နှင့်ဆုံမိကာ ရင်တဖျတ်ဖျတ် ခုန်မိတော့၏။

လက်ရှိ သူ့အနေအထားမှာ မိဖုရား စန္ဒာဝတီ တစ်ချက်အသံပြုလိုက်သည်နှင့် နောက်တစ်နေ့ တောင်စွယ်မှာ နေကွယ်သည်နှင့် လူသတ်ကုန်းတွင် ကွပ်မျက်ခံရမည့် ရာဇဝတ်ကောင် ဖြစ်သည်ကိုပင် မေ့လျော့နေမိသည်။ သူ့ရင်တွင် တစ်ခါမှ မကြုံဖူးသော ခံစားမှုသည် ဖြစ်တည်လာ၏။ မျက်လုံးအကြည့်ချင်း ဆုံမိသောအခိုက်တွင် နှစ်ဦးစလုံး မျက်နှာလွှဲဖို့ မေ့နေကြသည်။

သူ သတိလက်လွတ်ဖြစ်ကာ မျက်နှာတွင် စည်းနှောင်ထားသော ပဝါကို ဖြုတ်၍ ကြည့်လိုက်မိသည်တွင် တုန့်ပြန်လာသော မိဖုရား စန္ဒာဝတီ၏မျက်နှာ၌ ကြင်နာရိပ်သန်းသော သိမ်မွေ့ညင်သာပုံကို မြင်ခဲ့ရလေ၏။ သူ၏လာရင်းကိစ္စကို မေ့လျော့နေခဲ့သည်။ ဘုရင့် ဘဏ္ဍာတိုက်အတွင်းမှ ရတနာကို ရအောင်ခိုးယူမည်ဟု စိတ်ပိုင်းဖြတ်ကာ လာခဲ့သောသူသည် ထူးခြားသော မိဖုရား၏အလှအပတွင် လုံးဝကို ကျရှုံးခဲ့ပြီဖြစ်၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်သို့ရောက်သောအခါ အိမ်ပေါက်ဝတွင် ထိုင်စောင့်နေသော ခတ္တာကို တွေ့လိုက်ရသည်။ ခတ္တာသည် သူ့အား မကြည့်။ ခတ္တာသည် သူ့အား အစရင်လို လိုက်လဲပျူငှာသော စကားတစ်ခွန်းတလေမှ မဆိုဘဲ သူရောက်သွားသည်နှင့် အိမ်ထဲသို့ ဝင်သွားတော့သည်။

ခတ္တာသည် အံ့သြဖွယ်ကောင်းလောက်အောင် သူ့အပေါ် အေးစက်စွာ နေလေသည်။ အိမ်ထဲသို့ ဝင်ခါနီး စူးရဲသော ခပ်စိမ်းစိမ်းအကြည့်တစ်ချက်နှင့် ကြည့်သည်မှလွဲ၍ စကားမပြောသောကြောင့် သူ စိတ်မကောင်း ဖြစ်သွားရသည်။



သူ့အလုပ်ကို ခတ္တာ မသိနိုင်ဟု ထင်ထားခဲ့သော်လည်း တစ်စတစ်စ ပျက်ယွင်းစပြုလာသော သူ့ခြေလှမ်းတွေကို ရိပ်မိနေပြီ ဖြစ်လိမ့်မည်။

သူ ညဉ့်နက်သန်းခေါင် နောက်ကျစွာ ပြန်လာတိုင်း စိုးရိမ်တကြီး စောင့်မျှော်နေတတ်ရှာသော ခတ္တာအတွက် သူ စိတ်မကောင်း ဖြစ်မိသည်။

မောင်ခြိမ့်မှာ တော်တော်နှင့် အိပ်လို့မပျော်နိုင်ဘဲ အိပ်ရာထဲတွင် အတန်ကြာ စဉ်းစားနေမိသည်။ သူ့အာရုံတွင် စန္ဒာဝတီမိဖုရား၏ လှပတင့်တယ်သော မျက်နှာလေးက ပြန်လည်ထင်ဟပ်လာသည်။

စန္ဒာဝတီ၏ အရိပ်အငွေ့သည် သူနှင့်အတူ ကပ်၍ပါလာသလို ခံစားလိုက်ရသည်။

အိပ်ပျော်သလို ဖြစ်သွားသောအခါတွင်လည်း သူ့အိပ်မက်ထဲတွင် စန္ဒာဝတီ၏ ပုံရိပ်ကသာ စိုးမိုးထား၏။

ဘုရင့်မိဖုရားမှန်း သိရက်နှင့် စန္ဒာဝတီကို မြတ်နိုး တ,သစွာ စွဲလန်းမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူ့ဘဝသည် မင်းပြစ်မင်းဒဏ် အချိန်မရွေး သင့်နိုင်သော ရာဇဝတ်သား၊ စန္ဒာဝတီသည် ရေမြေ့သခင် ရှင်ဘုရင်၏ မိဖုရားဖြစ်ရာ မည်သို့မှ မအပ်စပ်သော ဘဝသာ ဖြစ်၏။

♣ ♣ ♣



နောက်တစ်နေ့တွင် ဆရာကြီးထံသို့ သူ သွားသာ သွားရသည်။ အပြစ်လုပ်ထားမိသူကဲ့သို့ ကြောက်ရွံ့နေသည်။ ဆရာညွှန်ကြားသလို ဘုရင့်ဘဏ္ဍာကို ရအောင် ခိုးမလာနိုင်ဘဲ ထွက်ပြေးလာရသောကြောင့် ရှက်ရွံ့မိ၏။ သူ့ကို တွေ့သောအခါ ဆရာကြီးက …

"မောင်ခြိမ့် … မင်းတော်ပါတယ်၊ နန်းတော်ထဲကို မင်း ရောက်ခဲ့တယ်မဟုတ်လား"

ဟု ဆီး၍ ပြောလေသည်။ သူ အံ့သြသွား၏။

"ကျွန်တော် နန်းတော်ထဲ ရောက်ခဲ့တာ ဆရာကြီး သိတယ်ပေါ့"

ဟု ဆိုလိုက်သောအခါ ဆရာကြီးသည် သူ့အား

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြည့်လိုက်ပြီး ...

"မင်း အသက်လုပြီး ပြန်ပြေးခဲ့ရတာပဲ မဟုတ်လား"

ဟု ပြောတော့သည်။ သူ ခေါင်းငုံ့ချလိုက်ပြီး..

"ဟုတ်ပါတယ်ဆရာ၊ ကျွန်တော် ဘာပစ္စည်းမှ မရခဲ့ပါဘူး"

"ပစ္စည်းမရတာက အကြောင်းမဟုတ်ဘူး မောင်ခြိမ့်၊ အခု မြို့ထဲမှာ မင်းပုံတူ စာရွက်ကပ်ပြီး ဆုငွေထုတ်ထားတယ်တဲ့၊ မင်း အခုလို နန်းတော်ထဲဝင်တာတောင် မျက်နှာကို ပဝါနဲ့ မစည်းသွားဘူးလား၊ သူခိုးတစ်ယောက်ဟာ မျက်နှာကို အမြင်ခံတာ သိပ်မှားတယ်ကွ"

ဟု ဒေါသကြီးစွာ ဆူတော့၏။ သူ နန်းတော်ထဲ ဝင်ရာမှစ၍ ဘုရင့်မိဖုရား စန္ဒာဝတီ၏ အခန်းထဲသို့ ရောက်သွားပုံ၊ စန္ဒာဝတီကို မြင်လိုက်ရသောအခါ သတိမေ့လျော့ပြီး မျက်နှာမှ ပဝါကို ဖြုတ်ပြီး ကြည့်မိကြောင်း ဆရာကြီးကို ပြောပြလိုက်သည်။ သူ့စကားဆုံးသော



အခါ ဆရာကြီးက ...

"ဒါဆို မင်းပုံစံကို စန္ဒာဝတီ ပြောလိုက်တာပဲ ဖြစ်ရမယ်"

"မဖြစ်နိုင်ဘူးဆရာ၊ ကျွန်တော့်ကို သူကိုယ်တိုင် ပြန်လွှတ်ပေးခဲ့တာပဲ"

"အေးလေ၊ ဘာပဲဖြစ်ဖြစ် မြို့ထဲမှာ ကပ်ထားတယ်ဆိုတဲ့ မင်းပုံကို သွားကြည့်လိုက်ပေါ့၊ မင်း မျက်နှာကို မြင်လိုက်ရတာ စန္ဒာဝတီတစ်ယောက်တည်းဆိုတော့ သူ ပြောပြလိုက်တာလို့ ဆရာ ထင်တယ်"

ဟု ဆရာကြီးက ပြောလေသည်။ ထို့ကြောင့် သူ့ရုပ်ကို လူအများ မသိနိုင်အောင် အသွင်ပြောင်းပြီး ဝါးခမောက်ကြီး တစ်ချပ်ကို ဆောင်းကာ မြို့ထဲသို့သူ ထွက်ခဲ့သည်။ သူ မြို့ထဲသို့ သွားရာလမ်းတစ်လျှောက်တွင်လည်း စန္ဒာဝတီသည် သူ့အား ဖမ်းဆီးရန် သူ့မျက်နှာပုံသဏ္ဌာန်ကိုပြောပြလိုက်ပြီလားဟု တွေးတောနေမိသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မြို့ရိုးတံတိုင်းတွင် ဆုငွေထုတ်ထားသော ကြော်ငြာစာရွက်ကို အလုအယက် တိုးဝှေ့ကြည့်ရှုနေသော လူအများကို တွေ့လိုက်ရသည်။

တစ်ယောက်တစ်ပေါက်လည်း ပြောဆိုဝေဖန်နေကြလေ၏။ ထိုလူများနောက်တွင်တော့ ဝါးခမောက်ကြီးကိုင်ကိုင် ဆောင်းလျက် မောင်ခြိမ့်။

ရင်ခုန်လှုပ်ရှားစွာဖြင့်ပင် လူအများကြားမှ သူ့ပုံကို ကြည့်လိုက်မိသည်။ ဘယ်လိုများမြင်ရပါလိမ့်မလဲ။

သို့သော် ... နံရံပေါ်ကပ်ထားသောပုံကို အသေအချာ မြင်ရသောအခါ ...



သူ အံ့သြသွားလေ၏။

စာရွက်မှာ ရေးဆွဲထားသော ပုံသည် သူနှင့် လုံးဝမတူသော လူတစ်ယောက်၏ပုံသာ ဖြစ်လေသည်။

ချက်ချင်းပင် အားရကျေနပ်စွာ သူ ပြုံးလိုက်မိသည်။ စန္ဒာဝတီတစ်ယောက် သူ့အသက်ကို ကယ်လိုက်ပြန်ပြီပဲ။

ဝိုင်းအုံနေသောလူအများမှာ တကယ့်သူခိုးအစစ် သူ့ကို အာရုံမစိုက်မိဘဲ စာရွက်ထဲမှ သူနှင့်လုံးဝမတူသော ပုံစံကိုသာ အသဲအမဲကြည့်ရှုနေကြလေ၏။ ထိုပုံထဲက လူမျိုးကိုပင် သူတို့ သတိထားရှာဖွေကြပေတော့မည်။

ဒါဟာ စန္ဒာဝတီ တမင်လွှဲပြောလိုက်ခြင်းသာ ဖြစ်ရမည်ဟု သူ တွေးလိုက်၏။

စိတ်လက်ပေါ့ပါးစွာ သူ အိမ်ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်ရောက်ချင်းပင် ယနေ့ည သူ လုပ်ငန်းပြန်စရန် ကြံစည်လိုက်မိ၏။ ညနေစောင်းအချိန်တွင်တော့ သူ အဝတ်အစားနှင့် ပစ္စည်းပစ္စယများအားလုံး အဆင်သင့်ဖြစ်နေခဲ့လေပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီး … မိုးချုပ်တော့မယ်၊ ဘယ်သွားမလို့လဲ"

ခတ္တာက လှိုက်လှိုက်လှဲလှဲမရှိလှသောအသံဖြင့် လှမ်းမေးလေ၏။ ဘာရယ်ကြောင့်မှန်း မသိ။ ယခုရက်ပိုင်းအတွင်း ခတ္တာနှင့် သူ ခပ်စိမ်းစိမ်း ဖြစ်နေခဲ့ကြသည်။

"ဘယ်မှမသွားပါဘူးနှမရဲ့၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ခတ္တာစိတ်ထဲမှာမောင်ကြီး တစ်နေရာရာ သွားမှာလားလို့"

"မသွားပါဘူး နှမရယ်၊ ဒီအချိန်ကြီးကို ဘယ်သွားရမှာလဲ"

"ဒါဆိုလည်း ပြီးတာပါပဲလေ"

ဟု ဆိုကာ ခတ္တာသည် သူ့အိပ်ရာသို့ ဝင်သွားတော့သည်။ ခတ္တာ အိပ်ရာဝင်သွားသောအခါ သူလည်း သူ့အိပ်ရာ သူဝင်ခဲ့လေ၏။ သို့သော် သူ အိပ်လို့မရချေ။ ဘယ်လိုပင် အိပ်ပျော်အောင် အိပ်သော်လည်း သူ အိပ်မပျော်နိုင်။



နောက်ဆုံး သူ အိပ်ရာမှ အသာထကာ အဝတ်အစားလဲလှယ်ပြီး တိတ်တဆိတ် ထွက်ခဲ့လေတော့သည်။ အချိန်တန်လျှင် သူ မခိုးရ မနေနိုင်ဖြစ်နေသည့် စိတ်ကို သူ ကိုယ်တိုင် ထိတ်လန့်အံ့သြလာသည်။

♣ ♣ ♣

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဤအိမ်ကြီးသည် သူ ဆုငွေထုတ်ပြီး ဒုတိယ အကြိမ် သူ၏ပစ်မှတ်ဖြစ်လေသည်။ ဤအိမ်၏ ပိုင်ရှင်သည် အလွန်ကြွယ်ဝချမ်းသာသော သူဌေးကြီး ဦးဒီပ၏ အိမ်ဖြစ်သည်။

ဦးဒီပသည် ကြွယ်ဝချမ်းသာသလို အခြေအရံလည်း ပေါများလှသည်။ အစောင့်အကြပ်ထူသော ခြံကြီး ထဲသို့ သူ စွန့်စားကာ ဝင်လာခဲ့၏။ ခြံထဲတွင် မည်သည့် အခက်အခဲ အဆီးအတားကိုမျှ မတွေ့ရချေ။ ထို့နောက် အိမ်ကြီးပေါ်သို့ တက်ခဲ့တော့၏။

ဦးဒီပ၏အိမ်သည် အလွန်ခမ်းနားထည်ဝါပြီး



အတွင်းတွင် အခန်းပေါင်း မြောက်မြားစွာဖြင့် ဖွဲ့စည်းထားသည်။ အိမ်ထဲသို့ သူ ညင်သာစွာ လျှောက်လှမ်းလာရင်း အခန်းတံခါးတစ်ခုကို အသာတွန်းကြည့်လိုက်မိသည်။ တံခါးသည် အသာအယာပင် ပွင့်သွားသည်။ အထဲတွင် ဘာပစ္စည်းမှမရှိ၊ အခန်းလွတ်တစ်ခုသာ ဖြစ်သည်။ ထို့နောက် အခန်းတစ်ခုကို သူ တွန်းဖွင့်ဝင်လိုက်သည်။ အခန်းထဲတွင် ကြီးမားလှသော ကုတင်ကြီး တစ်လုံးကို တွေ့ရသည်။ ကုတင်ပေါ်တွင် တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရချေ။

သူ့စိတ်ထဲတွင် အခန်းတံခါးတစ်ခု ဖွင့်လိုက်မိတိုင်း မိဖုရား စန္ဒာဝတီ၏ မျက်နှာကိုသာ မြင်ယောင်နေမိသည်။ နောက်အခန်းတစ်ခုကို တွန်းဖွင့်ပြီး အခန်းတွင်းသို့ သူ ဝင်သွားလိုက်၏။ သူ့စိတ်ထဲတွင် တစ်ခုခု ထူးဆန်းနေသယောင်။ တစ်အိမ်လုံး အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်နေ၏။

ညနေက အိမ်အနီးအနားတွင် သူ လေ့လာခဲ့စဉ်က ဤခြံထဲတွင် လူတော်တော်များများကို တွေ့ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခုတော့ တစ်ယောက်မှ မတွေ့ရ။

သူ့စိတ်ထဲ သင်္ကာမကင်းဖြစ်သွားပြီး အခန်းထဲက ထွက်လိုက်သည်။ သို့သော် သူ အသိနောက်ကျသွားပြီ ဖြစ်၏။

"ဟေ့ ရပ်လိုက်စမ်း"

ဟူသော အသံနှင့်အတူ သူ့ဘေးပတ်လည်တွင် လှံရှည်များဖြင့် ဝိုင်းရံထားသော လူအများကို တွေ့လိုက်ရသည်။ သူနှင့် လက်တစ်ကမ်းအကွာမှ ပတ်လည်ဝိုင်းနေသော လူအများကို မြင်လိုက်ရသောကြောင့် သူ အနည်းငယ် ထိတ်လန့်သွားမိသည်။ ထို့ကြောင့် သူ ပေါင်ကို ပုတ်လိုက်ပြီး သူ့ကိုဝိုင်းထားသော လူအုပ်ကြီးကြားမှ ကျွမ်းထိုးကာ ထွက်ပြေးခဲ့သည်။

"ဟာ ... ပြေးပြီ၊ လိုက် ... လိုက်"

ဟု အော်ပြီး လူအုပ်ကြီး သူ့နောက်မှ လိုက်လာကြသည်။ သူ ရုတ်တရက် ထွက်ပြေးသောကြောင့် လူအုပ်ကြီးမှာ အံ့သြမင်တက်မိနေရာမှ ရုတ်ရုတ်သဲသဲ ဖြစ်သွားပြီး သူ့နောက်သို့ အတင်းလိုက်ကြတော့သည်။

BURMESE CLASSIC .com



ကြယ်ရောင် မှိန်တုန်တုန်အောက်တွင် သူတရှိန်ထိုး ပြေးထွက်ခဲ့သည်။ သူ ပြေးနေရင်းမှပင် နောက်သို့ တစ်ချက်လှည့်ကြည့်မိသည်။ လူအုပ်ကြီးမှာ သူ့နောက်က ပါလာမြဲပင်။

သူ ပေါင်ကိုပုတ်ကာ ကျွမ်းထိုးပြီး သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်လိုက်သည်။ သို့သော် နောက်မှ ပစ်လွှတ်လိုက်သော လှံရှည်က သူ့ညာလက်ပြင်သို့ စိုက်ဝင်သွားတော့၏။ သူ သစ်ပင်များပေါ်သို့ တစ်ပင်ချင်း ခုန်ပျံပြီး ထွက်ပြေးခဲ့သည်။ နောက်ဆုံး သူ မြေပြင်ပေါ်သို့ ခုန်ချလိုက်စဉ်မှာ နောက်မှလိုက်လာသော လူသံများ တစ်စထက်တစ်စ ပေးကျန်ခဲ့ကြောင်း သိလိုက်ရသည်။ သူ အိမ်သို့ရောက်အောင် အားတင်း၍ ပြေးခဲ့သည်။ သူ အိမ်တစ်အိမ်ရှေ့အရောက်တွင် သတိလစ်၍ လဲကျသွားတော့သည်။ သူ့အမြင်အာရုံတွင် နောက်ဆုံး မသဲမကွဲ မြင်လိုက်ရသည်မှာ သူနှင့် ခဏ္ဍာ နေထိုင်သော တဲအိမ်ငယ်လေးပဲ ဖြစ်သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်၏ တိုးညှင်းသော ငိုရှိုက်သံသဲ့သဲ့ကို သူ အရင်ဆုံး ကြားလိုက်ရသည်။ သူ့ခန္ဓာကိုယ်ကို အနည်းငယ် လှုပ်ရှားလိုက်သည်နှင့် ညာဘက်လက်ပြင်ဆီမှ နာကျင်သော ဝေဒနာတစ်ခုကို ခံစားလိုက်မိသည်။ ထို့နောက် ...

"မောင်ကြီး ... မောင်ကြီး သတိရလာပြီ"

ဟူသော မိန်းကလေး၏အသံကို ကြားရ၏။ သူ မျက်လုံးများကို အားယူ၍ဖွင့်ကြည့်လိုက်စဉ် စိုးရိမ်တကြီး မျက်နှာနှင့် ငုံ့မိုးကြည့်ရှုနေသော ခတ္တာကိုတွေ့ရသည်။

"ခတ္တာ ... မောင်ကြီး ဘယ်လိုရောက်နေတာလဲ"



သူ့အမေးကြောင့် ခတ္တာ ငိုရှိုက်နေရာမှ ...

"မောင်ကြီး အိမ်ပြန်ရောက်နေတာလေ"

ဟု ဖြေသည်။ သူလဲကျသွားသည့် နေရာမှာ သူ့အိမ်ရှေ့တွင်ဖြစ်ကြောင်း သတိရလိုက်မိ၏။ သူ အိမ်ထဲသို့ လှည့်ပတ်ကြည့်ရှုလိုက်သည်။ သူ ခိုးခဲ့သောပစ္စည်းများ ဘယ်များရောက်သွားပါလိမ့်ဟု စိုးရိမ်သွားသည်။ သူ၏ ထိတ်ထိတ်ပျာပျာ အမူအရာကြောင့် ...

"မောင်ကြီး ဘာတွေရှာနေတာလဲဆိုတာ နှမ သိပါတယ်၊ ဘာဖြစ်လို့ ဒီအလုပ်တွေ လုပ်ရတာလဲ မောင်ကြီးရယ်၊ မောင်ကြီးတစ်ခုခုဖြစ်သွားရင် နှမ ဘယ်သူ့ကို အားကိုးပြီးနေမလဲ"

ဟုဆိုကာ ဝမ်းနည်းစွာ ငိုကြွေးနေသော ခတ္တာကို သူ ကရုဏာသက်စွာ ကြည့်လိုက်သည်။ သူ့အလုပ်ကို ခတ္တာ သိရှိသွားသည့်အတွက် သူ ခတ္တာကို ရင်မဆိုင်ရဲသလို ဖြစ်နေရသည်။

"နောက် ဒီလိုမျိုး မလုပ်ပါနဲ့တော့ မောင်ကြီးရယ်၊ နှမကို ဒီအလုပ်မျိုးနဲ့တော့ လုပ်မကျွေး

www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့၊ မကောင်းတဲ့ ဒုစရိုက်လုပ်ငန်းနဲ့လည်း နှမတို့ အသက်မမွေးပါရစေနဲ့ ...''

ခတ္တာသည် သူ့လုပ်ရပ်များအတွက် လွန်စွာ ယူကြုံးမရ ဖြစ်နေဟန်ရှိသည်။

''ပစ္စည်းတွေရော ဘယ်မှာလဲ နှမရယ်''

ဟု သူ ခတ္တာကို မဝံ့မရဲ မေးလိုက်၏။ ခတ္တာက မျက်ရည်ဥများကို မျက်တောင်ဖြင့် တစ်ချက်ခပ်ပစ်လိုက်ပြီး ကျားသစ်မလေးတစ်ကောင်လို သူ့အား စူးရဲစွာ ကြည့်၍ ...

''မောင်ကြီးက ဒီပစ္စည်းတွေကို မက်မောနေတာလားဟင်''

ဟု ဆို့နင့်ကြေကွဲသံဖြင့် မေးလေသည်။ သူ ခေါင်းကို တစ်ချက်ခါလိုက်ပြီး ...

''မဟုတ်ဘူး နှမ၊ ဒါတွေကို မောင်ကြီး မမက်ပါဘူး''

''မမက်ရင် ဘာလို့ယူလာရတာလဲ မောင်ကြီးရယ်၊ မောင်ကြီးယူခဲ့တဲ့ဟာတွေ အကုန်လုံး



နှမ မီးရှို့ပစ်လိုက်ပြီ၊ မီးရှို့လို့မရတဲ့ ပစ္စည်းတွေလည်း မြစ်ထဲမျှောလိုက်ပြီ ...''

''မောင်ကြီး ဒီပစ္စည်းတွေကိုကိုယ်ကျိုးအငှာက် သုံးစွဲဖို့ ခိုးတာ မဟုတ်ပါဘူး နှမရယ်၊ မရှိဆင်းရဲသားတွေကို ခွဲဝေပေးတာပါ''

သူ့စကားအဆုံးတွင် ခတ္တာသည် သူ့မျက်နှာအား အံ့သြစွာကြည့်၍ ...

''ဖြစ်ရလေ မောင်ကြီးရယ် ... မောင်ကြီး အခုလိုဖြစ်လာတော့ နှမပဲ ခံစားရတာ၊ တစ်ခုခုများ ဖြစ်သွားရင် နှမ ဖြေလို့ရမှာမဟုတ်ဘူး မောင်ကြီးရဲ့''

ဟု ပြောလေသည်။

''မောင်ကြီးကို အခုလို ပြုစုပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် နှမရယ်''

''မောင်ကြီးနဲ့ နှမကြားမှာ ကျေးဇူးဆိုတာ ရှိလို့လား၊ နောက် ဘယ်တော့မှ မပြောပါနဲ့ မောင်ကြီးရယ်၊ မောင်ကြီးအတွက်ဆို နှမ

www.burmeseclassic.com

www.burmeseclassic.com



အသက်လည်း စွန့်ရဲပါတယ်၊ နောက်ကို ဒီအလုပ် မလုပ်ပါနဲ့တော့နော်”

ဟု သနားစဖွယ် ပြောရှာသည်။

“ကောင်းပါပြီ နှမရယ်”

လို့ သူ ခတ္တာကို ပြောလိုက်၏။ ခတ္တာမှာ သူ့ စကားကြောင့် မျက်နှာလေး ဝင်းထိန်သွားပြီး …

“ဝမ်းသာလိုက်တာ မောင်ကြီးရယ်၊ ဒါမှ နှမတို့ တစ်သက်လုံး အေးအေးချမ်းချမ်းနေရမှာ၊ ကဲ … အခုတော့ မောင်ကြီး ပြန်အိပ်လိုက်ဦးနော်၊ ဒဏ်ရာသက်သာမှ နှမတို့ ယာထဲ ပြန်ဆင်းကြတာပေါ့”

ဟု ဝမ်းသာလှိုက်လှဲစွာ ဆို၍လေ၏။ သူ ခတ္တာကို ကြည်နူးစွာ ခေါင်းညိတ်ပြပြီး အိပ်ရာထက်သို့ လဲလျောင်းလိုက်သည့်ခဏမှာပင် မူးဝေအားနည်းသလိုဖြစ်လာကာ နောက်တစ်ကြိမ် ပြန်လည်မေ့မျော သွားလေတော့သည်။

♣ ♣ ♣



သူ အိပ်ရာမှ နိုးလာသောအခါ အိပ်ရာပေါ်တွင် မဟုတ်တော့ဘဲ ခပ်သော့သော့ မောင်းနှင်နေသော လှည်းတစ်စီးပေါ်တွင် ရောက်နေကြောင်း သိလိုက်ရသည်။ သူ့တစ်ကိုယ်လုံး ကောက်ရိုးများဖြင့် ဖုံးလွှမ်းနေပြီး သူ လိုက်ပါလာသော လှည်းသည် မည်သည့်အရပ်သို့ ဦးတည် မောင်းနှင်နေသည်ကိုပင် မသိရချေ။ တစ်ချက် တစ်ချက် ထွက်ပေါ်လာသောနွားကို အော်ငေါက်သံမှာ မိန်းကလေးသံဖြစ်သောကြောင့် ခတ္တာပင်ဖြစ်ရမည်ဟု ထင်လိုက်သည်။

သူ ကောက်ရိုးများကြားမှ တိုးထွက်ရန် ပြင်လိုက်စဉ် …

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … ရပ်လိုက်စမ်း"

ဟူသော မာထန်သည့် ယောကျ်ားသံတစ်သံကို ကြားလိုက်ရသောကြောင့် သူ အသာလေးပြန်ငြိမ်နေလိုက်၏။ လှည်းသည် မောင်းနှင်နေရာမှ ရပ်တန့်သွားပြီး …

"လုံမလေးတစ်ယောက်တည်း ဘယ်သွားမလို့တုန်း"

ဟူသော လူတစ်ယောက်၏ အသံကို ကြားရသောကြောင့် တောပုန်းဓားပြများလားဟု တွေးမိပြီး ခတ္တာအတွက် စိုးရိမ်သွားမိသည်။

"ဟို … ရှေ့ကရွာကို သွားမလို့ပါ"

"လှည်းပေါ်က ကောက်ရိုးတွေကများလှချည်လား၊ အထဲမှာ ဘာတွေထည့်လာတာတုန်း"

"ဘာမှ မပါ,ပါဘူး တပ်မှူးရယ်၊ လမ်းမှာ နွားတွေ အစာပြတ်မှာစိုးလို့ ကောက်ရိုးတွေတင်လာတာပါ"

ခတ္တာအဖြေကြောင့် သူ ရင်ထိတ်သွားသည်။



သူတို့လှည်းကို ဘုရင့်ရဲမက်တွေ စစ်ဆေးနေကြခြင်းဖြစ်ကြောင်း သူ သိလိုက်ရ၏။ သူ စိတ်လှုပ်ရှားလွန်းသောကြောင့် ကိုယ့်အသက်ရှူသံကိုပင် ကျယ်လောင်စွာ ကြားနေရသည်။

"ကောက်ရိုးတွေဆိုတာတော့ ကျုပ်တို့လည်း မြင်တာပေါ့၊ အောက်မှာ ဘာတွေပါသေးလဲလို့ မေးနေတာ"

ဟူသော အသံကြောင့် သူ ပို၍ ထိတ်လန့်သွားမိသည်။ ခတ္တာက အေးဆေးတည်ငြိမ်သောလေသံဖြင့် -

"တပ်မှူးနဲ့ ဒီကရဲမက်ကြီးတို့ မယုံရင် ရှာကြည့်နိုင်ပါတယ်၊ ကောက်ရိုးတွေချည်းပါပဲ"

ဟု ပြန်ပြောလေသည်။ ထိုအခါ တပ်မှူးဖြစ်ဟန်တူသော အသံရှင်က …

"ကဲ … အချိန်ကုန်ပါတယ်၊ အရေးကြီးတာ ဒီနယ်တစ်ဝိုက်မှာ သောင်းကျန်းနေတဲ့ ခိုးသားကို ဖမ်းဖို့ပဲ ကိုရင်တို့ရယ်၊ ကောက်ရိုးလှည်းကို ရမယ်ရှာပြီး စစ်မနေပါနဲ့တော့လေ၊ ကဲ…

www.burmeseclassic.com

www.burmeseclassic.com



ဒီက နှမလည်း ခရီးဆက်လို့ ရပါပြီ''

ဟူသော အသံကြားမှ သူ သက်ပြင်းချနိုင်တော့၏။ ခတ္တာလည်း လှည်းကို ခပ်သွက်သွက်ပင် မောင်းထွက်ခဲ့သည်။ သူ ကျေနပ်စွာ ပြုံးလိုက်မိသည်။

ရဲမက်များနှင့် အတန်ငယ်ဝေးသော နေရာသို့ ရောက်သောအခါ သူ ကောက်ရိုးပုံကြားမှ ထိုးထွက်လိုက်သည်။ သူ့လှုပ်ရှားသံကြောင့် ခတ္တာသည် နောက်သို့ လှည့်ကြည့်လာသည်။

''ဟင် ... မောင်ကြီး အိပ်ရာက နိုးပြီလား''

သူ ခတ္တာကို ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီး

''ခုန လှည်းကို ရဲမက်တွေစစ်နေကတည်းက နိုးနေတာ''

ဟု ပြောလိုက်သောအခါ ခတ္တာ မျက်လုံးလေး အဝိုင်းသားဖြင့် ...

''အို ... ဟုတ်လား၊ တော်သေးတာပေါ့၊ မောင်ကြီးရယ်၊ ကောက်ရိုးတွေထဲက တိုးထွက်မလာပေလို့''



''ထွက်လာတော့ ဘာဖြစ်လဲနှမရဲ့၊ မောင်ကြီးတို့ ခရီးသွားတွေပဲ''

''ဘယ်ဖြစ်မလဲ မောင်ကြီးရယ်၊ မောင်ကြီးကို သူတို့မြင်သွားရင် ဖမ်းသွားမှာပေါ့''

သူမအသံက စိုးရိမ်လှုပ်ရှားစွာ တုန်ယင်နေသည်။ သူ ခတ္တာကို ကြည့်ရင်း ပြုံးကာပြောလိုက်၏။

''ဒါဆိုလည်း မောင်ကြီးကိုရဲမက်တွေလက်ထဲ အပ်ပြီး ဆုငွေထုတ်လိုက်ပေါ့''

''ဟင့်အင်း ... နှမ အသက်သာအသေခံမယ်၊ မောင်ကြီးကိုတော့ သူတို့လက်ထဲ မထည့်နိုင်ပါဘူး''

''နှမ စေတနာကို မောင်ကြီး ယုံပါတယ်၊ သူတို့က မောင်ကြီးကို ခိုးသားမှန်း ဘယ်လိုလုပ် သိနိုင်မှာလဲ''

''မောင်ကြီး ထွက်ပြေးလာတုန်းက ဒဏ်ရာရသွားတာ သူတို့သိတယ်၊ အခု မောင်ကြီး ဒဏ်ရာက ရှင်းရှင်းမပျောက်သေးတော့ ဧ

www.burmeseclassic.com

www.burmeseclassic.com



သွားရင် အဖမ်းခံရမှာ၊ အဲဒါကြောင့်မို့ နှမတို့ ရွာက ထွက်လာကြတာ၊ ဒီရွာလေးမှာပဲ နှမတို့ ယာတစ်ကွက်လောက် ရှာပြီး အေးအေးချမ်းချမ်း လုပ်ကိုင်စားကြတာပေါ့ မောင်ကြီးရယ်''

ခတ္တာစကားကြောင့် သူ ခတ္တာကို အံ့ဩလေးစားသွားရသည်။ ခတ္တာသည် ကျေးတောသူပင် ဖြစ်လင့်ကစား သတ္တိနှင့် ဉာဏ်ပညာမှာ ခေသူ မဟုတ်ကြောင်း သိလိုက်ရ၏။ ယခုလည်း ခတ္တာက သူ့အသက်ကိုကယ်လိုက်ပြန်ပြီဖြစ်သည်။ ရာဇဝတ်သားကို ဝှက်ထားလျှင် မင်းပြစ်သင့်မည်ကို သိပါလျက်နှင့် သူ့အတွက် စွန့်စားရဲသော ခတ္တာကို သူ ကျေးဇူးတင်မိသည်။ ခတ္တာသည် သူ့အပေါ်တွင် သံယောဇဉ်ဟူသော နွယ်ပင်ကလေးတစ်ပင်အဖြစ် ရစ်တွယ်နေလေပြီ။

♣ ♣ ♣



ခတ္တာ၏ ဂရုတစိုက် ပြုစုပေးမှုကြောင့် သူ့ဒဏ်ရာမှာ လုံးဝ ပျောက်ကင်းသက်သာသွားပြီ ဖြစ်၏။ သို့သော် ယာထဲသို့ သူ မသွားဖြစ်သေးချေ။ ခတ္တာတစ်ယောက်တည်းသာ မိုးလင်းမှ မိုးချုပ် ယာခင်းထဲသို့သွားကာ မြက်ရိုင်းများ ရှင်း၍ မြေကွက်ထွင်ရရှာသည်။

သူ ယာထဲသို့ လိုက်သွားမည်ဟု စိတ်ကူးပြီးမှ မတွေ့တာကြာပြီဖြစ်သော ဆရာကြီးကို တွေ့ချင်လာသောကြောင့် တောထဲသို့ လိုက်သွားမိသည်။ တောထဲသို့ သူရောက်သွားပြီး ဆရာကြီးနှင့် တွေ့နေကျနေရာသို့ သွားရှာလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တွေ့နေကျ သဖန်းပင်ကြီးနားသို့ ရောက်သော အခါ သူအားခဲ့ပြီး လာခဲ့သမျှ အချည်းနှီး ဖြစ်သွားသည်ကို သိလိုက်ရတော့သည်။ ဆရာကြီး နေထိုင်ခဲ့သော ဉာဏ်ပတ်ဝန်းကျင်တွင် ဆရာကြီးကို အရိပ်အယောင်မျှပင် မတွေ့ရတော့ချေ။ ထို့ကြောင့် ဆရာကြီးသည် တခြားနေရာသို့ ပြောင်းရွှေ့ကာ သွားရောက် နေထိုင်ပြီလားဟု တွေးလိုက်မိသည်။ မဖြစ်နိုင်။ ဆရာကြီးသည် ဉာဏ်တောထဲမှ ထွက်ခွာသွားစရာအကြောင်း မရှိချေ။

သူ စိတ်ပျက်အားငယ်စွာ ထွက်လာခဲ့မိသည်။ လမ်းလျှောက်လာရင်းက ဆရာကြီးအကြောင်း စဉ်းစားလာမိ၏။ ဆရာကြီးသည် တောထဲတွင် အမြဲတစေနေထိုင်သူဖြစ်သည်။ ဆရာကြီးကို တွေ့နိုင်ရန်မှာ ဉာဏ်တောထဲတွင် ရှာမှဖြစ်မည်။ ယခုမူ ဆရာကြီးက တွေ့နေကျနေရာ၌ မရှိ။

သူ အိမ်သို့ ပြန်ရောက်လာသောအခါ ခတ္တာပင် ပြန်မရောက်သေး။ တစ်ယောက်တည်း စိတ်ပျက်အားလျော့စွာ ထိုင်နေမိသည်။



ထိုစဉ် ခပ်လှမ်းလှမ်းမှ လာသူတစ်ဦးကို တွေ့လိုက်ရသည်။ သူ ရှာစဉ်က မတွေ့ဘဲ ယခုတော့ သူနေထိုင်သောအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေပြီ။ ထိုသူကား ...

သူ၏ ဆရာကြီးပင် ဖြစ်ပင်၏။ သူ အလွန်ဝမ်းသာ သွားသည်။

"ဆရာကြီး ... ဆရာကြီးကို ကျွန်တော် တွေ့ချင်လို့ လာရှာသေးတယ်"

ဟု အလျင်စလို ပြောလိုက်သည်။ ဆရာကြီးသည် သူ၏လွယ်အိတ်ကြီးကို အိမ်ပေါက်ဝတွင် ချထားလိုက်ရင်း အာလုပ်သံကြီးဖြင့်ပြော၏။

"ငါလည်း မင်းကိုတွေ့ချင်လို့ လိုက်လာတာ မောင်ခြိမ့်ရဲ့"

"ဆရာကြီး ကျွန်တော်နေတဲ့နေရာကို ဘယ်လို သိတာလဲ"

ဟု မေးလိုက်ရာ ဆရာကြီးက ရယ်မောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်ရောက်ရောက် ငါ ရှာနိုင်ပါတယ်ကွ"

ထို့နောက် ဆရာကြီးက ဆက်၍ …

… မင်း သူဌေးတစ်ယောက်အိမ် ဝင်အခိုးမှာ လုံးနဲ့ အပစ်ခံရတယ် မဟုတ်လား"

"ဝင်ခိုးတဲ့အချိန်မှာ ဖြစ်တာမဟုတ်ဘူးဆရာ၊ ကျွန်တော့်ကို လာမယ်ဆိုတာသိလို့ အကွက်ဆင်ပြီး ဖမ်းတာ၊ ကျွန်တော် ထွက်အပြေးမှာ လုံးနဲ့ အပစ်ခံရတာ …"

သူ့စကားကို ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်နေရင်းမှ ဆရာကြီးသည်

"ဒီလိုရှိတယ် မောင်ခြိမ့်ရဲ့၊ ဝီရိယဆိုတာ ပိုတယ်တော့ မရှိဘူး၊ ဒါပေမဲ့ အိမ်တစ်အိမ်ကို ဝင်ခိုးတော့မယ်ဆိုရင် အဲဒီအိမ်ရဲ့ အရိပ်အကဲကို ပုံသေသွားပြီး အကဲခတ်လို့ မရဘူးကွ၊ အကြောင်းမဲ့သွားလို့ မကောင်းတော့ ရုပ်ဖျက်သွားရတာတို့၊ ကုန်သည်အယောင်ဆောင်ပြီး



သွားရတာတဲ့ ရှိတယ်၊ ခု … သူတို့က မင်းအိမ်ကို အကဲခတ်နေတာ မြင်ရတော့ ဝါးခမောက်ကြီး ဆောင်းထားတဲ့ပုံစံကို တော်တော်များများက သတိထားမိနေပြီ၊ ပြီးတော့ မင်းဒဏ်ရာရသွားတာလည်း သိထားကြတယ်၊ အဲဒါကြောင့် မင်းတို့မောင်နှမ ဒီကို ပြောင်းရွှေ့လာကြတာပဲ မဟုတ်လား"

ဆရာကြီးသည် သူ့အကြောင်းကို တစ်ခုမကျန်သိနေသောကြောင့် သူ အလွန်အံ့ဩသွားမိသည်။

"ကျွန်တော် တောထဲလာရှာတုန်းက ဆရာကြီးဘယ်သွားနေတာလဲ"

ဟု မေးလိုက်ရာ …

"ကိစ္စတစ်ခုရှိလို့ ငါ ခရီးထွက်သွားတာ၊ ရောက်ရောက်ချင်း မင်းကို လာတွေ့တာပဲ"

ဟု ပြောပြီး ဆရာကြီးသည် အဝေးတစ်နေရာသို့ ရီဝေသော အကြည့်များနှင့် ငေးမောကြည့်ရှုနေလေသည်။ ထို့နောက် …

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကလေး ဒီပညာကို သင်တုန်းက ကျိန်ဆိုထားရတာ တစ်ခုရှိတယ်၊ မသေမချင်း လုပ်ပါ့မယ်၊ ဒါမှ မဟုတ်ရင်လည်း တကယ် ဒီပညာနဲ့ ထွန်းထွန်းပေါက်ပေါက် လုပ်မယ့်သူကို လွှဲပေးပြီးမှ ဒီအလုပ်ကို စွန့်ပါ့မယ်ပေါ့၊ အသက်ကြီးပြီမို့ ဆရာဒီအလုပ်ကို စွန့်ချင်ခဲ့တာ ကြာပါပြီ၊ အခုတော့ ဒီပညာကို မင်းဆီ အကြွင်းမဲ့ လွှဲပြောင်းပေးနိုင်ခဲ့တဲ့အတွက် ဆရာ ဘာသာရေးဘက်လိုက်ရင်း ငြိမ်းငြိမ်းချမ်းချမ်းပဲ နေသွားတော့မယ်၊ ခုဆို ဆရာ့အတွက် ကျိန်စာလည်း ပြယ်ပြီပေါ့ကွာ၊ ဆရာပြောခဲ့တဲ့ စကားတွေကိုသာ မင်းမမေ့ပစ်ပါနဲ့၊ ပြီးတော့ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကိုလည်း မဖောက်ဖျက်မိပါစေနဲ့၊ ဆရာ့ကိုတွေ့ချင်ရင် တောထဲကို လာတွေ့လှည့်ပါ"

စကားရှည်ကြီးပြောပြီး ဆရာကြီးသည် သူ့အိတ်ကြီးကို လွယ်ကာ တရွေ့ရွေ့ ထွက်ခွာသွားတော့



သည်။ သူ အံ့သြလွန်းသောကြောင့် စကားတစ်ခွန်းမှ မဆိုနိုင်ဘဲ ဆရာကြီး၏နောက်ကျောပြင်ကိုသာ ငေးမောရင်း ကျန်ခဲ့၏။

တစ်ယောက်က စောရဝိဇ္ဇာဘဝကို အပြီးအပိုင်စွန့်ကာ အေးချမ်းသော တရားရိပ် ခိုလှုံရန်ဆုံးဖြတ်လိုက်ပြီ။ ရပ်ကျန်ရစ်ခဲ့သောတစ်ယောက် (သူ) ကတော့ ဒီအလုပ်ကို ဆက်လုပ်ရပေဦးတော့မည်။

နစ်ကျွံမိသော ဒီဘဝကို သူပြန်မလှည့်နိုင်တော့။ အခါများစွာပြောခဲ့ဘူးသော ဆရာ၏ စကားကိုသူပြန်ကြားယောင်လိုက်မိ၏။

"မင်းဟာ သူခိုးလုပ်ဖို့ မွေးလာခဲ့တာတဲ့"

တကယ်ပင် မှန်ကန်လှသော စကားဖြစ်ပါပေသည်။ အစက စမ်းသပ်ချင်သလိုသာ လုပ်ခဲ့ဖြစ်ရာမှ သတိပြုမိသောအခိုက်၌ ရုန်းမရအောင် နှောင်ငင်မိခဲ့လေပြီ။

✵

www.burmeseclassic.com

www.burmeseclassic.com



"မောင်ကြီး"

သူ တွေဝေငေးမောနေစဉ် နောက်မှ ခေါ်လိုက်သော ခတ္တာအသံကြောင့် သူ လှည့်ကြည့်လိုက်ရာ စိုလက်သော မျက်ဝန်းအစုံနှင့် ညှိုးငယ်စွာ ကြည့်နေသော ခတ္တာကို သူ တွေ့လိုက်ရ၏။

"ခတ္တာ"

"နှမ အားလုံးကြားလိုက်ပါတယ်၊ မောင်ကြီး ဒီအလုပ်ကို ပြန်လုပ်ဦးမလို့လား"

"ဒီလိုလည်း မဟုတ်ပါဘူး နှမရယ်"

ခတ္တာသည် သူ သူခိုးအလုပ်ကို ပြန်လုပ်မှာ အင်မတန် စိုးရွံ့နေပုံရသည်။

"ဘယ်တော့မှ မလုပ်ဘူးလို့ ကတိပေးပါလား မောင်ကြီးရယ်"

ခတ္တာစကားကြောင့် သူ ခေါင်းကို ဖြည်းညင်းစွာ ခါလိုက်သည်။ သူ့အမူအရာကြောင့် ခတ္တာ စိတ်မကောင်းဖြစ်သွားဟန်ဖြင့် စကားတစ်ခွန်းမှ မဆိုဘဲ ငေးကြည့်နေလေ၏။



"အတတ်နိုင်ဆုံး မလုပ်ဖြစ်အောင် ဆင်ခြင်ပါ့မယ် နှမရယ်"

ဟုသာ သူ နှစ်သိမ့်လိုက်နိုင်သည်။ ခတ္တာကတော့ စကားတစ်ခွန်းမှ တုံ့ပြန်ပြောဆိုခြင်း မပြုတော့ချေ။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



"နှမရေ ... ခတ္တာ"

အိမ်ထဲမှ ခတ္တာ ထွက်လာသည်။ သူ ခတ္တာကို ဝမ်းသာအားရ လှမ်းခေါ်လိုက်သံကြောင့် -

"ဘာလဲ မောင်ကြီးရယ်၊ နှမဖြင့် ရင်ကို ထိတ် သွားတာပဲ"

ဟု ဆိုလေသည်။

"ခတ္တာကို ဝမ်းသာစရာစကား ပြောရဦးမယ်၊ မောင်ကြီးလေ ... ဒီရွာက မြေပိုင်ရှင် သူဌေး ကြီး တစ်ယောက်ဆီက ယာတစ်ကွက် ဝယ်ခဲ့ တယ်၊ သိလား ...၊ အရင်နေခဲ့တဲ့ ရွာမှာလို



အသီးအနှံတွေ ပြန်စိုက်ကြရအောင် ..."

"မောင်ကြီး အဲဒီလယ်ကို ဘယ်ကငွေနဲ့ ဝယ် တာလဲဟင်"

"မောင်ကြီး သူဌေးဆီမှာ သူရင်းငှားလုပ်ပြီး ယာတစ်ကွက်ဖိုးကို ဆပ်ရမှာပါ နှမရယ်၊ ဒီယာ အတွက် ပေးရမယ့် အဖိုးအခကလည်း သိပ် မများပါဘူးကွာ၊ အခု နှမရှင်းနေတဲ့ ယာခင်း အနားမှာပဲ သိလား"

ဟု သူ ရှင်းပြလိုက်တော့ ခတ္တာမှာ အလွန် ပျော်ရွှင်သွားသည့် ကလေးငယ်တစ်ယောက်၏အမူအရာ ဖြင့် "တကယ်ပြောတာလား မောင်ကြီးရယ်" ဟု ထပ် ကာ ထပ်ကာ မေးလေတော့သည်။

"တကယ်ပေါ့ နှမရဲ့၊ လာ ... အခုပဲ ယာထဲ သွားကြည့်ရအောင်"

ဟု ဆိုကာ ခတ္တာလက်ကိုဆွဲ၍ နှစ်ယောက် အတူ ယာခင်းထဲ ထွက်ခဲ့တော့၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သူ အိပ်မက် မက်ရင်း လမ်းလျှောက်သူပမာ လျှောက်သွားနေမိသည်။ သူ ခြေတစ်လှမ်း လှမ်းတိုင်း အာရုံတွင် စန္ဒာဝတီ၏ မျက်နှာကို မြင်ယောင်နေမိသည်။ မသိစိတ်တွင် တွယ်ငြိနေမိသော စွဲလန်းစိတ်ကြောင့် စန္ဒာဝတီရှိရာသို့ သူ စိတ်နောက်ကိုယ်ပါ ထွက်ခဲ့သည်။

သူ သတိရ၍ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိသည်တွင် သူ ရောက်နေသောနေရာသည် ရွှေနန်းတော်၏ အနီးအနားတစ်နေရာ ဖြစ်သည်ကို သိလိုက်ရ၏။ သူသည် ထိုနေရာမှာပင် ရပ်တန့်၍ နန်းတော်ဆီသို့မျှော်ငေးကြည့်မိသည်။ မိဖုရား စန္ဒာဝတီသည် ယခုအချိန်



တွင် ဘုရင်မင်းမြတ်အပါး၌ ခစားနေမည်လား၊သို့တည်းမဟုတ် သူ၏ စံမြန်းဆောင်တွင် ရံရွှေတော်များနှင့်အတူ ရှိနေမည်လားဟု တွေးလိုက်မိ၏။

သူ ပုန်းခိုနေစဉ်က ခဏတာ ရောက်ခဲ့သော နံ့သာဖြူရနံ့များ ထုံသင်းနေသည့် စန္ဒာဝတီ၏ အိပ်ခန်းဆောင်ကို ပြန်လည် အောက်မေ့မိသည်။ မှန်စီရွှေချသလွန်ထက်တွင် နူးညံ့နွဲ့ပျောင်းစွာ လဲလျောင်းနေသော စန္ဒာဝတီ၏ အသွင်ကို မှန်းဆမြင်ယောင်နေ၏။ သူ၏ ညာလက်ဖဝါးကို အသာဖြန့်ကြည့်လိုက်မိသည်။ စန္ဒာဝတီ၏ နွေးထွေးသော အထိအတွေ့တစ်ခုသည် ယခုတိုင် ထင်ကျန်နေဆဲပင်။ သူ သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

ထိုစဉ် ဝါးခမောက်ဆောင်းထားသော လူတစ်ယောက် သူ့ရှေ့သို့ ရောက်လာကာ -

“ဒီက နောင်ကြီး ကြည့်ရတာ တစ်စုံ တစ်ယောက်ကို စောင့်နေဟန်ရှိတယ်၊ ဟုတ်ပါရဲ့လား”

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ချိုသာသည်လည်းမဟုတ်၊ မာထန်သည်လည်း မဆိုသာသော စကားဖြင့် နှုတ်ဆက်လာလေ၏။ သူနှင့် ရွယ်တူခန့်ရှိသော လုလင်ပျိုတစ်ယောက်ပင် ဖြစ်သောကြောင့် -

“မဟုတ်ပါဘူး ရောင်းရင်းရယ်၊ ကျုပ်က ခရီးသွားပါ၊ ဒီအနားက ရွာကိုလာရင်းနဲ့ ဒီနေရာမှာ ခဏနားနေတာပါ”

ထိုအခါ ဝါးခမောက်ဆောင်း လူငယ်က အင်မတန် တက်ကြွသောလေသံဖြင့် ပြောလေတော့၏။

“နောင်ကြီးက ခရီးသွားတဲ့လူဆိုတော့ ဒီအနီးနား နယ်တွေ ရောက်ဖူးမှာပေါ့”

“အင်း ဆိုပါတော့လေ”

“ဒါဆိုကျုပ်ကို တစ်ခုလောက်ကူညီပါလား နောင်ကြီးရယ်၊ ကျုပ် လူတစ်ယောက်ကို တွေ့ချင်လို့ ရှာနေတာအတော်ကြာပြီ၊ သူ့ရဲ့ သတင်းအစအနလေးများ နောင်ကြီးဆီက သိခွင့်ရရင် သိချင်ပါရဲ့”



“ရောင်းရင်းက ဘယ်သူ့သတင်းများ သိချင်ရတာလဲ”

“ကျုပ်တို့ ဒီနယ်တစ်ဝိုက်မှာ အင်မတန် ရဲစွမ်းသတ္တိရှိတဲ့ စောရဝိဇ္ဇာတစ်ယောက်ကို တွေ့ချင်လို့ပါ”

ထိုစကားကြောင့် မောင်ခြိမ့်မှာ ခပ်ယဲ့ယဲ့ ပြုံးလိုက်မိလေသည်။

“ရောင်းရင်းက သူ့ခိုးဖမ်းပြီး ဆုငွေထုတ်မယ့်လူ ထင်ရဲ့”

သူ့စကားကို ဝါးခမောက်ဆောင်း လူငယ်က လက်ကာပြလေ၏။

“နောင်ကြီးထင်သလို မဟုတ်ရပါဘူးဗျာ၊ ကျုပ်က သူ့သတင်းကို ကြားပြီးကတည်းက သူ့ဆီမှာ ကပည့်ခံချင်နေတာ”

လူငယ်စကားကြောင့် သူ အလွန်အံ့သြသွားသည်။

“ကြံကြံဖန်ဖန် ရောင်းရင်းရယ်၊ သူခိုးဆီမှာ

www.burmeseclassic.com

www.burmeseclassic.com



တပည့်ခံချင်ရတယ်လို့"

သူ့စကားကြောင့် လူငယ်က သူ့အား အလို မကျ ရိပ်သန်းသော အမူအရာဖြင့် ကြည့်၍ ...

"ကျုပ်ရှာနေတဲ့ သူ့ဦးက သာမန်လူမဟုတ် ဘူးဗျ၊ တကယ် အစွမ်းထက်တဲ့ ဆရာဝိဇ္ဇာ"

ဟု ပြောသည်။ လူငယ်စကားကြောင့် သူ အတော်သဘောကျသွား၏။

"ဟုတ်ပါပြီ ရောင်းရင်းရယ်၊ ဒါဆို ရောင်း ရင်းပြောတဲ့လူကို ကျုပ်ကသိတယ်ဆိုရင်ရော"

"ဟာ ... တကယ်လား နောင်ကြီး၊ နောင် ကြီး ကျေးဇူး ကျုပ်မမေ့ပါဘူးဗျာ၊ သူ ဘယ်မှာ ရှိသလဲဆိုတာ ကျုပ်ကို ညွှန်စမ်းပါ"

လူငယ်မှာ စိတ်အားထက်သန်စွာ ပြောနေလေ ၏။

"သူ့ကို တွေ့ဖို့က သိပ်တော့မလွယ်ဘူး၊ ဒါ ပေမဲ့ ကျုပ် ကြိုးစားပြီး ရှာခဲ့ပါ့မယ်လေ၊ မနက် ဖြန် ဒီနေရာဒီအချိန်မှာ ရောင်းရင်းစောင့်နေပါ"



ဟု သူပြောလိုက်၏။ ထိုအခါ လူငယ်သည် သူ့အား ကျေးဇူးတင်ကြောင်း အထပ်ထပ်အခါခါ ပြော ကာ သူ့ကို နှုတ်ဆက်ထွက်သွားတော့သည်။

သူ့အဖို့ ဤမျှ စိတ်အားထက်သန်စွာ ပညာသင် ယူလိုသော တပည့်တစ်ဦးကို တွေ့လိုက်ရသောကြောင့် အံ့သြမိသလို ပညာလွှဲပေးရ ကောင်းမလားဟုလည်း စဉ်းစားလိုက်မိလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် သူ မနေ့က လှုငယ်နှင့် တွေ့ခဲ့ရသော နန်းတော်အနီးသို့ ထွက်ခဲ့၏။ ထိုနေရာသို့ ရောက်သောအခါ လှုငယ်သည် သူ့ထက်ဦးစွာလာစောင့်နေကြောင်း တွေ့လိုက်ရလေသည်။ သူ တစ်ယောက်တည်း ရောက်သွားသောအခါ လှုငယ်က စိတ်ပျက်သော အမူအရာဖြင့် …

"နောင်ကြီး … ကျုပ်တွေ့ချင်တဲ့လူ မပါလာဘူးလား"

ဟု စောလျှင်စွာ မေးလေသည်။ သူက လှုငယ်၏ မျက်နှာကို စေ့စေ့ကြည့်၍ …



"ရောင်းရင်း တွေ့ချင်တဲ့လူကို ကျုပ် တွေ့ခဲ့ပါတယ်"

"ဒါဆို သူ ဘယ်မှာလဲ"

"သူက ရောင်းရင်းကို မှာလိုက်တယ်၊ ပညာတကယ်သင်ချင်တာ အမှန်ပဲလားတဲ့"

"ကျုပ် တကယ်ပညာသင်ချင်တာ၊ သူနဲ့တွေ့ပြီး ပညာလိုချင်တာ"

လှုငယ်၏ ရင်ကိုကော့ကာ ပြောဟန်ကြောင့် သူ ပြုံးလိုက်မိသည်။

"ကောင်းပြီ ရောင်းရင်း၊ ရောင်းရင်း တွေ့ချင်နေတဲ့ စောရဝိဇ္ဇာဆိုတာ ကျုပ်ပဲ"

ဟု ပြောလိုက်လေသည်။ လှုငယ်က မယုံနိုင်သော အကြည့်ဖြင့် သူ့အား ကြည့်လိုက်သည်။

"နောင်ကြီး တကယ်ပြောတာလား၊ ကျုပ်က စိတ်အားထက်သန်နေလို့ တမင်ပြောတာများလား"

မယုံမရဲ လေသံနှင့်မေးလေသောကြောင့် သူ

www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ ရယ်မောပစ်လိုက်မိသည်။

"ကဲ ရောင်းရင်း၊ မယုံရင် ဒီည နေဝင်တာနဲ့ ကျုပ်တို့ အလုပ်စမယ်"

"နောင်ကြီး ... အဲ ဆရာ၊ တကယ်ပြောတာလား"

လူငယ်က ပျာပျာသလဲ မေးလေသည်။ သူ ခေါင်းညိတ်ပြလိုက်၏။ ထိုအခါ လူငယ်က ...

"ဒါဆို နန်းတော်ထဲ ဝင်ခိုးကြမလား"

ဟု အဖော်ညှိလေတော့သည်။ သူ သဘောတူလက်ခံလိုက်ပြီး ထိုနေရာ၌ပင် မိုးချုပ်သည်အထိ စောင့်ဆိုင်းနေကြသည်။ နေဝင်သည်နှင့် လူငယ်သည် သူ့အား ဦးဆောင်၍ နန်းတော်ဆီသို့ ချဉ်းကပ်ခဲ့သည်။ လူငယ်သည် သူ့ရှေ့မှ ဦးစွာ နန်းတော်ဆောင်ထဲသို့ လျင်မြန်ဖျတ်လတ်စွာ ဝင်နိုင်သောကြောင့် သူ့စိတ်ထဲမှ ကြိတ်၍ ချီးကျူးလိုက်မိသည်။

နန်းတော်ဆောင်ထဲ အရောက်တွင် နန်းတိုင်တစ်တိုင်ကို မှီ၍ အိပ်နေသော ရဲမက်တစ်ယောက်ကို



တွေ့ရသောအခါ လူငယ်က ...

"ဆရာ ... ဒီရဲမက်ကို အိပ်ရာက နိုးမလာခင် အပြတ်ရှင်းခဲ့မယ်"

ဟု ပြောလေသည်။ ထို့ကြောင့် သူ တားမြစ်ရလေ၏။

"ဒီမယ် ရောင်းရင်း၊ ရောင်းရင်းဟာ ဒီနေ့ပဲ ကျုပ်တပည့် ဖြစ်သွားပြီ၊ ကျုပ်စည်းကမ်းကို လိုက်နာရမယ်၊ သူခိုးဆိုတာ ပစ္စည်းယူဖို့တစ်ခုပဲ၊ သူများအသက် မသတ်ရဘူး၊ အိမ်ရှင် နိုးလာလည်း ကိုယ်လွတ်ရုန်းပြေးရတယ်၊ ပြန်ပြီး မခုခံရဘူး"

သူ့စကားကြောင့် လူငယ်သည် သူ့ ဓားကို ဓားအိမ်ထဲ ပြန်ထည့်ရင်း သူ့နံဘေးမှ ဟိုဒီ ကြည့်ကာ လိုက်ပါလာတော့သည်။ ဘဏ္ဍာတိုက်ရှေ့သို့ ရောက်သောအခါ ...

"ဆရာ ... ဘဏ္ဍာတိုက်ထဲမှာ ရှိတဲ့ ရတနာတွေထဲမှာ အဖိုးအတန်ဆုံးက နန်းစဉ်ရတနာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးလို့ ကြားဖူးတယ်၊ အဲဒါကို ကလပ်တစ်ခုနဲ့ တင်ထားတယ်တဲ့၊ အဲဒါကို ရအောင် ခိုးကြမယ်''

ဟု ဆိုပြန်သည်။ သူ စိတ်ဆိုးသွားမိသည်။

''ဒီမယ် တပည့်၊ နန်းစဉ်ရတနာဆိုတာ ရှင်ဘုရင်တွေ အစဉ်အဆက် ထိန်းသိမ်းလာတဲ့ ပစ္စည်းကွ၊ တခြားလက်ဝတ်ရတနာပဲယို့၊ တိုင်းပြည်အတွက် အကျိုးယုတ်စေတဲ့ အလုပ်မျိုး ကျုပ်တို့ ရှောင်ရမယ်''

လှုငယ်က သူ့အား နားမလည်နိုင်သော အကြည့်ဖြင့် ကြည့်လေ၏။

''ဆရာ၊ သူခိုးဆိုတာ အဖိုးတန်ပစ္စည်းမှန်သမျှ ယူရတယ်လို့ ကျုပ်ထင်ခဲ့တာ၊ ဘယ့်နှယ့်ကြောင့် ဆရာက ပစ္စည်းအမျိုးအစား ခွဲနေရတာလဲ''

သူ ဘာမှပြန်မဖြေဘဲ လှုငယ်အား အသံမထွက်ရန် အမူအရာဖြင့် လုပ်ပြလိုက် သည်။ ထို့နောက်



''မင်း ဒီနေရာမှာ ခဏစောင့်နေခဲ့၊ ရဲမက်တွေ ကင်းလှည့်နေတယ်၊ မင်းကိုတွေ့သွားလိမ့်မယ်၊ ငါ အထဲဝင်မယ်၊ တစ်ခုခုအသံကြားရင် မင်း လွတ်အောင်ပြေး''

''ဆရာ တစ်ခုခုဖြစ်ရင် ကျုပ် လာကယ်ရမလား''

''မလိုဘူး၊ မင်းသာ လွတ်အောင်ပြေး''

ဟု ပြောပြီး သူ ရိုပ်ခနဲ ပြေးထွက်ခဲ့သည်။ လှုငယ်သည် သူ၏စိတ်ဓာတ်ကို အလွန်လေးစားသွားမိသည်။ စာရဝိဇ္ဇာသည် သူထင်ထားသည်ထက်ပင် ပိုမို ထက်မြက်သည့်လူဖြစ်ကြောင်း သိလိုက်ရသောကြောင့် အလွန် အံ့သြနေမိ၏။ ထိုစဉ် အိပ်မှုန်စုံမွှားနှင့် ထလာသော ရဲမက်တစ်ယောက်သည် တိုင်ကွယ်တွင် ပုန်းနေသော လှုငယ်ကို မြင်သွားကာ ...

''ဟေ့ ... မင်းဘယ်သူလဲ''

ဟု မေးလေသည်။ ထိုအခါ လှုငယ်က သူ့မျက်နှာမှ ပဝါကို ဆွဲဖြုတ်၍ ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို သေသေချာချာကြည့်စမ်း"

ဟု အသံကို နှိမ့်ရင်း ပြောလိုက်သည်။ သို့သော် ရဲမက်မှာ သူ့ကို မည်သူမည်ဝါမှန်း မမှတ်မိဘဲ ရှိလေ၏၊ အသံမထွက်စေချင်ပါဘူးဆိုမှ ခပ်ငေါက်ငေါက်ပင် အော်မေးလိုက်သေး၏။

"မင်း ... သူခိုးမဟုတ်လား"

မောင်ခြိမ့်မှာ ထို အသံကို ကြားသွားသောကြောင့် အခန်းအတွင်းမှ လျှင်မြန်စွာ ပြန်ထွက်လာပြီး လူငယ်၏ရှေ့မှ ကာရပ်လိုက်လေသည်။ ရဲမက်သည် ရုတ်တရက် သူ့ကိုပါ ထပ်တွေ့လိုက်ရသောကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။ မောင်ခြိမ့်မှာ ယင်းကို အခွင့်ကောင်းယူကာ ရဲမက် လည်ဂုတ်သို့ လက်ဝါးစောင်းဖြင့် ခပ်ဆဆ ရိုက်ချလိုက်၏။

ထို့နောက် သူ့နောက်တွင် ရပ်နေသော လူငယ်၏ လက်ကိုဆွဲကာ နန်းတော်ထဲမှ အမြန်ပြေးထွက်ခဲ့တော့သည်။ လွတ်ရာရောက်မှ လူစုခွဲကာဆက်ပြေးကြမည်ပေါ့။



သို့သော် နန်းတော်အပြင်ရောက်သည်နှင့်ပင် ထူးခြားသော ကိစ္စတစ်ခုမှာ ဖြစ်ပေါ်လာခဲ့လေ၏။

နန်းမြို့ရိုးအပြင်ဘက်ခြေချလိုက်မိသည်နှင့် လူငယ်က တွဲကိုင်လာသော သူ၏လက်ကို ပုတ်ချလိုက်ခြင်း ဖြစ်လေသည်။

တဆက်ထဲပင် ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်ကာ သူ့လည်ကုတ်ပေါ်သို့ တင်လိုက်လေသည်။

သူ အလွန်အံ့သြသွားမိ၏။

"ဒါ ဘာလုပ်တာလဲ၊ ငါဟာ မင်းကို အသက်နဲ့လဲပြီး ကာကွယ်ခဲ့တာ"

ဟု ပြောလိုက်လျှင် လူငယ်သည် သဘောကျစွာ ရယ်မောလိုက်သည်။

"ဟား ဟား ဟား ... မင်းက ငါ့ကို ဘယ်သူ မှတ်နေတုန်း ရာဇဝတ်သားရဲ့"

သူ အရမ်းဒေါသထွက်သွားမိသည်။ မိမိအား ပညာသင်ပေးပါရန် စိတ်အားထက်ကြွစွာ ပြောခဲ့သော လူငယ်သည် ခုတော့ ဘာများ စိတ်ဖောက်နေပါပြီလဲ၊

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့အား အချိန်မရွေး သတ်နိုင်ရန် လည်ပင်းပေါ် ဓားတင်ထားပြီးဖြစ်သောကြောင့် သူ ဘာလုပ်ရမှန်းမသိလည်း ဖြစ်သွားရ၏။ လူငယ်ကတော့ တင်းပြတ်စွာပင် ရှိနေဆဲ။

"နောက်ဆုံးတော့ မင်းကို လက်ရဖမ်းနိုင်ခဲ့တာပါပဲ"

တဲ့။ ယင်းစကားကြောင့် ဤလူငယ်မှာ ဘုရင့်တပ်မှ တပ်မှူး (သို့မဟုတ်) စစ်သူကြီးတစ်ဦးဖြစ်လိမ့်မည်ဟု သူ ထင်လိုက်သည်။ ခံပြင်းဒေါသဖြစ်မိသော်လည်း စကားတစ်ခွန်းမှ ပြန်မပြောမိချေ။

သူမှာ ခေါင်းငုံ့ အံကြိတ်ကာ ကြိတ်မနိုင်ခဲမရ ရှိနေဆဲ။ လူငယ်ကတော့ သူ့လည်းကုပ်ပေါ် ဓါးတင်ရင်း ခပ်တည်တည် စကားတွေ ဆက်ပြောနေဆဲပင်၊

"မင်းနာမည်ကြီးလွန်းလို့ ငါကိုယ်တိုင် လက်ရဖမ်းရတာ၊ ငါ့ဆီကလူတွေ တစ်ယောက်မှ အသုံးမကျဘူး၊ မင်းကို ဘယ်သူမှ မိအောင်မဖမ်းနိုင်ကြဘူးလေ၊ ဟား ဟား ငါကိုယ်တိုင် ထွက်



ဖမ်းတော့လည်း အလွယ်သားပဲ၊ ငှက်ပျောသီး အခွံနွှာစားတာထက်တောင်လွယ်သေး၊ ဟား ဟား ဟား"

ဒီလောက်ထိ ပြောလာတော့လည်း မောင်ခြိမ့် မနေနိုင်တော့။ ကုတ်ပေါ် ဓါးတင်ထားသော်ငြား မခံချင်စိတ်က ရုန်းကြွလာလေ၏။

"ဒါကတော့ ကောက်ကျစ်တဲ့ နည်းနဲ့ ဖမ်းတာကိုး၊ သတ္တိရှိရင် ရိုးရိုးဖမ်းကြည့်ပါလား၊ ငါ့ကို ရနိုင်မလားလို့"

"ဟား ဟား အဲဒါကို ကောက်ကျစ်တယ်လို့ မခေါ်ဘူးကွ၊ ဥပါယ်တံမျဉ်လို့ခေါ်တယ်၊ မင်းလို အမှောင်ထဲကလူကို ဖြောင့်ဖြောင့်ဖမ်းရင် ဘယ်ထွက်လာပါ့မလဲကွ"

မောင်ခြိမ့်မှာ ဆက်ဆွေးနွေးလိုတော့။

"ကဲ ခုဘာလုပ်မှာလဲ၊ ငါ့ကို ဖမ်းမိပြီ မဟုတ်လား၊ ဆိုင်ရာပို့ပြီး သတ်မှာဖြင့်လည်း အမြန် ဆုံး သတ်ပေတော့၊ စကားတွေ သိပ်ပြောမနေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ကွာ၊ နားငြီးတယ်”

လူငယ်က သူ့မျက်နှာကို စိမ်းစိမ်းဝါးဝါးလှမ်းကြည့်သည်။ ယင်း၏ အသွင်မှာ တစ်ခုခုစဉ်းစားနေသလို လေးနက်နေလေ၏။

“မင်းကို အစကတော့ ဖမ်းပြီး အဆုံးစီရင်မလို့ပဲ၊ ဒါပေမယ့် ဒီနေ့ မင်းရဲရဲစွမ်းသတ္တိနဲ့ ရဲဘော်ရဲဘက်စိတ်တွေကို မြင်တော့ စိတ်ပြောင်းသွားတယ်၊ ငါ့တပ်တော်မှာ မင်းလို လူမျိုးလိုတယ်ကွ၊ မင်း ဘုရင့်တပ်တော်မှာ အမှုမထမ်းချင်ဘူးလား”

မောင်ခြိမ့်မှာ ရယ်စရာပြက်လုံးတစ်ခုကို ကြားလိုက်ရသည့်သို့ ရှိ၏။

“ငါ့လို ရာဇဝတ်သားက ဘုရင့်တပ်မှာ အမှုထမ်းရမယ် ဟုတ်လား၊ မဖြစ်နိုင်တာကွာ”

“ဘာလို့ မဖြစ်နိုင်ရမှာလည်း၊ ဒီတိုင်းပြည်မှာ ငါသဘောတူရင် မဖြစ်နိုင်ဘူးဆိုတာ မရှိဘူး”

“မင်း စကားလွန်နှုတ်ကျွံမပြောနဲ့၊ ဒီစကား



ဘုရင်သာကြားရင် ရာဇဘော်သင့်နေမယ်”

“ဟား ဟား ဟား ဒီတိုင်းပြည်မှာ ငါ့ကိုအပြစ်ပေးနိုင်မယ့်သူလည်း မရှိဘူးကွ”

“နေစမ်းပါဦး ဒီလောက်ကြီး ပြောရအောင် မင်းက ဘာမို့လဲ”

လူငယ်က မောင်ခြိမ့်အား မျက်နှာတည့်တည့်ဆိုင်ကြည့်လိုက်သည်။

“ငါ့မျက်နှာကို တည့်တည့်ကြည့်စမ်း၊ ငါ့ကို ဘယ်သူလို့ ထင်သလဲ”

ထူးထူးဆန်းဆန်း မေးလိုက်သော လူငယ့်စကားကြောင့် သူ အံ့အားသင့်စွာ ကြည့်မိသည်။ ယခုမှပင် ယင်း၏ မျက်နှာကို သေချာစွာ အကဲခတ်မိတော့ ဖြောင့်စင်းသော နှာတံ၊ ပိရိတင်းပြတ်သော နှုတ်ခမ်း၊ ထင်ရှားသော မျက်ခုံးများဖြင့် သာမာန်လူမဟုတ်သော အင်္ဂါရုပ်က ထင်းထင်းပေါ်လွင်နေလေ၏။

သူ့ရင်ထဲ အသိတစ်ခု ဖျပ်ကနဲလက်သွားသလို ရှိသည်။ ယင်း၏ပြောပုံဆိုပုံ၊ ပြောသွားသော စကားများ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နေဟန်ထား … တို့ကို ပေါင်းယှက်စက်ဟပ်လိုက်သောအခါ။

နှုတ်ဖျားမှ စကားတစ်ခွန်းထွက်ပေါ်လာမိလေ၏။

"မဟုတ်မှလွဲရော၊ မင်း မင်း … အဲ၊ သင်ဟာ …"

စိတ်လှုပ်ရှားမှုကြောင့် အသံတို့ တုန်ယင်နေမိသည်။ လူငယ်က သူ့ကိုစေ့စေ့ကြည့်ကာ တည်ကြည်လေးနက်လှသော စကားကို တစ်ခွန်းချင်းဆို၏။

"ဟုတ်တယ်၊ ငါဟာ ဒီကိုင်းပြည်ရဲ့ ပြည့်ရှင်ဘုရင်မင်းမြတ်ပဲ၊ မင်းကို ဖမ်းချင်လို့ ရုပ်ဖျက်ထွက်လာခဲ့တာ"

မောင်ခြိမ့်မှာ တုန်လှုပ်မှုကြောင့် ဒူးများပင်တဆတ်ဆတ်တုန်သွားရလေ၏။ သူ့တို့လိုလူမျိုးနှင့် ပြည့်ရှင်မင်းဆိုသည်မှာ မိုးနှင့်မြေလို ကွာခြားလှသည်မဟုတ်လား။

ငခြိမ့်လို သာမာန်ပြည်သားတစ်ယောက်ဖို့ယခုလို မျက်ဝါးထင်ထင် တွေ့ဖို့ မဆိုထားနှင့်၊ ဘုရင်မင်းမြတ်အကြောင်း အသံကြားရုံဖြင့်ပင် ဖိန့်ဖိန့်တုန်လှ



ချေပြီ။ အခုလိုမျိုး မျက်နှာချင်းဆိုင်ပြောဖို့ဝေးစွ။ မော်ဖူး၍မျှပင် မကြည့်ဝံ့ခဲ့သည် မဟုတ်လား။

သို့သော် ပါးနပ်သူတစ်ယောက်ပေမို့ ပြည့်ရှင်မင်းမှန်းသိသိချင်းမှာပင် ချက်ချင်း ဒူးထောက်ခစားလိုက်သည်။

"ကျွန်တော်မျိုး ရာဇဝတ်သား ငခြိမ့် အရှင်မင်းမြတ်အား နဖူးမြေစိုက် ဦးခိုက်ပါတယ်၊ မသိမလိမ္မာ၍ ရိုင်းပျစော်ကားမိသည်ကို သနားသဖြင့် ခွင့်လွှတ်တော်မူပါဘုရား"

ဘုရင်မင်းမြတ်က ပြုံး၏။

လက်ထဲမှ ဓားကို ရုတ်ကာ သူ့ကို သေသေချာချာ အကဲခတ်သလိုကြည့်ရင်း …

"ကဲ ကဲ ထတော့၊ ဒီနေ့ကစပြီး ငါ့အမှုတော်ကို ထမ်းရွက်ပေတော့ ဟုတ်လား၊ မင်းဟာ တစ်ချိန်မှာ တိုင်းပြည်အတွက် အသုံးကျတဲ့လူဖြစ်လာလိမ့်မယ်လို့ ထင်တယ်၊ မကောင်းတဲ့ အကျင့်ဟောင်းတွေကိုတော့ ဒီနေ့ကစပြီး လုံးဝဖျောက်လိုက်ပေတော့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းမိန့်သည် ဩဇာစွမ်းထက်လွန်းလှ၏။

ထိုသို့ မိန့်ကြားလိုက်ချင်းမှာပင် မောင်ခြိမ့်မှာ လူအသစ်တစ်ယောက် ပြောင်းလဲသွားသလို ခံစားလိုက်ရသည်။

ထို့နောက်တွင် ...

ဘုရင်မင်းမြတ်က မောင်ခြိမ့်အား သူနှင့်အတူ နန်းတော်ထဲသို့ ခေါ်ဆောင်သွားတော့သည်။

နန်းတော်သို့ ရောက်သောအခါ ဘုရင်မင်းမြတ်သည် သူ၏ ကိုယ်ရံတော်တပ်တွင် မောင်ခြိမ့်အား ကိုယ်ရံတော် တပ်မှူးတစ်ယောက်အနေဖြင့် ဘုရင့်သက်တော်စောင့် ခန့်အပ်လိုက်သည်။ မောင်ခြိမ့်သည် နေ့ချင်းညချင်း၌ပင် ရာဇဝတ်သား သူခိုးဘဝမှ သက်တော်စောင့်ဖြစ်လာရသော သူ့ဘဝကို တွေးတောကာ အံ့ဩနေမိသည်။ သူ့အား အပြစ်ဒဏ် မပေးဘဲ သက်တော်စောင့်ရာထူးပေးလိုက်သော ဘုရင်မင်းမြတ်၏ စိတ်ကိုလည်း နားမလည်နိုင်အောင် ဖြစ်မိလေတော့သည်။

♣ ♣ ♣



အရှင်မွေး၍ နေ့ချင်းကြီးဆိုသလို မောင်ခြိမ့် တစ်ယောက် ဘုရင့်တပ်မှ သက်တော်စောင့်တစ်ဦး ဖြစ်လာသော်လည်း သူ့တွင် အဆောင်အယောင်တော့ တစ်ခုမှ မရှိသေးပါချေ။

အဆောင်အယောင် ချီးမြှင့်ရန် ဘုရင်မင်းမြတ်အား လျှောက်ထားရန် သူ မဝံ့။ ထို့ကြောင့် ဆင်ထိန်း၏ ဆင်တင်းကုပ်တွင် သူအိပ်ရသည်။ ဆင် ချေးကျုံးရသည်။ ဆင်ရေချိုးရသည်။

တစ်ခါတစ်ရံ မြင်းတင်းကုပ်တွင် မြင်းချေးကျုံး၊ မြင်းစာကျွေးရသည်လည်း ရှိ၏။ ဘုရင်မင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com



၏ ညီလာခံသဘင်ကျင်းပရာ နန်းရင်ပြင်တွင် ခစားခွင့်ရသော်လည်း သက်တော်စောင့်တစ်ယောက်အနေအားဖြင့် ချီးမြှင့်မြှောက်စားခြင်း မခံရသေးပါချေ။

သို့သော် ဘာပဲဖြစ်ဖြစ် ဒီဘဝသစ်တွင် သူ ပျော်သည်။

နဂိုထဲက ဆင်းရဲသားမို့ ပင်ပန်းဆင်းရဲဒုက္ခကို မမှုသည်ဖြစ်၏။

ဆုလာဘ်တွေလည်း မရချင်နေပါစေ။

အဆောင်အယောင်နှင့် မနေရချင်နေပါစေ။

ဒါတွေအားလုံး မလိုအပ်ပါ။

သူ့မှာ ...

လိုချင်တောင့်တသော ဆုတစ်ခုသာ ရှိသည်။

သို့သော်...

ထိုဆန္ဒကို ထုတ်ဖော်လျှောက်ထားသည်နှင့်လည်း အသက်နှင့် ကိုယ် အိုးစားကွဲရမည်မှာ သေချာသည်။ သူ၏ဆန္ဒမှာ အခြားမဟုတ်။

ညီလာခံသဘင်၌ ဘုရင်မင်းမြတ်ဘေးနား



အမြဲလိုလိုယှဉ်တွဲတွေ့ရသော မိဖုရား စန္ဒာဝတီ၏ မျက်နှာတော်အား အားပါးတရ မော်ဖူးခွင့်ရလိုခြင်းပင် ဖြစ်သည်။

ပြည့်မှာ တစ်ယောက်တည်း စိတ်တွင်းမှ တွေးနေမိရာမှ ပြုံးလိုက်သည်။ စန္ဒာဝတီ၏ လှပတင့်တယ်သော မျက်နှာကို မြင်ယောင်မိရင်းမှ သနားစဖွယ် မျက်နှာလေးတစ်ခုမှာ သူ့အာရုံ၌ ဖျတ်ခနဲ ပေါ်လာလေသည်။

နှမငယ် ခတ္တာထံသို့ သူ မရောက်သည်မှာ အတော်ကြာပြီပဲ။ ခတ္တာတစ်ယောက် သူ့ကို မျှော်နေရှာရောမည်။ စိုးရိမ်သောကဖြင့် ဘယ်လိုနေရှာမည် မသိ။ ဘုရင်ထံတွင် အမှုထမ်းနေသည်ကို နှမခတ္တာ သိမှ သိပါလေစဟု တွေးနေမိ၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



"မောင်ခြိမ့်…ဖို့ ကိုရင် … ဒီမှာ လုံမလေး တစ်ယောက်က ကိုရင်နဲ့ တွေ့ချင်လို့တဲ့"

ဟူသော ဆင်ထိန်း၏ အသံကိုကြားလိုက်သောကြောင့် သူ ဆင်တဲမှ အပြင်သို့ ထွက်ကြည့်လိုက်ရာ ခတ္တာကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားခဲ့လေသည်။ ခုနကပင် သူမအကြောင်း တွေးမိသေးသည် မဟုတ်လား။ ထို့ကြောင့် ပါးစပ်မှ ထုတ်၍ပင် …

"ဟင် … ခတ္တာ၊ မောင်ကြီးနောက်ကို လိုက်လာတယ်၊ အံ့သြစရာပဲ"

ဟု သူ ရေရွတ်ပြောဆိုလိုက်မိသည်။ ခတ္တာက



မျက်နှာညှိုးညှိုးလေးဖြင့် မျက်စောင်းထိုးရင်း …

"နေနိုင်ရက်လိုက်တာ မောင်ကြီးရယ်၊ ရွှေနန်းတော်က မင်းမှုထမ်းကြီး ဖြစ်သွားတော့ ဇနပုဒ်က နှမကို မေ့သွားပြီပေါ့၊ ဟုတ်လား"

ရောက်ရောက်ချင်းပင် မချိတင်ကဲလေသံနှင့် စကားနာထိုးလေသည်။

"မဟုတ်ရပါဘူး နှမရယ်၊ မောင်ကြီး နှမကို မေ့ထားတာ မဟုတ်ပါဘူး၊ အခုဆို မောင်ကြီးဟာ သာမန်အရပ်သားလို လွတ်လွတ်လပ်လပ် သွားလာလို့မရဘူးကွဲ့၊ ဘုရင့်အမှုထမ်းဖြစ်နေတော့ မောင်ကြီးမှာ တာဝန်တစ်ခု ရှိလာပြီ"

သူ ခတ္တာကို ရှင်းပြလိုက်သည်။

"ဟုတ်ရဲ့လား မောင်ကြီးရယ်၊ ဒီလိုဖြင့် မင်းမှုထမ်း မိသားစုတွေ ခက်လှချည်ရဲ့၊ မောင်ကြီးက သွေးကြီးပြီး နှမကို မေ့နေပြီးတော့ …"

"ခက်လိုက်တာ နှမရယ်၊ မင်းမှုရေးရာဆိုတာ တို့များ တောအရပ်သားလို မဟုတ်ဘူး၊ အင်

www.burmeseclassic.com

www.burmeseclassic.com



မတန် သိရခက်တယ်၊ အမျက်မရှအောင် ကြည့်နေရတယ်''

''အင်းပေါ့လေ၊ မောင်ကြီးက ရွှေမြို့တော်သား ဆိုတော့ ဒါတွေသိမှာပေါ့၊ နှမကတော့ တောသူမ အရိုင်းအစိုင်းဆိုတော့ ...''

''အို ... တော်ပါတော့ နှမရယ်၊ မောင်ကြီး တောင်းပန်ပါတယ်၊ နှမကို မောင်ကြီး နေ့တိုင်း သတိရပါတယ်၊ ဘယ်တော့မှလည်း မမေ့ပါဘူး''

သူ့စကားကြောင့် ခတ္တာမှာ သူ့ကို မျက်လွှာတစ်ချက် ပင့်ကြည့်ရင်း ...

''မောင်ကြီး တစ်ခုတော့ မေ့နေပါတယ်''

''ဘာများလဲ နှမရဲ့''

''မနက်ဖြန် အစ်ကိုကြီးဆုံးတာ တစ်နှစ်ပြည့်ပြီလေ''

ခတ္တာစကားအဆုံးမှာ သူ့ရင်ထဲတွင် ကြေကွဲဆို့နင့်သွားရသည်။



သူငယ်ချင်းကဲလှဆုံးတာ ဘာလိုလိုနှင့် တစ်နှစ်တောင် ပြည့်ခဲ့ပါပေါ့။ ရွှေမြို့တော်မှာ အမှုထမ်းချင်လှသော သူငယ်ချင်းသည် ယခုလို သူ ရွှေမြို့တော် ရောက်နေသည်ကို သိလျှင် မည်သို့နေမည် မသိ။

''မောင်ကြီး မနက်ဖြန် အစ်ကိုကြီးအတွက် ကုသိုလ်ကောင်းမှုတစ်ခုခု လုပ်ပေးကြမယ်၊ အဲဒါ မောင်ကြီး လာဖြစ်အောင် လာခဲ့ပါနော်''

ခတ္တာစကားကြောင့် သူ ခေါင်းညိတ်ပြလိုက်သည်။

''ကောင်းပါပြီ နှမရယ်၊ မောင်ကြီး ရောက်အောင် လာခဲ့ပါ့မယ်''

သူ့စိတ်ထဲ ကိုယ့်ကိုယ်ပင် မကျေနပ်သလို ဖြစ်သွားခဲ့ရ၏။ သူ့ကြောင့် သေဆုံးသွားခဲ့ရသည့် သူငယ်ချင်း တစ်နှစ်ပြည့်ကိုတော့ သူမမေ့သင့်ဘူး မဟုတ်လား။

ထို့ကြောင့် ကိုယ့်ကိုယ်လည်း ဆုံးဖြတ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ် နက်ဖန်တော့ ငါဆက်ဆက်သွားမှ ဖြစ်မယ်။ သို့သော် ထိုသို့ဆုံးဖြတ်စဉ်က ကံကြမ္မာဆိုသည်မှာ တကယ်ပင် မမြင်နိုင်သောအရာဖြစ်မှန်း သူ သတိမပြုမိလိုက်ပါချေ။

♣ ♣ ♣



ခုချက်ချင်း …

ဘုရင်မင်းမြတ် ရှေ့တော်မှောက်ဝင်ရောက် ခစားစေဟူသော အမိန့်ကြောင့် မောင်ခြိမ့်မှာ ဘုရင်မင်းမြတ်စံရာ အဆောင်တော်သို့ ခစားရန် ရောက်လာခဲ့ရလေသည်။

သူ ရောက်သွားသောအချိန်တွင် ဘုရင်နှင့် မိဖုရားသည် နန်းတော် လေသာဆောင်တွင် ရံရွေတော်များအကြား၌ စကားပြောနေသည်ကို တွေ့ရလေသည်။ မိဖုရားသည် ဘုရင်အား တစ်စုံတစ်ရာ ခွင့်ပန်လျှောက်ထားနေဟန် ရှိ၏။

သူသည် ဘုရင်နှင့် မိဖုရားနေရာနှင့် မလှမ်း

www.burmeseclassic.com

www.burmeseclassic.com



မကမ်းတွင် ဒူးထောက်ခစားလိုက်သည်။ သူ့ရှေ့မှ ကြိုရောက်နေသော အမတ်ကြီးသည် သူ့အား လှည့်ကြည့်၍

“သက်တော်စောင့် ရဲမက်နှင့် ကျွန်တော်မျိုး အမတ်ကြီး ပညာသိဟတို့ အခစားရောက်ရှိကြောင်းပါ ဘုရား”

ဟု ဘုရင့်ထံသို့ လက်အုပ်ချီကာ လျှောက်ထားလိုက်လျှင် ဘုရင်က …

“အမတ်ကြီးနဲ့ သက်တော်စောင့်ရဲမက် တို့ကို တာဝန်တစ်ခု အပ်နှင်းလိုတယ်၊ ဒါကြောင့် အမှာတော်ရှိရခြင်း ဖြစ်တယ် အမတ်ကြီးရဲ့”

ဟု မိန့်ကြား၏။ ထိုအခါ အမတ်ကြီးသည်…

“ဘုန်းတော်ကြောင့် အလိုရှိရာ ဆောင်ရွက်ရန် အသင့်ရှိကြောင်းပါဘုရား”

ဟု လျှင်မြန်စွာ လျှောက်တင်လိုက်လေသည်။ ဘုရင်သည် မိဖုရားကြီးအား တစ်ချက်စောင်းငဲ့ကြည့်ပြီးလျှင် အမတ်ကြီးနှင့် သက်တော်စောင့်များအား အောက်ပါအတိုင်း မိန့်ကြားလေသည်။



“ငါကိုယ်တိုင်၏ မိဖုရားခေါင်ကြီး စန္ဒာဝတီဟာ ဥယျာဉ်တော်မှာရှိတဲ့ ရေကန်မှာ ရေကစားလိမ့်မယ် မောင်မင်းတို့၊ အဲဒီရေကန်သို့ ဝေါယာဉ်ရထားနဲ့ မသွားဘဲ ဥယျာဉ်တော်ထဲက လမ်းအတိုင်း ခြေကျင်လျှောက်လှမ်းသွားလိုတဲ့အတွက် သက်တော်စောင့်မောင်ခြိမ့်က တပ်မှူးအဖြစ် ရဲမက်များအား ကွပ်ကဲ၍ စောင့်ရှောက်ရန် လိုက်ပါသွားစေ”

ဟု သူ့အား တာဝန်ပေးလိုက်သောကြောင့်…

“အမိန့်တော်မြတ်အတိုင်းပါ ဘုရား”

ဟု သူ လျှောက်တင်ပြီး လေသာဆောင်မှခွာကာ ဥယျာဉ်တော်သို့ ထွက်ရန် ပြင်ဆင်ရလေသည်။ မိဖုရားစန္ဒာဝတီသည် များပြားလှသော အပျိုတော်များခြံရံကာ နန်းဆောင်မှထွက်လျှင် မောင်ခြိမ့်သည် မိဖုရားနှင့် အနီးဆုံးနေရာမှ လိုက်ပါစောင့်ရှောက်ရန် နေရာယူရလေ၏။

★

www.burmeseclassic.com

www.burmeseclassic.com



ဉယျာဉ်တော်ထဲ ရောက်သည်နှင့်ပင် မိဖုရား စန္ဒာဝတီမှာ ကလေးတစ်ယောက်သဖွယ် ရွှင်မြူးနေလေတော့၏။ တကယ်တမ်းမှာလည်း မိဖုရားဆိုသည့် အဆောင်အယောင်များသာ ဖယ်လိုက်ပါက စန္ဒာဝတီမှာ ကလေးတစ်ယောက်သာသာ လုံမပျိုလေးအရွယ်သာ ရှိချေသေးသည်မဟုတ်ပါလား။ မောင်ခြိမ့်ထက်ပင် ငယ်လိမ့်ဦးမည်ထင်၏။

စန္ဒာဝတီမှာ သူ့ဘေးမှ အပျိုတော်ကလေးအား ပြုံးရွှင်စွာဖြင့် ခဏခဏပြောနေလေ၏။

"ဉယျာဉ်တော်ထဲ ရောက်လာတာ ကြည်နူးဖို့ကောင်းလိုက်တာနော်"

တစ်ချက်တစ်ချက် ရယ်သံလွင်လွင်ကလေးများပင် ကြားရလေ၏။ တောပန်းကလေးများကို ကြည့်၍လည်း တမြတ်တနိုးပြောသည်။

"ကြည့်ပါဦး အမိတို့ရယ်၊ တောပန်းလေးတွေကလည်း လှလိုက်တာ"

ယင်းစကားကြောင့် သွက်လက် ချက်ချာသော အပျိုတော်တစ်ဦးက လျှောက်တင်၏။



"သခင်မ လိုချင်ရင် ခူးပေးမယ်လေ"

"အို ... နေပါစေ အမိရယ်၊ ပန်းဆိုတာ အပင်မှာပဲ လှပါတယ်၊ ခူးလိုက်ရင် အပင်မှာလောက် ဘယ်တင့်တယ်တော့မလဲ"

စိတ်နှလုံးသား နူးညံ့လွန်းလှချည့်။

မောင်ခြိမ့်စိတ်ထဲ မိဖုရားအား သဘောတွေ့ပြီးရင်း တွေ့လျက် ရှိနေမိသည်။

တစ်ခါတလေ ရယ်မောသံများ၊ စကား ချိုသာ ပြောဆိုသံများသည် သူ့နားမှတစ်ဆင့် နှလုံးသားတို့ တိုင်အောင် သာယာစွာ စီးဝင်သည်။

ဘုရင့်အပါး၌ မိဖုရားဟူသော ဂုဏ်ဒြပ်ကြောင့် ရာဇကြေ့ခြွေအပြည့်နှင့် နေရသည်မှာ အလွန်စိတ်ကျဉ်းကျပ် ရှာပေလိမ့်မည်။ ယခုလို လွတ်လွတ်လပ်လပ်သွားခွင့်ရသောအခါ စန္ဒာဝတီသည် နှောင်အိမ်မှလွတ်သော လိပ်ပြာလေးတစ်ကောင်သို့ စိတ်လွတ်လပ်စွာ အလွန်ပျော်ရွှင်ကြည်နူးနေပုံရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေကန်တော်သို့ ရောက်သောအခါ စန္ဒာဝတီသည် အခြားအပျိုတော်များနှင့် ရောနှောကာ ရေကစားလေသည်။ ရဲမက်များသည် တာဝန်ကျရာ နေရာအသီးသီးတွင် စောင့်ကြပ်နေရသော်လည်း မောင်ခြိမ့်ကတော့ မိဖုရား၏ အနီးဆုံးနေရာ၌ ကြပ်မတ်စောင့်ရှောက်နေရ၏။ ထိုစဉ် မိဖုရားသည် ...

"ဟော ... ဟိုက ကြာညိုပွင့်တွေ လှလိုက်တာနော်"

ဟု အပျိုတော်များကို ပြောသောကြောင့် မောင်ခြိမ့် လှမ်းကြည့်လိုက်သည်။ ကြာပန်းများသည် ရေကန်၏ အလယ်တည့်တည့်တွင်သာ ရှိသည်။ ရေနက်သောနေရာမှ ကြာညိုပွင့်တွေကို လိုချင်သောအကြည့်ဖြင့် လှမ်းမျှော်ကြည့်နေသော မိဖုရား၏ အသွင်ကြောင့် သူ ရေကန်ထဲသို့ လျင်မြန်စွာ ခုန်ဆင်း၍ ကြာပွင့်များကိုရှူးယူလိုက်လေ၏။ သူ ရေကန်ထဲ ဆင်းသွားသည်ကို စန္ဒာဝတီသည်ကန်စပ်မှ တအံ့တသြငေးမောကြည့်နေလေ၏။

ခဏချင်းမှာပင် ရေကန်ထဲမှ သူပြန်တက်လာ



နိုင်ခဲ့ကာ ကြာညိုပွင့်များကို စန္ဒာဝတီထံသို့ ကမ်းပေးလိုက်လေသည်။

သူ့လက်မှ ကြာညိုများကို လှမ်းအယူတွင် သူ့မျက်နှာကို မော့ကြည့်လာသော စန္ဒာဝတီ၏ မျက်ဝန်းများနှင့် ဆုံဆည်းလိုက်မိသည်။ သူ့အား သေချာစွာကြည့်လိုက်သော သူမ မျက်နှာတွင် အံ့သြရှက်ရွံ့ခြင်းအရိပ်အယောင်များ ဖြတ်သန်းသွားသည်ကို တွေ့လိုက်ရ၏။ တစ်ညသားက သူမ စက်ရာအခန်းတွင်းဝင်ရောက်ခဲ့ဖူးသည့် သူ့အား မှတ်မိသွားဟန်တူသည်။

သို့သော်ချက်ချင်းပင် အိန္ဒြေဆည်ကာ ...

"ကျေးဇူးတင်ပါတယ် တပ်မှူး"

ဟု တည်တည်ငြိမ်ငြိမ် ဆိုလေသည်။ မောင်ခြိမ့်မှာ စကားတုံ့ပြန် မဆိုမိဘဲ သူမ၏ မျက်နှာကိုသာ အတန်ကြာ ငေးမောနေခဲ့ပါလေသည်။

ထိုနေ့တစ်နေ့လုံးပင် မောင်ခြိမ့်အဖို့ ခြားနားသော ဘုံလောကတစ်ခုသို့ ရောက်နေရသည့်နှယ် ရှိခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်မှောက်ဘဝတင်မက အရာရာကို သူ မေ့လျော့သွားမိသည်။ အာရုံတွင် တရစ်ဝဲဝဲ ဖြစ်နေမိသည်က စန္ဒာဝတီ၏ နုမျစ်လှပသော မျက်နှာလေးပင်။

ကြည့်သည်ဖြစ်စေ မကြည့်ပဲဖြစ်စေ ထိုမျက်နှာ လှလှကလေးမှာ သူ့မျက်ဝန်းထဲမှ မထွက်။

နေမွန်းတိမ်းချိန်ရောက်လို့ မိဖုရား ရေကစားခြင်း ပြီးဆုံးခါမှပင် သူမှာ ကုန်ခဲ့သောအချိန်ကာလများအား နှမြောတသစွာ တိုလွန်းလှချည့်ဟု အောက်မေ့နေလေတော့သည်။

သူတို့အားလုံး ငြိမ်ဆိတ်စွာပင် နန်းတော်သို့ ပြန်လာဖြစ်ခဲ့ကြသည်။ စန္ဒာဝတီ့အတွက်တော့ မသိသော်လည်း မောင်ခြိမ့်အဖို့မူ တဒင်္ဂကောင်းကင်ဘုံကလေးမှ ပြန်လျောကျရခြင်းပင်။

နန်းတော်ပြန်ရောက်လို့ …

ထိုနေ့အတွက် တာဝန် ဝတ္တရားများ ပြီးဆုံးချိန်မှပင် …

မောင်ခြိမ့်သည် သူ့မှတ်ဉာဏ်၌ မေ့လျော့နေမိ



သော အရာတစ်ခုအား သတိပြန်ရမိခဲ့လေတော့သည်။

ခတ္တာ။

ဒီနေ့ ခတ္တာဆီသွားဖို့ သူကတိပေးထားခဲ့တာပဲ။

မောင်ခြိမ့်မှာ ဥယျာဉ်တော်၌ မိဖုရား၏အစောင့်အရှောက်အဖြစ် ပျော်ရွှင်နှစ်ခြိုက်စွာ လိုက်ပါနေသော အချိန်တလျှောက်၌ ခတ္တာကတော့ သူ့အား ညှိုးငယ်စွာ စောင့်မျှော်နေပေတော့မည်။

မသိသားဆိုးရွားလွန်းသည်ကတော့ သူ ခတ္တာအား တစ်ချက်ကလေးမျှပင် သတိမရပဲ လုံးဝမေ့လျော့နေခဲ့မိခြင်း ဖြစ်လေသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားစွာ၊ ရင်မောစွာဖြင့်ပင် ခတ္တာဆီသို့ သူ ထွက်လာခဲ့သည်။ မြင်းတဲမှ မြင်းတစ်စီးကို ယူကာ ခတ္တာနေသော ရွာဆီသို့ အမြင်းနှင်ခဲ့မိ၏။ သို့သော် အချိန်မှာ များစွာနောက်ကျနေပြီဖြစ်ကြောင်းလည်း သူ နေ၏။

ထင်သည့်အတိုင်း ...

ခတ္တာဆီ သူရောက်လေသောအခါ အိမ်ပေါက် ဝတွင် ငြိုးငယ်စွာ တစ်ယောက်ထဲ ထိုင်နေသော ခတ္တာအား တွေ့ရပါလေသည်။

မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလာသော တပ်မှူး အဝတ်အစားနှင့် သူ့ကိုမြင်လိုက်ရချင်းပင် ရီဝေဆွေးမြေ့ နေဟန်ရှိသော သူမ၏ မျက်နှာမှာ ချက်ချင်းပင် အေး စက်တင်းမာသော အသွင်သို့ ပြောင်းလဲသွားလေ၏။

"မောင်ကြီး နောက်ကျသွားတယ် နှမရယ်၊ ဒီမနက် အရေးကြီးတဲ့ တာဝန် ..."

"တော်ပါတော့ မောင်ကြီးရယ်၊ နှမကို ဘာမှ ရှင်းပြမနေပါနဲ့တော့၊ ဘုရင့် ရွှေနန်းတော်က



တပ်မှူးကိုမှ ဆင်းရဲသားအလျှို သွားဖိတ်မိတာ ဒီက နှမရဲ့ အမှားပါ"

ခတ္တာသည် သူ့စကားကို ဆုံးအောင်မစောင့်ဘဲ ဖြတ်ပြောလိုက်သည်။ ခတ္တာစကားကြောင့် သူ ဘာပြန် ပြောရမှန်းမသိ ဖြစ်သွားရ၏။

"အင်းပေါ့လေ ... နှမကတော့ မောင်ကြီးကို အရင်ကလို အောက်မေ့လို့ မျှော်မိပါတယ်၊ အလှူတရားနာအပြီး ရေစက်ချ အမျှဝေတာ တောင် စိတ်မဖြောင့်နိုင်ဘူး၊ မောင်ကြီးကတော့ ဘယ်အရေးစိုက်နိုင်မှာလဲ၊ ဘုရင့်အမှုထမ်းပေ ကိုး"

"မောင်ကြီးကို ဒီလိုမပြောပါနဲ့ နှမရယ်၊ နှမ နားမလည်တဲ့ တာဝန်တို့၊ ဝတ္တရားတို့ဆိုတာ ရှိတယ်လေ၊ တမင်မလာဘဲနေတာမှ မဟုတ် တာဘဲကွာ"

"ဟုတ်ပါတယ်၊ နှမက မောင်ကြီးပြောတဲ့ နန်းတွင်းရေးရာတွေကို သိလည်း မသိပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com



နားလည်း မလည်ဘူး၊ နှမက ရွှေနန်းတော်မှာ
မွေးတဲ့ မင်းသမီးကလေးလည်း မဟုတ်တော့
မောင်ကြီး မြင်နေရတဲ့ နန်းတွင်းသူတွေ
လောက် ဘယ်လိုမှာ ပါးနပ်ပါ့မလဲလေ''
စကားစစ်ထိုးခြင်းက ရပ်ပဲ မရပ်နိုင်တော့။

သူ ထပ်ရှင်းပြလျှင်လည်း အမှားများသာ ပါလာမည်ဖြစ်သောကြောင့် တိတ်ဆိတ်စွာ နေလိုက်၏။

သို့သော် ခတ္တာ၏ ဒေါသက သူထင်သည်ထက် ပိုပြင်းထန်၍ နေသည်။

အားပါးတရပြောရွှဲဝလျှင် ခတ္တာသည် သူ့အား စိမ်းစိမ်းကြည့်ကာ အတင်းပြတ်ဆုံးသော စကားကို ဆိုလေ၏။

''မောင်ကြီးဟာ အရင်လို မဟုတ်ဘူး၊ အရမ်း
ပြောင်းလဲသွားခဲ့ပြီ၊ ဒါကြောင့် နှမတို့ ဒီဘဝ
ရေစက်ကုန်ပြီလို့ပဲ မှတ်လိုက်ပါတော့မယ်၊
နှမ ... အစ်ကိုကြီးနဲ့ အတူနေခဲ့တဲ့ တောရွာကို
ပြန်ဖို့ ဆုံးဖြတ်လိုက်ပါပြီ''



ယင်းမှာ နောက်ဆုံးစကားပင်ဖြစ်လေ၏။

ရင်နာရုံကလွဲလို့ သူဘာများ တတ်နိုင်ပါမည်လဲ။

နောက်ပိုင်း၌ ပြန်တွေးမိသလောက် ထိုနေ့က ခတ္တာ သူ့အား စွန့်ခွာသွားခြင်းမှာ သူ နောက်ကျမိသောကိစ္စထက် ပိုလိမ့်မည်ထင်၏။

ဘယ်လိုမှ မနီးစပ်နိုင်တော့မှန်း သိသည့်အတွက် အဝေးပြေးသွားခြင်းပင်လော။

သူကတော့ သက်ပြင်းကိုသာ အခါခါ ချမိပါလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့်ပင် ခတ္တာသည် မောင်ခြိမ့်စိတ်ထဲ၌ တဖြည်းဖြည်းမှုန်ဝါးလာသလို ရှိချေ၏။

သူတို့ ဘဝတွေချင်းက တခြားဆီ။

မောင်ခြိမ့်မှာလည်း များပြားလွန်းလှသည့် အလုပ်တာဝန်တွေနှင့် မဟုတ်လား။

သို့သော် ဘယ်လောက်တာဝန်တွေများများ သူ့ရင်ထဲ မေ့လျော့မထားနိုင်သူတစ်ယောက်တော့ရှိ၏။

စန္ဒာဝတီ ပင်ဖြစ်ချေ၏။

မသင့်လျော်မှုန်း သိလျက်က မောင်ခြိမ့်မှာ သူမအား မေ့ဖျောက်၍ မရ။



ကိုယ့်ကိုယ်ကိုတော့ ဆင်ခြေကန်မိ၏။

ဒီလောက်ပါပဲ။ ဒီထက်ပို တိုးလာစရာမရှိပါဘူး ဟူ၍ပင်။

ဘုရင့်မိဖုရားခေါင်ကြီးနှင့် သာမာန် ကိုယ်ရံတော် တပ်မှူးလေးတို့မှာလည်း အဝေးမှ သတိရနေရုံ အပြင် ဘာများ ဆန်းပြားချင်လို့ရနိုင်မှာမို့လည်း။

ဒီလိုပဲ ကြာရင် သူ့စိတ်တွေ အနည်ထိုင်သွားနိုင်လိမ့်မည်ဟု ထင်မိခဲ့၏။

အကယ်၍ ဘုရင်းမင်းမြတ်၏ ရုပ်ဖျက် တိုင်းခန်းလှည့်လည်သော ခရီး၌သာ သူ မပါဝင်ခဲ့ရပါက စန္ဒာဝတီနှင့်ပတ်သက်သော သူ့ခံစားချက်များမှာ ထိုအတိုင်း အေးဆေးသွားလိမ့်မှာပင်ဖြစ်ပါသည်။

✸

www.burmeseclassic.com

www.burmeseclassic.com



မထင်ရှားသော အချိန်ကာလတစ်ခုတွင် နန်းတော် မြို့တံခါးဝဝယ် လူတစ်စုတို့မှာ မထင်ရှားစွာ ထွက်ပေါ်လာကြလေ၏။

သူတို့အားလုံး သာမန်အရပ်သား ခရီးသွားကုန်သည်များကဲ့သို့ ဝတ်ဆင်ထားကြသည်။ ရှေ့ဆုံးမှ ဘေးဘီဝဲယာကို အကဲခတ်သလိုကြည့်ရင်း ထွက်လာသူမှာ မောင်ခြိမ့်ဖြစ်သည်။

သူ၏နောက်တွင်တော့ ဥပမိရုပ် ခန့်ညားလှသော လူတစ်ဦးသည် တည်တည်ငြိမ်ငြိမ်လိုက်ထွက်လာရင်း သြဇာသံပါပါဖြင့် နောက်လှည့်ပြောလေ၏။

"ကဲ … ကျုပ်နှင့်အတူ လိုက်ပါလာတဲ့ တပ်မှူးကအစ ရဲမက်များအားလုံး အခုကစပြီး ကျုပ်ကို သာမန် အရပ်သားလိုပဲ ယူဆလိုက်ပါ၊ လေသံအခေါ် အဝေါ်တွေကအစ ဂရုစိုက်ရမယ်၊ အရှင် မင်းကြီးလို့ မခေါ်ကြနဲ့၊ ထီးသုံး နန်းသုံးစကားတွေကို ဒီမြို့တံခါးမှာပဲ ခေတ္တထားခဲ့ရမယ်"



ထိုသူသည်ကား ပြည့်ရှင်ဘုရင်ပင် ဖြစ်ချေသည်။ သူ၏လက်ကို ဆွဲ၍ နောက်တော်ပါးက ပါလာသူမှာ စန္ဒာဝတီပင်။ သူမသည်လည်း သာမန် အရပ်သူတစ်ယောက်၏ အဆင်အပြင်မျိုးနှင့်။ သို့သော် နွမ်းပါးသော အဝတ်တန်ဆာများက သူမအလှကို မဖုံးနိုင်စွမ်းချေ။ နန်းတော်ထဲတွင် ရွှေငွေကျောက်မျက်ရတနာစီခြယ်သော အဆောင်အယောင်များကြား၌ နေစဉ်ကလည်း တင့်တယ်၏။ ယခုလည်း လှပနေပါသေးသည်။

ခရီးလမ်းကြမ်းသောကြောင့် မလိုက်ရန် တားခဲ့သော်လည်း ဘုရင်မရှိသောနန်းတော်ထဲ၌ ပျင်းရိလှပါသည်ဟု အတန်တန် ခွင့်ပန်သောကြောင့် ဘုရင်ကြီးမှာ မည်သို့မှ မတတ်သာဘဲ ခေါ်ခဲ့ရခြင်း ဖြစ်လေသည်။

သူတို့မှာ ရှာငယ်ဇနပုဒ်များကို အစိက လှည့်လာလိုသည်ဖြစ်၍မြို့ပြများကို ဖယ်ကျဉ်ကာလာခဲ့ကြသည်။

နန်းတော်တောင်ဘက်တွင် တောအုပ်တစ်ခုရှိသဖြင့် ထိုတောအုပ်မှဖြတ်ကာ ရွာငယ်များဆီသွားရန် ဆုံးဖြတ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆို မြို့ပြများအား ဖြတ်သန်းရန်မလိုပဲ ရွာများသို့ တိုက်ရိုက်ရောက်နိုင်ပေလိမ့်မည်။

သို့ဖြင့် ...

သူတို့လူစု တောထဲမှ ဖြတ်၍လာခဲ့ကြသည်။ စမ်းချောင်းလေးတစ်ခုအနားအရောက်တွင် စန္ဒာဝတီက

"မောင်တော် ... ဒီအနားက စမ်းချောင်းလေးနဲ့ သစ်ရိပ်ဝါးရိပ်ကလည်း ကောင်းဆိုတော့ အတော်သာယာတာပဲ၊ နမတော်တို့ ဒီနေရာမှာ ခဏနားရအောင်"

ဟု ဆိုလေသည်။ စန္ဒာဝတီစကားကြောင့် မောင်ခြိမ့် ရှေ့မှသွားနေရင်းမှ လှည့်ကြည့်လိုက်သည်။ နေပြောက်ပင် မထိုးသော စိုစွတ်အေးမြနေသည့် တောထဲတွင်ပင် စန္ဒာဝတီ၏ မျက်နှာမှာ ချွေးစို့နေချေပြီ ဖြစ်သည်။ ထို့ကြောင့် မင်းကြီးက ...

"ကဲ ... ရောင်းရင်းတို့၊ ဒီမယ် ကျုပ်နမက နားချင်တယ်တဲ့၊ ရောင်းရင်းတို့ရော ဒီမှာ နားကြမလား"



ဟု လှမ်းမေးလိုက်လျှင် ရဲမက်များမှာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပြုံးကြလေသည်။ သာမန်ဆင်းရဲသားအဝတ်အစားများ ဝတ်ဆင်ထားသော်လည်း သခင်နှင့် ကျွန်ဖြစ်သည့်အတွက် တရင်းတနှီး ခေါ်ပြောရန် မဝံ့မရဲ ဖြစ်နေကြသည်။ မောင်ခြိမ့်ကခရီးသွားအဖွဲ့၏ ရှေ့ဆုံးမှ သွားလာသူနေရာတွင် နေရသောကြောင့် ...

"ကဲ ... တို့ ဒီနားမှာ ခရီးတစ်ထောက်နားမယ်ဟေ့"

ဟု အော်လိုက်လျှင် အားလုံး သစ်ပင်ရိပ်များအောက်၌ ထိုင်၍ အနားယူလိုက်ကြလေသည်။

ခဏအကြာမှပင် သူတို့ ခရီးပြန်ဆက်ကြလေ၏။

သူတို့ခရီးဆက်လာကြရာ အလွန်ကျဉ်းမြောင်းလှသော လှိုဏ်ကြီးတစ်ခုထဲသို့ ရောက်လာသည်။ထိုနေရာမှ ဆက်သွားရာ လမ်းတစ်ခုပေါ်သို့ ရောက်လျှင် မောင်ခြိမ့်သည် ပတ်ဝန်းကျင်ကို လှည့်ပတ်၍ အကဲခတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



၏။ တောတွင်းတစ်နေရာ၌ လူသွားလမ်းဟောင်းလေး မြင်လိုက်ရသောကြောင့်လည်း စိတ်ထဲတွင် သက်သာ မကင်း ဖြစ်သွားသည်။

ဘုရင်မင်းကြီးအား လှမ်းသတိပေးရကောင်းမလား စဉ်းစားလိုက်မိသည်။ သို့သော် သူတို့ဆိုင်းနေမိစဉ်မှာပင် အဖြစ်အပျက်တို့မှာ လျှင်မြန်စွာ ဖြစ်ပေါ်လာခဲ့လေ၏။

လမ်းဘေးတစ်ဖက်တစ်ချက်ရှိ သစ်ပင်များပေါ်မှ ဓားရှည်ကိုယ်စီဖြင့် လူများ အသီးသီး ခုန်ဆင်းလာကာ သူတို့လူစုအား ဝိုင်းထားလိုက်ကြလေသည်။

ချက်ချင်းပင် မောင်ခြိမ့် အခြေအနေကိုသဘောပေါက်သွားပြီး ဘုရင်၊ မိဖုရားတို့နှင့် အနီးဆုံးနေရာသို့ ဆုတ်ကာ ရန်သူများကို ရင်ဆိုင်လိုက်သည်။ မျက်နှာပေါ်တွင် အဝတ်နက်များ စည်းထားသော ဤလူစုမှာ တောပုန်းဓားပြများပင် ဖြစ်မည်ဟု မောင်ခြိမ့် တွက်လိုက်သည်။ လူ သုံးဆယ်ခန့်ရှိသော ဓားပြများကို ပြန်လည်ခုခံရန် သူတို့မှာ အင်အားချင်းမမျှ။ သို့သော် ဘုရင့်တပ်မှ



လက်ရွေးစင် ခေါ်လာသော ရဲမက်များမှာလည်း သတ္တိအရာ၌ ခေသူများ မဟုတ်ပါချေ။

မကြာမီမှာပင် ...

နဂိုက အေးမြငြိမ်းချမ်းခဲ့သော တောတွင်းလမ်းကလေးတစ်နေရာ၌ ...

အလွန်ပြင်းထန်သော တိုက်ပွဲ တစ်ခု ဖြစ်ပွားခဲ့တော့သည်။ ဓားချင်း ထိခတ်ရာမှ ထွက် ပေါ်လာသော အသံများမှာ ဆိတ်ငြိမ်သော ပတ်ဝန်းကျင်ကို ဆူညံပွက်ထသွားစေခဲ့၏။

သူတို့လူစုမှာ လက်ရည်သာသော်လည်း အင်အားချင်း ကွာနေသည်က အတားအဆီးတစ်ခု ဖြစ်နေသည်။

နောက်ဆုံး ...

အခြေအနေမဟန်မှန်း သိတော့သည်နှင့် ...

မောင်ခြိမ့်မှာ ဘုရင်နှင့်မိဖုရားကို ကာကွယ်ခေါ်ဆောင်ကာ လွတ်ရာသို့ ထွက်ပြေးခဲ့ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒရောသောပါး ထွက်လာခဲ့ကြသည်မှာ နောက်သို့ပင် လှည့်မကြည့်နိုင်အား …

ဓားပြများနှင့် ဝေးရာသို့ရောက်မှပင် သူတို့မှာ ခေတ္တ အမောဖြေနိုင်လေတော့၏။

အတူလာခဲ့သော ရဲမက်များလည်း ဘယ်ဆီသို့ ပြေးကုန်သည် မသိရ။ တိုက်ပွဲ၌ပင် ကျဆုံးခဲ့ပြီလော မသိနိုင်ပြီ။

ဆက်လာရင်းမှပင် သူတို့သည် အကျွမ်းမဝင်သော လမ်းများဆီ ရောက်ရှိလာကြလေတော့၏။

ဆက်တိုးသွားလေလေ ဒေသစိမ်းသို့ ရောက်လာခဲ့ကြလေလေ။ တောသိပ်မနက်လှသော်လည်း လမ်းပင် ကောင်းကောင်းမပီပြင်သော အရပ်ဆီ ရောက်လာခဲ့ကြလေ၏။

ဓားပြများ လိုက်လာမှာစိုးသည်မို့ နောက်သို့လည်း လှည့်မပြန်ရဲ။ လျှောက်ရင်းသားမှ သူတို့မှာ တဝဲလည်လည် ဖြစ်စပြုလာလေ၏။

အချိန်ကလည်း မှောင်ရီပျိုးစပြုလေပြီ။



အရှင်မင်းကြီးကပင် ငြီးငြူစပြု၏။

“တို့တွေ လမ်းပျောက်ပြီနဲ့ တူပါတယ်ကွယ်”

“အားတင်းပါ အရှင်၊ ကျွန်တော်မျိုးကြီးရှိပါတယ်၊ ခုတော့ ညနေစောင်း အလင်းရောင်နည်းပြီမို့ လမ်းမှန်ရှာလို့ မလွယ်ပေမယ့် နံနက်လင်းတာနဲ့ ဒီနေရာကနေ ရအောင် လမ်းရှာထွက်ပါ့မယ်”

“ကဲ ဒါဆိုလည်း ဒီမှာပဲ တစ်ထောက်နားကြတာပေါ့ကွယ်၊ တော်တော်ကြာတောနက်ထဲထိ ရောက်သွားမိရင် သားရဲနဲ့တွေမှာ စိုးရတယ်”

မင်းကြီးက လမ်းတစ်နေရာရှိ အရိပ်ကောင်းသော သစ်တစ်ပင်ကိုမြင်သည့်အခါ ပြောလိုက်သည်။

ထိုသို့ဖြင့် သူတို့ ထိုနေရာမှာပင် စခန်းချဖြစ်ခဲ့သည်ပေါ့။

မောင်ခြိမ့် စိတ်ထဲကတော့ ကြုံးရွားနေ၏။

“ငါလို သူခိုးတစ်ယောက်ကိုမှ လမ်းကပျောက်ရသတဲ့လား၊ ခုတော့ အချိန်ကလင့်သွားတာမို့

www.burmeseclassic.com

www.burmeseclassic.com



နေနှင့်ဦးပေါ့ကွယ်၊ မနက်ကျမှ ငါ့အကြောင်း
သိစေရမပေါ့"

နံနက်ဖြန် မနက်အစောကြီးထကာ လမ်းရှာမည်ဟု တေးထားလိုက်မိ၏။

သို့သော် မမျှော်လင့်ပဲ ဖြစ်ပေါ်လာသောကိစ္စတစ်ရပ်ကြောင့် သူမှန်းသလို လုပ်ခွင့်မရခဲ့ပါချေ။

✸



နောက်တစ်နေ့မှာပင် ...

မင်းကြီးမှာ ခရီးပန်းသော အရှိန်ကြောင့် အပြင်းဖျားလေတော့သည်။ စန္ဒာဝတီမှာ ဘာလုပ်လို့ ဘာကိုင်ရမယ်မှန်းမသိ။ ညှိုးရော် နွမ်းလျသော အသွင်ဖြင့်သာ ...

"စန္ဒာတို့ အခု ဘယ်ရောက်နေကြတာလဲ၊
ဘာဆက်လုပ်ကြရမလဲဟင် တပ်မှူး"

ဟု အာကိုးတကြီး မကြာခဏ မေးမြန်းလေ၏။ မောင်ခြိမ့်မှာ တတ်နိုင်သမျှ နှစ်သိမ့်ရသည်ပေါ့။

"ဘာမှမစိုးရိမ်ပါနဲ့ မိဖုရားကြီး၊ ကျွန်တော်မျိုး
အသက်စွန့်ပြီး ကာကွယ်ပါ့မယ်"

ထိုအခါ စန္ဒာဝတီသည် စိတ်မရှည်သောလေသံဖြင့် ...

"တပ်မှူး အသက်စွန့်ကာကွယ်မယ်ဆိုတာ ယုံ
ပါတယ်၊ ဒါပေမဲ့ မောင်တော်ဘုရား အခုလို
အပြင်းဖျားနေတော့ ဒီတောထဲမှာ ကြာရှည်နေ
လို့ ဖြစ်မယ်မထင်ဘူး၊ ပြီးတော့ ထွက်ပြေးလာ

www.burmeseclassic.com

www.burmeseclassic.com



တာ ရိက္ခာတွေလည်း ပါမလာတော့ဘူး၊ ဘယ့်နှယ် လုပ်မလဲ၊ ဒီတောထဲက မြန်မြန်ထွက်ချင်ပြီ၊ တပ်မှူး လမ်းသိရင် ပြန်ကြရအောင်”

ဟု ဆိုလေသည်။

“အမြန်ဆုံး နန်းတော်ကို ပြန်နိုင်အောင် ကျွန်တော်မျိုး ကြိုးစားပါ့မယ်၊ အခုတော့ မင်းကြီး အနားမှာ စောင့်ရှောက်နေရစ်ပါ၊ ကျွန်တော်မျိုး စားစရာ သစ်သီးတစ်ခု သွားရှာလိုက်ပါဦးမယ်”

ဟု သူပြောပြီး တောထဲသို့ သစ်သီးရှာထွက်ခဲ့လေသည်။

♣ ♣ ♣



သူ သစ်သီးများရှာပြီး ပြန်လာချိန်တွင်တော့ သစ်ပင်အောက်တွင် အဖျားတက်ကာ သတိလစ်မတတ်ဖြစ်နေသော မင်းကြီးကိုသာတွေ့ရပြီး မိဖုရား စန္ဒာဝတီကို မတွေ့ရသောကြောင့် စိုးရိမ်သွားမိသည်။ စန္ဒာဝတီကို ရန်သူများ ဖမ်းသွားလေပြီလားဟု တွေးလိုက်မိ၏။ အနီးအနား ပတ်ဝန်းကျင်တွင် သူ စန္ဒာဝတီအား လှည့်ပတ်ရှာမိသည်။

ထိုစဉ်မှာပင် ရေစို လုံချည်နှင့် လျှောက်လာသော စန္ဒာဝတီကို သူ တွေ့လိုက်ရလေ၏။

“ဒီနားမှာ စမ်းချောင်းလေး တစ်ခုရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးရဲ့၊ ဒီကနေ စမ်းရေစီးသံကို ကြားလိုက်ရတော့ ဧရချိုးချင်တာနဲ့”

စန္ဒာဝတီသည် စကားကို တစ်ဝက်မှာပင် ရပ်တန့်၍ သူ့မျက်နှာကို မော့ကြည့်လာသည်။ သူသည် လက်တစ်ကမ်းအကွာ၌ ရပ်နေသော စန္ဒာဝတီအား သတိလက်လွတ် ငေးကြည့်နေမိသည်။

ရေစိုနေသော ထဘီက သူမ၏ ကိုယ်ပေါ်တွင် ကပ်နေသောကြောင့် ခန္ဓာကိုယ်ကောက်ကြောင်းတစ်ခုလုံးမှာ အထင်းသား။ သူ၏ ရူးရဲသော အကြည့်ကြောင့် စန္ဒာဝတီတစ်ယောက် ရှက်ရွံ့ကာ သစ်ပင်ခြေရင်းမှ အဝတ်အစားများကို သွားယူပြီး အလျှင်အမြန် ဝတ်ဆင်လိုက်၏။

သူမ လှည့်ကြည့်လာသောအခါ နှစ်ဦးသား မျက်ဝန်းချင်း ဆုံမိကြပြီး အမျိုးအမည်မသိသော ဝေဒနာတစ်ရပ် နှစ်ဦးလုံး၏ ရင်ထဲတွင် ရုတ်တရက် ဖြစ်ပေါ်လာခဲ့ရသည်။ စန္ဒာဝတီက မျက်လွှာချ၍ ဦးစွာ မျက်နှာလွှဲ သွားသည်။ မောင်ခြိမ့်စိတ်ထဲတွင်တော့ စန္ဒာဝတီ



အား ပိုင်ဆိုင်လိုစိတ်များ တရိပ်ရိပ်ဖြစ်ပေါ်လာခဲ့လေ၏။

သစ်ပင်ခြေရင်းတွင် အဖျားရှိန်ကြောင့် မှိန်းမောနေသော မင်းကြီးကို ကြည့်ပြီး သူ၏ညာလက်သည် ဓားရိုးပေါ်သို့ ရောက်သွားသည်။ အခုနေ မင်းကြီးကို လုပ်ကြံ၍ စန္ဒာဝတီအား သိမ်းပိုက်လိုက်ရင် ကောင်းမလား။

ရင်ထဲမှ ပြင်းပြသောဆန္ဒစိတ်သည် ဆင်ခြင်တုံတရားနှင့် ခက်ခဲစွာ အားပြိုင်နေရလေ၏။

ခုနက ဖျပ်ကနဲ မြင်လိုက်ရသော ရေစိုထမိန်အောက်မှ ပြည့်ဖြိုးလှပသော ခန္ဓာကိုယ်ကောက်ကြောင်းမှာ မျက်လုံးထဲကမထွက်။

ရင်ထဲ တငွေ့ငွေ့တောက်လောင်နေသော ဆန္ဒမီးကို ကြိုးဖြေလွှတ်လိုက်ရန်မှာ လက်တစ်ကမ်းမျှသာ ဖြစ်လေသည်။

အကြာကြီး ...

သူ ချီတုံချတုံ ဖြစ်နေမိသည်မှာ အချိန်အတော်လင့်သွားသည်အထိပင်။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးက မျက်လုံးများတစ်ချက်ပွင့်ဟလာကာ သူ့အားလှမ်းကြည့်လေသည်။ ပါးနပ်လှသူတစ်ယောက် ပေမို့ သူဖြစ်နေသည်ကို ရိပ်မိသွားလောက်ပါသည်။

သို့သော် ဘာမှ မပြော။ ဝေဒနာကြောင့်လား၊ လျစ်လျူရှုသည်လားမသိ။ အသာအယာ မျက်စိပြန်မှိတ် သွားလေ၏။

ထိုစဉ်မှာပင် ...

ရုတ်တရက် တောအုပ်တစ်ဖက်ခြမ်းမှ လှသံ များကို သူ ကြားလိုက်ရသည်။

ယင်းမှာ သူ့အားရေရာသော ဆုံးဖြတ်ချက်တစ် ခု ချမိစေခဲ့ခြင်းပင် ဖြစ်လေ၏။

အသံတွေကြားကြားချင်းပင် ...

ဓားရိုးပေါ် တင်ထားသော လက်ကို ဆတ်ခနဲ ရုတ်၍ လဲနေသော မင်းကြီးကို ပွေ့ကာ သူ့ပခုံးပေါ်သို့ တင်ပြီး မိဖုရားလက်ကိုဆွဲလျက် နေရာမှ တရှိန်ထိုး ပြေးထွက်ခဲ့တော့သည်။

တော်ပါသေးသည်။



လှသံများမှာ ဓားပြများ ဟုတ်ပုံမရ။

ထို့ကြောင့် သူတို့ နောက်သို့ လိုက်လာသည်ကို မတွေ့ရပါ။ အတော်ဝေးဝေးရောက်မှ မင်းကြီးကို အသာ အယာ ပြန်ချ၍ ကြည့်လိုက်သည်။ မင်းကြီး အပြင်း အထန် ဖျားနာနေခြင်းမှာ နန်းတွင်းရှိ သမားတော်ကြီး များနှင့် ဂရုတစိုက် ကုသပေးမှဖြစ်မည်ကို သူ နားလည် လိုက်၏။

မောင်ခြိမ့်မှာ မင်းကြီးကို ပြန်လည်ထမ်းယူကာ နန်းတော်သို့ ပြန်ခဲ့တော့သည်။ မိဖုရား စန္ဒာဝတီကတော့ သူ၏ နောက်တွင် တိတ်ဆိတ်စွာ လိုက်ပါလာချေ၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ရက်သတ္တပတ်မျှအကြာမှာတော့

မောင်ခြိမ့်မှာ ရင်ထဲတွင် စိုးရွံ့ထိတ်လန့်လျက် မင်းကြီး၏ အတွင်းဆောင်သို့ စိတ်လှုပ်ရှားစွာ အခစား ရောက်ခဲ့ရလေသည်။

မင်းကြီးအား သလွန်ထက်တွင် ပြုံးရွှင်သော မျက်နှာဖြင့် စံစားနေသည်ကို ဖူးတွေ့ရ၏။ မင်းကြီး အနီးတွင်တော့ မင်းတိုင်ပင် အမတ်ကြီးများနှင့် သက်တော်ရှည် အမတ်ကြီးတို့ ရှိနေကြ၏။

မင်းကြီး၏ ရှေ့မှောက်တွင် သူ ပျပ်ဝပ် ရိုကျိုးစွာ ခစားလိုက်စဉ်မှာပင် မင်းကြီးက သက်တော်ရှည် အမတ်ကြီးအား စတင်မိန့်တော်မူလေတော့၏။



"ဘိုးဘိုးရေ ... လစ်လပ်နေတဲ့ ရွှေကိုက်ဝန် ရာထူးကို ဟောဒီက မောင်ခြိမ့်အား ချီးမြှင့်တော်မူရင် ကောင်းမယ်"

ထိုအခါ အမတ်ကြီးများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ သူတို့၏ မျက်ဝန်းတွင် အလိုမကျရိပ်များ စွန်းထင်းနေသော်လည်း မင်းကြီးအမိန့်မို့ လွန်ဆန်ဖို့ ခက်နေကြ၏။ သက်တော်ရှည် အမတ်ကြီးကမူ

"အရှင်မင်းကြီး ကျွန်တော်မျိုး တစ်ခုလောက် လျှောက်ထားပါရစေ"

"ဘာများလျှောက်ထားချင်လို့လဲ အမတ်ကြီး"

မင်းကြီးနှင့်တကွ အမတ်ကြီးများပါ သက်တော်ရှည် အမတ်ကြီး၏ စကားကို နားစွင့်နေကြသည်။

"မောင်ခြိမ့်ဟာ ရဲစွမ်းသတ္တိရှိပြီး တိုက်ရည်ခိုက်ရည်အရာမှာလည်း ညံ့တဲ့လူ မဟုတ်ပါဘူးဘုရား၊ သို့သော်လည်း မောင်ခြိမ့်၏ နောက်ကြောင်းကို သိထားပြီးဖြစ်တဲ့ မင်းကြီးအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တခြားရာထူးကို ချီးမြှင့်ပါက ပိုပြီး သင့်တော်ပါလိမ့်မယ် ဘုရား''

ဟု မစံ့မရဲနှင့် လျှောက်တင်လေသည်။ မင်းကြီးက ပြုံးရုံသာ ပြုံးပြီး ...

''အခုလတ်တလောမှာ ရှေ့တိုက်ဝန်ရာထူးဟာ လစ်လပ်နေတာပဲ မဟုတ်လား ဘိုးဘိုးရဲ့''

ဟု မေးလိုက်လျှင် သက်တော်ရှည်အမတ်ကြီးသည် သူ့ဘက်သို့ တစ်ချက် စောင်းငဲ့ကြည့်ပြီး ...

''မောင်ခြိမ့်ဟာ တစ်ချိန်က စောရတစ်ယောက် ဖြစ်တဲ့အတွက် သူ့ခိုး ရှေ့တိုက်စိုးခန့်တာ သင့်တော်မယ် မထင်ပါဘူး ဘုရား''

သက်တော်ရှည်အမတ်ကြီး၏ အဆုံးသတ်လျှောက်တင်သော စကားတို့ကြောင့် သူ့တစ်ကိုယ်လုံး ရှိန်းခနဲ ဖြစ်သွားသည်။ အမတ်ကြီးသည် အလွန်တိကျဖြောင့်မတ်သူတစ်ဦးဖြစ်ပြီး ဘုရင် အားထားရသောသူ ဖြစ်သည့်အတွက် အမတ်ကြီးနှုတ်မှ ယခုလို ထုတ်ဖော်ကန့်ကွက်လိုက်သောအခါ သူ့မျက်နှာကို ရေနွေးပူဖြင့်



အပက်ခံရသည့်နှယ် ခံစားလိုက်ရသည်။ သူ ငှက်ရှုံ့စွာ ခေါင်းကို တွင်တွင်ငုံ့ရင်း မင်းကြီး၏ အမိန့်စကားကို အသာ နားစွင့်နေမိသည်။

''တစ်ချိန်က သူ ဘာဖြစ်ခဲ့တယ်ဆိုတာ အရေးမကြီးပါဘူးလေ အခု ဘယ်လိုဆိုတာပဲ အရေးကြီးပါတယ်၊ ရှေ့တိုက်ဝန်ရာထူးဟာ သစ္စာရှိပြီး ယုံကြည်စိတ်ချရသူကိုသာ ခန့်သင့်တယ် မဟုတ်လား ဘိုးဘိုး''

''မှန်လှပါဘုရား''

''အဲဒီလို အရည်အချင်းတွေနဲ့ ပြည့်စုံသူဟာ တခြားမဟုတ်ဘူး အမတ်မင်းတို့၊ ဟောဒီက မောင်ခြိမ့်ပေပဲ၊ သူ့ကံလို့ပဲ ပြောရမှာပ၊ ငါကိုယ်တော်ဟာ သူ့ကို စမ်းသပ်ခွင့်ကြုံခဲ့တယ်၊ တကယ်တော့ လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တဟာ တကယ့် ဒိဋ္ဌမျက်မှောက် အကြပ်အတည်းကြားမှပဲ ပေါ်ထွက်လာတတ်တာမျိုးလေ၊ ဟောဒီက မောင်ခြိမ့်ဟာ သူ့ဖို့ဆုံးဖြတ်ရ

www.burmeseclassic.com

www.burmeseclassic.com



ခက်စေမယ့် အခြေအနေ အကြပ်အတည်းမှာ လမ်းမှန်ကို ရွေးနိုင်ခဲ့ပါတယ်၊ တခြားလူတစ်ယောက်ကို ဒီလိုလက်တွေ့မျက်တွေ့ စမ်းသပ်ဖို့ အခွင့်အလမ်းမျိုးကို ငါကိုယ်တော် ဘယ်တော့မှ ရနိုင်တော့မှာ မဟုတ်ဘူးလေ"

ဘုရင်က ဒီလောက်ပြောနေမှတော့ သက်တော်ရှည် အမတ်ကြီးလည်း မကန့်ကွက်ရဲတော့ပါ။

"မှန်လှပါ၊ အရှင်မင်းမြတ် ကိုယ်တော်တိုင် စမ်းသပ်လေ့လာပြီးမှ ရွေးချယ်ခဲ့တာဆိုရင်တော့ သင့်မြတ်လှကြောင်းပါဘုရား"

"ဟုတ်ပေတယ် မောင်မင်း၊ ငါကိုယ်တော် သေချာစဉ်းစားပြီးမှ မောင်ခြိမ့်ကို ဒီရာထူး ခန့်အပ်ဖို့ ဆုံးဖြတ်လိုက်တာပဲ၊ မောင်ခြိမ့်ဟာ ကိုယ်တော့်အသက်ကို ကာကွယ်ခဲ့ရုံတင်မကဘူး၊ သူ အမြတ်နိုးဆုံးတောင့်တတဲ့အရာကို တောင် စွန့်လွှတ်ပြီး သခင်ပေါ် သစ္စာစောင့်သိနိုင်သူ ဖြစ်တယ်၊ ဒါကြောင့် ငါကိုယ်တော် အမိန့်တော် မှတ်တော်မူမယ်"

မှူးမတ်များအားလုံး အမိန့်တော်နာခံရန် အနေအထားသို့ပြင်လိုက်ကြလေ၏။ ဘုရင်မင်းမြတ်က ပြတ်သားဟိန်းညံလှသော အသံကြီးဖြင့် ဆက်ပြောလေ၏။

"ယနေ့မှစ၍ မောင်ခြိမ့်အား ရွှေတိုက်ဝန် ရာထူး ခန့်အပ်၍ အဆောင်အယောင်များပါ ချီးမြှင့်ရမည်၊ အမိန့်တော်"

မင်းကြီးအမိန့်ဆုံးချင်းပင် အမတ်ကြီးများက တစ်ညီတစ်ညာတည်းလျှောက်တင်လိုက်ကြလေတော့သည်။

"လျှောက်ကန် သင့်မြတ်လှကြောင်းပါ ဘုရား"

မောင်ခြိမ့်မှာတော့ ဘာပြောရမယ်မှန်းပင်မသိတော့။ မင်းကြီးကို အံ့ဩဝမ်းသာစွာ မော့်ဖူးလိုက်သည်။

အလုံးစုံကို သိရှိနားလည်နိုင်လွန်းသောမင်းကြီး၏ မျက်ဝန်းများတွင် သနားကြင်နာခြင်း၊ ခွင့်လွှတ်သည်းခံခြင်း အရိပ်အယောင်များကိုလည်း နှစ်လိုဖွယ် တွေ့လိုက်ရပါလေတော့၏။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်

ရက်များမကြာမီ နံနက်ခင်းတစ်ခုမှာပင် ...

မောင်ခြိမ့်မှာ ရွှေတိုက်ဝန်၏ အိမ်တော်ဝတွင် တစ်စုံတစ်ယောက်အား စိတ်စောစွာ စောင့်မျှော်နေမိလေသည်။

လမ်းမထက်သို့ မျှော်ကြည့်ရင်း သက်ပြင်းကိုလည်း မကြာမကြာချမိ၏။ မကြာမီပင် ခပ်လှမ်းလှမ်းတစ်နေရာမှ မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရသောကြောင့် အိမ်တော်ဝသို ထွက်၍ စောင့်နေလိုက်မိလေ၏။

မကြာမီ ရှေ့ပြေးလုလင်ငယ်တစ်ဦးသည် သူ့



ရှေ့သို့ ရောက်လာလေသည်။

“အခေါ်လွှတ်သောသူများ ပြန်လည်ရောက်ရှိလာပါပြီ ဝန်မင်း”

“ကျုပ် ခေါ်ခိုင်းတဲ့လူ ပါရဲ့လား”

သူ မေးနေခိုက်မှာပင် မြင်းရထားကို ခြံရံလျှောက်လာကြသော လူများကို မြင်လိုက်ရသောကြောင့် ရှေ့ပြေးလုလင်ကို တွန်းဖယ်ကာ ခြံဝသို့ ခြေလှမ်းကြဲကြီးများဖြင့် ထွက်လာခဲ့မိ၏။ မြင်းခြောက်ကောင် က,သော ရထားသည် သူ့ရှေ့သို့ ရောက်သောအခါ ရပ်တန့်သွားပြီး ရထားဘေးပေါက်မှ ကန့်လန့်ကာလေး ဟ,သွားသည်။ သူ အလျင်စလိုနိုင်စွာ ရထားတံခါးကို ဖွင့်လိုက်လေသည်။

ရထားပေါ်မှ မိန်းကလေးမှာ ဖြည်းညင်းစွာဆင်းသက်လာသည်။ သူ ရင်ခုန်စွာကြည့်နေမိ၏။ ရထားပေါ်မှ ဆင်းလာချင်းပင် မိန်းကလေးမှာ သူ့ရှေ့တွင် ရှိသေစွာ ခေါင်းငုံ့ ရပ်နေသည်။ သူ လက်အစုံကို ကမ်းပေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် သူ ကမ်းပေးသော လက်ကို ရုတ်တရက် မကိုင်ရဲဘဲ ရှိချေသည်။ သူ့နှုတ်မှ တိုးတိုးလေး ခေါ်လိုက်၏။

"နှမ ခတ္တာ"

သူ့အသံကိုကြားလိုက်မှပင် မိန်းကလေးသည် ခေါင်းမော့လာကာ သူ့မျက်နှာကို စိုက်ကြည့်လေ၏။

"မောင်ကြီး"

ဟု တိုးတိုးလေးရေရွတ်သည်။ မိန်းကလေးမှာ သူ့ကိုကြည့်ကာ ပထမတော့ အံ့ဩနေသည်။

အစက ရွှေတိုက်ပန်း၏ တော်ကောက်ခြင်းကိုခံရသောကြောင့် သူမကိုယ်သူမ မယုံနိုင်အောင် ရှိနေသည်။

ယင်းမှာ သူမ ချစ်မြတ်နိုးရသောသူဖြစ်နေကြောင်းတွေ့လိုက်ရသောအချိန်တွင် ဝမ်းသာ၊ ဝမ်းနည်းဖြစ်ကာ မျက်ဝန်းမှ မျက်ရည်များသည် ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာတော့၏။

"မငိုပါနဲ့တော့ နှမရယ်"



ဟု ပြောရင်း ခတ္တာပါးမှ မျက်ရည်များကိုသူ သုတ်ပေးလိုက်သည်။

"မောင်ကြီး နားလည်လိုက်ပါပြီ၊ ဘဝမှာ လူတစ်ယောက်ဟာ ဆန္ဒစိတ်ထက် ဆင်ခြင်တုံတရားကို ဦးစားပေးပြီး ကိုယ့်ကိုယ်ကိုတည်ဆောက်သင့်တယ်၊ လုပ်ချင်တာတွေ လုပ်ဖို့ မသင့်လျော်တဲ့အခါ လုပ်သင့်တာတွေသာ အကောင်းဆုံး လုပ်ဆောင်ကြရမယ်ဆိုတာ သင်ကြားတတ်မြောက်သွားခဲ့ပြီ၊ အမှားအယွင်းတွေ ဗရပွနဲ့ပေမယ့် အကောင်းဆုံး ပြင်ဆင်ဖို့ သန္နိဋ္ဌာန်ချထားတဲ့ မောင်ကြီးရဲ့ ဘဝကို နှမလေးဆီ နှင်းအပ်ပါရစေ၊ ဒီနေ့ကစပြီး မောင်ကြီး နှမကို အသက်ထက်ဆုံး မြတ်မြတ်နိုးနိုး စောင့်ရှောက်ပါရစေကွယ်၊ မောင်ကြီး အခု မင်းကမြောက်စားလို့ ရွှေတိုက်ဝန် ဖြစ်သွားခဲ့ပေမယ့် တကယ်တော့ ဒီရာထူးရရှိခြင်းဟာ နှမလေးရဲ့ ကျေးဇူးတွေကြောင့်ပါ၊ ဒီ

www.burmeseclassic.com



ကျေးဇူးတွေအတွက် မောင်ကြီးရဲ့ မေတ္တာနဲ့ တုန့်ပြန်ပါရစေကွယ်"

ခတ္တာမှာ မျက်ဝန်းကလေးတစ်ချက် ဝင့်လာလေ၏။ ထို့နောက် မှုမှုနွဲ့နွဲ့ ဟန်ကလေးဖြင့် ပြောလေသည်။

"ကျေးဇူးဆပ်ချင်လို့ ခတ္တာကို ဒီခေါ်တာပေါ့လေ၊ ဟုတ်လား"

"ဒီလိုချည်းသက်သက်လည်း မဟုတ်ရပါဘူးကွယ် မောင်ကြီး ရင်ထဲမှာလည်း ခတ္တာနဲ့နီးစပ်ချင်လို့ပါ၊ အရင်က ခတ္တာကို ပစ်ပယ်ထားမိသလို ဖြစ်ခဲ့တဲ့ ကာလတွေအတွက် အစားလျော်ပေးပါရစေကွယ်"

ခတ္တာမှာ ခေါင်းပြန်ငုံ့သွားလေ၏။ ဘာမှတော့ မပြော။ ဆိတ်ဆိတ်နေခြင်းမှာ ဝန်ခံခြင်းပင် မဟုတ်ပေလား။

မောင်ခြိမ့်သည် ခတ္တာ၏ လက်ကလေးကို အသာအယာပင် ဆွဲကိုင်လိုက်ချေ၏။



ခတ္တာမှာ မရုန်းမဖယ်။

ခေါင်းကလေးတော့ အနည်းငယ် ပြန်ငုံ့သွားလေသည်။ သို့သော် မျက်ရည်စများ စွန်းပေနေသော မျက်နှာကလေးက ပြုံး၍နေသည်။

ဘေးမှာ လူတွေ ဝိုင်းကြည့်နေကြသည်ကို ယခုမှပင် သူတို့ နှစ်ယောက်လုံး သတိပြုမိကြ၏။

ရှက်ရွံ့လာသလိုဖြင့် မောင်ခြိမ့်မှာ ခတ္တာလက်ကိုဆွဲကာ စံအိမ်ပေါ်သို့တက်လှမ်းလိုက်သည်။

ခတ္တာမှာ အလိုက်သင့်လေးပင် သူနောက်ပါးမှ လိုက်ပါလာချေ၏။ ခတ္တာလက်ဖဝါးလေးတို့ဆီမှ နွေးထွေးမှုကို မောင်ခြိမ့် ခံစားမိရလေ၏။

သူမ၏ မျက်နှာကလေးသည်လည်း နှစ်ခြိုက်စွာ ပြုံး၍ နေလိမ့်မည်ကို လှည့်မကြည့်ပါဘဲလျက် မောင်ခြိမ့်တစ်ယောက် မြင်ယောင် နားလည်နေမိပါတော့သည်။

♣ ♣ ♣

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူဟာ သက်ရှိပဟေဠိတစ်ပုဒ် ဖြစ်တယ်။

သူ့ရဲ့ ...

အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားလုံးဟာ

တွက်ရခက်တဲ့ ပုစ္ဆာလို

ဘယ်သူမှ ဖြေဖြေမြစ်မြစ်မသိကြ။

သူ့အကျင့်က ကမ်းတန်းဒေါင်ရေကမ်ကက်တတ်သလို

ကမ်းတန်းဒေါင်လေညား ကြင်နာတတ်ပြန်တယ်။

သူ့ကို အနီးစပ်ဆုံး ဥပမာပေးရရင်

ဒဏ္ဍာရီတစ်ပုဒ် နဲ့တူလေရဲ့။

# ဒဏ္ဍာရီလူ

# ဒဏ္ဍကျော်စွာ

BURMESE CLASSIC .com

www.burmeseclassic.com